# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၇)၊ အမှတ် (၃၆၃)


## ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောကာယကံ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**

## လူ့အခွင့်အရေး မြှင့်တင်ရေး

◆ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အသိပညာပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်နေသလို အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း၊ အချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများ၏ နေထိုင်စားသောက်ရေး အခြေအနေများ သိသိသာသာ တိုးတက်ကောင်းမွန်လာနေပြီ ဖြစ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



## ဆည်၊ တမံများ ကြံ့ခိုင်မှုကို အထူးဂရုစိုက်ကြရန် မှာကြား

ကလေး စက်တင်ဘာ ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးအောင်ထူး၊ ဦးကျော်လင်းတို့နှင့်အတူ စက်တင်ဘာ ၂၇ ရက် ညနေပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ရောက်ရှိကြသည်။**

ယင်းနောက် ဒုတိယသမ္မတသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို မုံရွာမြို့ ချင်းတွင်းရိပ်သာ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လုပ်ငန်းဆောင်ရွက်ရမည့် အခြေအနေများကို ဖြည့်စွက်တင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✤

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကလေးမြို့ရှိ ရာဇဂြိုဟ်ရေလှောင်တမံတွင် ရေပိုလွှဲမှ ရေထုတ်လွှတ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်




**ကုလသမဂ္ဂ အထွေထွေညီလာခံ မိန့်ခွန်း**

**အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ တရားရုံးရဲ့ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်တဲ့ ဆုံးဖြတ်ချက်ကို မြန်မာအစိုးရက ပြတ်သားစွာ ပယ်ချ**

**မြန်မာနိုင်ငံဟာ ရောမသဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံမဟုတ်တဲ့အတွက် မြန်မာနိုင်ငံအပေါ် တရားစီရင်ပိုင်ခွင့်မရှိ**

စာမျက်နှာ » ၅၊ ၆


Established in 1958

ကာနဲရီ ®

အဆင့်မြင့်ချည်ချောလုံချည်

*The Ultimate Quality and Fastness.*

အရည်အသွေးနဲ့ ဆေးခိုင်ခံ့မှုရဲ့အဆုံးစွန်

ပင်ရင်း- ကာနဲရီ အထည်စက်၊ သဲတောမြို့၊ ဖုန်း- ၀၆၄-၂၀၅၀၁၃၁၊ ၀၆၄-၂၀၅၀၃၂၅

ရန်ကုန်ဖြန့်ချိရေး- အမှတ်(၂၀၇) မဟာဗောဓိ (၂) လမ်း၊ လှည်းတန်း၊ ကမာရွတ် စည်ပင်ရုံးအနီး၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၅၂၆ ၂၂၈၊ ၀၉ ၂၅၆၁၈၁ ၂၂၈

# ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် ရခိုင်ပြည်နယ်အရေး၏ သော့ချက်အဖြေ

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရို ကိုနို (Taro Kono)က ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ထုတ် ဝါရှင်တန်ပို့စ် (Washington Post) ၌ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ဆက်နွှယ်သော ဆောင်းပါး တစ်ပုဒ်ကို ရေးသားခဲ့ပါသည်။ ဆောင်းပါး၏ ခေါင်းစဉ်အဖြစ် "ကမ္ဘာကြီးက မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကူညီရမည်" ဟု ရေးသားထားခြင်းကပင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရို ကိုနို၏ အခြေခံသဘောထားကို ထင်ဟပ်နေပါသည်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားကြသူများ အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ဦးဆောင်ကိုင်တွယ်ရမည်မှာ ငြင်းပယ်၍မရသော ပကတိအရှိတရားဖြစ်ပါသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဤပကတိအရှိတရားကို အသိအမှတ်ပြု လက်ခံထားပါသည်။ သို့သော် ဤပကတိအရှိတရားကို အရေးမပါလေဟန် လျစ်လျူရှုလျက် "မြန်မာနိုင်ငံအပေါ် အရေးယူရန်" ဟစ်အော်နေကြသူများသည် ရခိုင်ပြည်နယ်ပြဿနာကို ပိုမိုနက်ရှိုင်းခက်ခဲစေရန် တွန်းပို့နေကြသူများသာ ဖြစ်ပါသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရို ကိုနို၏ ရပ်တည်ချက်မှာမူ ရခိုင်ပြည်နယ်ပြဿနာဖြေရှင်းနိုင်ရေးကိုသာ အာရုံစူးစိုက်ထားပါသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက "မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ဒုက္ခသည်များ ၎င်းတို့ဆန္ဒအလျောက် ဂုဏ်သိက္ခာရှိရှိ ဘေးအန္တရာယ်ကင်းကင်း ပြန်လည်အခြေချနေထိုင်ရေးကို သန္နိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဤနှစ်နိုင်ငံ၏ ကြိုးပမ်းမှုများကို ထောက်ခံအားပေး ကူညီရမည်ဖြစ်ပြီး ဤနှစ်နိုင်ငံအကြား အပြန်အလှန် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ခိုင်မာအားကောင်းလာစေရန် ဖန်တီးပေးရမည်ဖြစ်ပါသည်" ဟု ရေးသားထားခြင်းက အပြုသဘောဆောင် ချဉ်းကပ်မှု၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြတ်သားစွာ ဖွင့်ဆိုပြသနေပါသည်။

တစ်ဆက်တည်းမှာပင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးသည် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ရေရှည်တည်တံ့ခိုင်မြဲမည့် အဖြေရရှိရေး၏ သော့ချက်သည် "ဒုက္ခသည်များ ရခိုင်ပြည်နယ်သို့ အလျင်အမြန် ပြန်လည်ရောက်ရှိ အခြေချနေထိုင်နိုင်ရေးဖြစ်သည်" ကို မီးမောင်းထိုးတင်ပြထားပါသည်။ အဆိုပါသော့ချက်အရေး ကိုင်တွယ်ဖြေရှင်းနိုင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ဟန်ချက်ညီမျှတသော ဖြေရှင်းချက်တစ်ရပ်ရရှိရန် သိမ်မွေ့သောအခြေအနေတို့ ရင်ဆိုင်ရလျက်ရှိသည်ကို အသိအမှတ်ပြုလျက် ဂျပန်နိုင်ငံခြားရေးဝန်ကြီးက "ရခိုင်ပြည်နယ်အရေးအပေါ် အလျင်အမြန်တုံ့ပြန်ဖြေရှင်းမှုမရှိဟု ဒေါ်အောင်ဆန်းစုကြည်အား ဝေဖန်ခြင်းသည် လွယ်ကူသော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဆောင်ရွက်သင့်သည်မှာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အစိုးရကို အားပေးကူညီရေးသာ ဖြစ်ပါသည်" ဟု ရေးသားထားပါသည်။ ဤရေးသားချက်တို့ကို ကြည့်ရုံမျှဖြင့် မျှတသော စိတ်ထားရှိသည့် မိတ်ဆွေကောင်းတို့၏ စိတ်ဓာတ်ဟူသည် ပေါ်လွင်ထင်ရှားလာမည် ဖြစ်ပါသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရိုကိုနို၏ ဆောင်းပါး၌ မြန်မာနိုင်ငံအပေါ် အရေးယူရန် ဟစ်အော်တောင်းဆိုနေကြသော အင်အားစုတို့က လျစ်လျူရှုထားသည့် ပကတိအခြေအနေမှန်သုံးရပ်ကို အသိအမှတ်ပြု မီးမောင်းထိုးတင်ပြထားပါသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက မီးမောင်းထိုးပြထားသည့် ပထမဦးဆုံးသော ပကတိအခြေအနေမှန်မှာ မြန်မာနိုင်ငံသည် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အပါအဝင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီတို့နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးထားခြင်းဖြစ်ပါသည်။ ဤသို့ နားလည်မှုစာချွန်လွှာရေးထိုးခဲ့ခြင်းက ရခိုင်ပြည်နယ်အရေး လက်တွေ့ကိုင်တွယ်ဖြေရှင်းရာ၌ ကုလသမဂ္ဂတာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်ခွင့်ရရှိစေပြီး ဤအချက်က နေရပ်စွန့်ခွာသူများ ပြန်လည်အခြေချနေထိုင်မှု အောင်မြင်ရေး၏ မရှိမဖြစ် လိုအပ်ချက်ဖြစ်ခြင်းကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးက အသိအမှတ်ပြုထားပါသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး အသိအမှတ်ပြုထားသည့် ဒုတိယပကတိအခြေအနေမှန်မှာ "ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုအား မြန်မာနိုင်ငံ၏ ဦးဆောင်မှုဖြင့်သာ ပုံဖော်ဖန်တီးရမည်" ဟူသော အချက်ဖြစ်ပါသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တင်ပြထားသည့် တတိယ ပကတိအခြေအနေမှန်သည်လည်း အရေးကြီးသော အချက်တစ်ရပ်ဖြစ်ပါသည်။ ဤသည်မှာ ရခိုင်ပြည်နယ်အရေးသည် မျက်နှာစာပေါင်းစုံမှ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော ပြဿနာဖြစ်သည်ကို အသိအမှတ်ပြုလက်ခံခြင်းဖြစ်ပါသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဆောင်းပါးနိဂုံးချုပ်၌ "ရခိုင်ပြည်နယ်၏ တည်ငြိမ် ငြိမ်းချမ်းမှုအား မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအုတ်မြစ်များ ခိုင်မာတောင့်တင်းမှုကို လျစ်လျူရှုလျက် ဖော်ဆောင်နိုင်မည်မဟုတ်ပါ။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအား နည်းလမ်းမှားသုံး အလွန်အကျွံ ဖိအားပေးဖော်ဆောင်ခြင်းကို ရှောင်ရှားရမည်ဖြစ်ပါသည်" ဟု ရေးသားထားခြင်းက ရခိုင်ပြည်နယ်အရေး၏ သော့ချက်အဖြေကို တင်ပြထားခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## ဒုတိယဝန်ကြီး ဦးအောင်ထူး ရှမ်းပြည်နယ် တောင်ပိုင်း ကုန်သည်အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၆ ရက်က ကျင်းပသည့် ကုန်သည်အသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်သည် သယံဇာတပေါများကြွယ်ဝကြောင်း၊ ရှမ်းပြည်နယ်မှ ကုန်သည်လုပ်ငန်းရှင်များ၏ အင်အားသည် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုအတွက် အဓိကကျကြောင်း၊ အလုပ်သမား၊ လယ်သမားတို့၏ စီးပွားရေးကောင်းမွန်မှ တိုင်းပြည်စည်ပင်ဝပြောမည်ဖြစ်ပါကြောင်း၊ ကုန်သည်တွေကြီးပွားချမ်းသာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်သည်စက်မှုလက်မှုအသင်း ဖွံ့ဖြိုးရေးကို အမြဲအားပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးရှိ အခက်အခဲများကို အမြဲနားထောင်ပြီး ပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်ပေးလျက်ရှိကြောင်း၊ Market Economy အတိုင်း ဆောင်ရွက်ခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများဖြစ်ကြသည့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဝဥစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်း၊ ဆီလုပ်ငန်းရှင်များအသင်း၊ ပဲပြောင်း၊ နှမ်းကုန်သည်များ အသင်းတို့က တွေ့ကြုံနေရသည့် လုပ်ငန်းအခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်ဘူတာကြီးယာဉ်ဝင်ပေါက်သုံးပေါက် ဂိတ်ကြေးကောက်ခံခြင်း တင်ဒါခေါ်ယူ

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်ဘူတာကြီးဝင်းအတွင်း ယာဉ်ဝင်ထွက်ခကောက်ခံခြင်းလုပ်ငန်းတစ်နှစ်လိုင်စင်အတွက် တင်ဒါခေါ်ယူခြင်းကို စက်တင်ဘာ ၂၇ ရက်က ရန်ကုန်ဘူတာကြီး တိုင်းမန်နေဂျာရုံး၌ ကျင်းပခဲ့ရာ ယခင်ထက် နိုင်ငံတော်ဘဏ္ဍာ ပို၍ရရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်ဘူတာကြီး၏ဝင်ပေါက်သုံးပေါက်ဖြစ်သော ရိုးမဘဏ်အနီးဝင်ပေါက်၊ ဘူတာရှေ့ဝင်ပေါက်နှင့် ဘူတာညာဘက်ခြမ်းရှိ သိမ်ဖြူဝင်ပေါက်ဟူ၍ သုံးပေါက်ရှိပြီး ထိုယာဉ်ဝင်ပေါက်မှ တက္ကစီတစ်စီးလျှင်ငွေကျပ် ၁၀၀၊ ဟိုက်အေ့စ်တစ်စီးလျှင်ငွေကျပ် ၂၀၀ ကောက်ခံလျက်ရှိရာ အဆိုပါတင်ဒါ၏အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ သက်တမ်းအတွက် တင်ဒါ ကြမ်းခင်းဈေးမှာ ငွေကျပ် ၉၂၄ သိန်းဖြင့် ဈေးဖွင့်ခဲ့၍ တင်ဒါလျှောက်သူ ၂၀ တွင် ၁၀ ဦးက အပြိုင်တင်ဒါဆွဲရာ၌ ငွေကျပ် ၉၅၆ သိန်း ၂ သောင်းဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့မီနီဘတ်ဂျက်ခြောက်လမှာ ငွေကျပ်သိန်း ၄၄၀ နဲ့ တင်ဒါပေးခဲ့တယ်။ အခုဟာက တစ်နှစ်အတွက် နှစ်ဆဆိုတော့ ငွေကျပ်သိန်း ၈၈၀ ပေါ်မှာ ငါးရာခိုင်နှုန်းတိုးပြီး ငွေကျပ် ၉၂၄ သိန်းကို ကြမ်းခင်းဈေးသတ်မှတ်ပါတယ်။ ၁၈ ကြိမ်ထိ ပြိုင်တာ ငွေကျပ် ၉၅၆ သိန်း ၂ သောင်း နဲ့ ဒေါ်ခင်မြမြက တင်ဒါအောင်သွားတယ်" ဟု လက်ထောက် အထွေထွေမန်နေဂျာ(တိုင်း)ဦးစိုးမိုးအောင်က ပြောသည်။

**သန်းထိုက်**

## ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးသူငယ်များအား ထောက်ပံ့ကြေးပေးအပ်

**လဟယ် စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့်အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က လဟယ်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းဌေးက အမှာစကားပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးကိုင်ဝမ်က ထောက်ပံ့ကြေးပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

အဆိုပါ ထောက်ပံ့ကြေးကို လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ မီနီဘတ်ဂျက်တွင် လဟယ်မြို့နယ်အတွင်းရှိ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇ အုပ်စုနှင့် ကျေးရွာပေါင်း ၉၉ ရွာအတွက် ငွေကျပ်သိန်းပေါင်း ၉၁၇၁၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဆရာဝန် ဒေါက်တာ ထက်ဖြိုးဝေနှင့် ကျန်းမာရေးသားဖွားဆရာမများ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများတက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက် )**

## လားရှိုးမြို့၌ ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပမည်

**လားရှိုး စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ပြည်နယ်အဆင့် ရှမ်းနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၆ ရက်မှ ၉ ရက်အထိ ချယ်ရီမြိုင်အိမ်ရာဝင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပွဲတော်တွင် ရှမ်းရိုးရာဝတ်စုံ၊ ရှမ်းရိုးရာအစားအစာနှင့် ရှမ်းရိုးရာလက်မှုပစ္စည်းများ ပြသရောင်းချခြင်းအပါအဝင် ရှမ်းမောင်မယ်ရွေးချယ်ပွဲ၊ ရိုးရာအကအလှပွဲများ ပါဝင်မည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ရှမ်းလူမျိုးများ တွေ့ဆုံနိုင်ရန်၊ မိမိဒေသ၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ပြသနိုင်ရန်အတွက် သုံးနှစ်တစ်ကြိမ် ကျင်းပနေသည့် ပြည်နယ်အဆင့် ရှမ်းနှစ်သစ်ကူးပွဲတော်ကို ယခုနှစ် ရှမ်းသက္ကရာဇ် ၂၁၁၃ ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ကျင်းပခွင့် ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

ထင်သာမြင်သာပွင့်လင်းမြင်သာမှုစရာ

## ရေတာရှည်မြို့နယ်တွင် သဲဖုံးလွှမ်းသော ကျေးလက်လမ်းများ ခက်ခဲစွာသွားလာနေရ



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းနှင့်ဆက်စပ်လျက်ရှိသော ကျေးရွာများနှင့် ကျေးရွာချင်းဆက်စပ်နေသောလမ်းများအားလုံး ရေကြီးရေလျှံမှုတွင် သဲများဖုံးလွှမ်းခဲ့ရာ ဒေသခံများအနေဖြင့် လူမှုရေးကိစ္စများ၊ ကျန်းမာရေး၊ မြို့ကျောင်းတက်ရန်သွားလာကြရသည့် ကျောင်းသား ကျောင်းသူများအတွက်ပါ ခက်ခက်ခဲခဲသွားလာနေကြရသည်ကိုတွေ့ရှိရသည်။

"ကလေးတွေ စက်ဘီးနဲ့ ကျောင်းတက်လည်းဆင်းတွန်းရတယ်။ ဆိုင်ကယ်နဲ့သွားတဲ့သူတွေလည်း စီးလိုက်၊ တွန်းလိုက်ပါပဲ။ နေက ပူလာတော့ သဲကခြောက်ပြီး ပိုကျွံတယ်။ သွားရလာရ အလွန်ဆိုးပါတယ်" ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာမှ ဆွာမြို့သို့ သွားရန်ထွက်လာသူ ဒေသခံတစ်ဦးက ပြောသည်။

ဆွာချောင်းနံဘေးတစ်လျှောက် ဆက်စပ်ကျေးရွာများဖြစ်ကြသည့် ဆွာမင်းလမ်း၊ တံတားကြီး၊ ကညင်အိုင်၊ ရေနီး၊ သရက်တော ကျေးရွာများအပြင် လမ်းများပါ သဲများ ဖုံးလွှမ်းသွားခဲ့ခြင်းဖြစ်သည်။ ဆွာမြို့အရှေ့ဘက် ရေနီးကျေးရွာ ဆွာချောင်းတံတားတောင်ဘက်ခြမ်း ကျေးရွာများဖြစ်သည့် ကညင်အိုင်ကျေးရွာနှင့် တံတားကြီးကျေးရွာများမှာ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့် အရေးပေါ်ကျန်းမာရေးမကောင်းသည့် လူနာများအား ပုခက်ဖြင့်ထမ်းကာ မြို့ဆေးရုံသို့ တင်ပို့နေရခြင်းများရှိနေရာ ကျေးလက်လမ်းများပြုပြင်ဖောက်လုပ်ရန် ဆန္ဒရှိကြသော်လည်း ငွေကြေးအားဖြင့် အခက်အခဲရှိနေကြောင်း၊ မြို့နယ်အဆင့် ကျေးလက် လမ်းဦးစီးဌာနသို့ တင်ပြမှုများ ဆောင်ရွက်ရန်ရှိကြောင်း ဒေသခံများက ပြောသည်။ **သန်းလွင်**

✤ ရွှေဖုံးမှ

မုံရွာမြို့သို့ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ဒုတိယဝန်ကြီးများနှင့်အတူ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ရေဦးမြို့သို့ ရောက်ရှိကြပြီး မူးမြစ်ကူးတံတား (ရေဦး) တည်ဆောက်မည့် စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

**ပွင့်လင်းမြင်သာ ဆောင်ရွက်**

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးကျော်လင်းက မူးမြစ်ကူးတံတားဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရရှိသည့်ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ယခုစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံများ သိရှိနားလည်အောင် အသိပညာပေးရန်နှင့် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ရန် မှာကြားသည်။

**ရေဦး - ကလေးဝလမ်း စစ်ဆေး**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရေဦး - ကလေးဝလမ်း အဆင့်မြှင့်တင်ရန်လုပ်ငန်းများ စတင်ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ရေဦး - ကလေးဝလမ်း မိုင်တိုင်အမှတ် ၅၃/၀ နှင့် ၅၃/၆ အကြားရှိ ကျောက်စီ မြေကာနံရံ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

**တံတား ၆၉ စင်း အဆင့်မြှင့်တင်**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကလေးဝမြို့နယ် လမ်းအထူး(၇) ရိပ်သာသို့ရောက်ရှိကြရာ အိန္ဒိယနိုင်ငံ Punj Llyod-Varaha Infra Ltd (JV) ကုမ္ပဏီနှင့် NCSL-MTDCL JV ကုမ္ပဏီတို့မှ တာဝန်ရှိသူများက အိန္ဒိယနိုင်ငံအစိုးရ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်မည့် ယားကြီး - ကလေးဝလမ်း ၇၅ မိုင် ၅ ဖာလုံ လမ်းအပိုင်းအား နိုင်လွန်ကတ္တရာ ၂ လမ်းသွား အကျယ် ၂၄ ပေ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းနှင့် ကလေးဝ - တမူးလမ်းပေါ်ရှိ တံတား ၆၉ စင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စတင် အကောင်အထည်ဖော်မည့် အချိန်၊ ပြီးစီးမည့်အချိန်နှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်း တင်ပြကြပြီး ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မုံရွာ - ယားကြီး - ကလေးဝလမ်းသည် ၁၁၅ မိုင် ၅ ဖာလုံ ရှည်လျားသည်။ အဆိုပါ လမ်းအဆင့်မြှင့်တင်ရာတွင် မုံရွာမြို့မှ စတင်၍ မိုင် ၄၀ အထိ လမ်းပိုင်းကို မြန်မာနိုင်ငံအစိုးရက BOT စနစ်ဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး ကျန် ၇၅ မိုင် ၅ ဖာလုံကို အိန္ဒိယအစိုးရ၏ အထောက်အပံ့ငွေ အမေရိကန်ဒေါ်လာ ၁၈၀ သန်းဖြင့် လည်းကောင်း၊ ကလေးဝ - တမူး လမ်းပေါ်ရှိ တံတား ၆၉ စင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အိန္ဒိယအစိုးရ၏ အထောက်အပံ့ငွေ အမေရိကန်ဒေါ်လာ ၅၄ သန်းဖြင့် လည်းကောင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၅ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းများကို ၂၀၁၈ ခုနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အား မူးမြစ်ကူးတံတား(ရေဦး) တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ဒုတိယဝန်ကြီး ဦးကျော်လင်း ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

**များစွာအကျိုးပြုနိုင်**

အဆိုပါ တမူး - ကလေးဝ - မုံရွာ လမ်းပိုင်းသည် အိန္ဒိယ - မြန်မာ - ထိုင်း သုံးနိုင်ငံ ဆက်သွယ်သည့် လမ်းမကြီးပေါ်တွင်ရှိပြီး ဒေသတွင်း ကုန်စည်စီးဆင်းမှုကို များစွာအကျိုးပြုနိုင်မည့် လမ်းပိုင်းတစ်ခုဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ကလေးဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၀၀ ကိုပေးအပ်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်က လက်ခံရယူသည်။

**ကလေးဝ-တမူးလမ်း ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကလေးဝ-တမူး လမ်းပေါ်ရှိ အဆင့်မြှင့်တင်မည့် တံတားများအား ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှု၊ ဆည်ရေပေးဝေနိုင်မှု၊ ဆည်အတွင်း နုန်းဝင်ရောက်မှု၊ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ၊ ရေပိုမိုသိုလှောင်နိုင်ရန် ဆောင်ရွက်ရမည့် အခြေအနေနှင့် ဆည်ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**လေ့လာဆန်းစစ်မှု ပြုလုပ်**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ဆည်ရေသိုလှောင်နိုင်သည့် ပမာဏပြည့်မီအောင်သိုလှောင်နိုင်ရန် နုန်းများဆယ်ယူရန်လိုကြောင်း၊ နုန်းဆယ်ယူခြင်းလုပ်ငန်း မဆောင်ရွက်မီ စနစ်တကျလေ့လာဆန်းစစ်မှုများ ပြုလုပ်၍ အထိရောက်ဆုံးနည်းလမ်းကို အသုံးပြုရန်လိုကြောင်း၊ နုန်းများကို စိုက်ပျိုးရေး လုပ်ငန်းများတွင် အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်ရန် ဆက်စပ်ဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုကြောင်း၊ ရာသီဥတုဖောက်ပြန်မှုများသည် နှစ်စဉ် ပုံမှန်ဖြစ်ပေါ်နေသည့်အတွက် ဆည်၊ တမံများကြံ့ခိုင်ရေးကို အထူး ဂရုစိုက်ကြရန်မှာကြားပြီး ရာဇဂြိုဟ်ရေလှောင်တမံ ရေပိုလွှဲမှ ရေထုတ်လွှတ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ဒေသခံများနှင့် တွေ့ဆုံ**

ယင်းနောက် ဒုတိယသမ္မတသည် စစ်ကိုင်းတိုင်းဒေသကြီး ခမ်းပါတ်မြို့သို့ ရောက်ရှိပြီး ဒေသခံများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တမူးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် ဒေသခံများက ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို တင်ပြကြရာ ဒုတိယသမ္မတက ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**တမူး - မိုရေး နယ်စပ်ကုန်သွယ်ရေးစခန်း**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အိန္ဒိယ - မြန်မာနယ်စပ်ရှိ တမူး-မိုရေး နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိကြရာ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးက နှစ်အလိုက် ကုန်သွယ်မှုအခြေအနေ၊ ပို့ကုန်အမယ်သစ်များ ပို့ဆောင်နေမှု၊ ကုန်သွယ်မှုလျင်မြန်စေရန် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်းပြီး ဒုတိယသမ္မတက တမူးကုန်သွယ်ရေးစခန်းနှင့် ဆက်စပ်လျက်ရှိသည့် တစ်ဖက်နိုင်ငံ မဏိပူရ်ပြည်နယ်ရှိ လူဦးရေ ၂ ဒသမ ၅ သန်းကျော်သည် ၎င်းတို့အတွက် လိုအပ်သော ကုန်စည်များကို အိန္ဒိယပြည်မကြီးနှင့် မိမိတို့နိုင်ငံဘက်မှ ပို့ကုန်များအပေါ် မှီတည်လျက်ရှိကြောင်း သိရှိရပါသဖြင့် မိမိတို့အနေဖြင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်သည့် အခွင့်အလမ်းရှိနေပါကြောင်း၊ ထို့ကြောင့် ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ၏ ဈေးကွက်နှင့် ဝယ်လိုအားကို စဉ်ဆက်မပြတ်လေ့လာနေရန် လိုကြောင်း၊ ကုန်သွယ်ရေးအပြင် ခရီးသွားလုပ်ငန်းအတွက်ပါ ထည့်သွင်းစဉ်းစားပြီး ပြင်ဆင်ထားရန်လိုကြောင်း၊ နှစ်နိုင်ငံအကြား ဗီဇာအပြန်အလှန် လွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တမူးနယ်စပ်ဖြတ်ကျော်ဂိတ် အဆောက်အအုံ တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးသို့ ရောက်ရှိကြရာ ဒေသခံများက ရိုးရာယဉ်ကျေးမှုအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဒေသခံများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး၌ ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**နယ်စပ် ဝင်ထွက်ပေါက် ခြောက်ခု ရှိလာ**

တွေ့ဆုံစဉ် ဒုတိယသမ္မတက မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၈ ခုနှစ် မေ ၁၁ ရက်တွင် ချုပ်ဆိုခဲ့ပြီး တမူးနှင့် ရိဒ်ခေါဒါရ် နယ်စပ် ဝင်ထွက် ပေါက်များကို ၂၀၁၈ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခင်က ကော့သောင်း၊ မြဝတီ၊ တာချီလိတ်၊ ထီးခီး စသည့် နိုင်ငံတကာ နယ်စပ်ဝင်ထွက်ပေါက် လေးခုသာရှိခဲ့ပါကြောင်း၊ ယခုအခါ ရိဒ်ခေါဒါရ်နှင့် တမူး နိုင်ငံတကာနယ်စပ်ဝင်ထွက်ပေါက်များ ထပ်မံဖွင့်လှစ်နိုင်သည့်အတွက် ခြောက်ခု ရှိလာပြီဖြစ်ပါကြောင်း။

**ဝင်ငွေအများဆုံးရနိုင်**

နယ်စပ်ဝင်ထွက်ပေါက်များသည် ကုန်သွယ်ရေးအတွက်သာမက ခရီးသွားလုပ်ငန်းအတွက်ပါ များစွာအထောက်အကူပြုပါကြောင်း၊ လာမည့် အောက်တိုဘာ ၁ ရက်မှ စ၍ မကာအို၊ ဟောင်ကောင်နှင့် ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့ကို ဗီဇာကင်းလွတ်ခွင့် ပြုထားသဖြင့် နိုင်ငံတကာခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဟု မျှော်မှန်းထားပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် အရင်းအနှီးအနည်းဆုံးဖြင့် ဝင်ငွေအများဆုံးရနိုင်သည့် လုပ်ငန်းဖြစ်သည့်အတွက် ယင်းလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတကာ နယ်စပ်ဝင်ထွက်ပေါက်ရှိလာသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူများ အကျိုးစီးပွားသာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် တမူးကုန်သွယ်ရေးစခန်းနှင့် ဆက်စပ်နေသည့် လမ်း၊ တံတားများကို အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်ဖြင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ကုန်သွယ်မှုနှင့် ခရီးသွားလာမှုလုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးလာနိုင်မည်ဖြစ်ရာ ရရှိလာသည့်အခွင့်အလမ်းကို အမိအရဆုပ်ကိုင်၍ အကျိုးရှိရှိ အသုံးချစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ဒေသခံများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် အဖွဲ့ ဂျာမနီနိုင်ငံသို့ လေ့လာရေးခရီး ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၉**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဦးဆောင်သော မြန်မာ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီနိုင်ငံ Hanns Seidel Foundation ၏ ဖိတ်ကြားချက်အရ ဂျာမနီနိုင်ငံသို့ လေ့လာရေးခရီးစဉ်အဖြစ် ယနေ့ ည ၇ နာရီ ၄၅ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များအဖြစ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်သန်းငွေနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

သတင်းစဉ်

❖ ကျောဖုံးမှ

"နိုင်ငံတကာ ငွေကြေးခဝါချမှုများကို တိုက်ဖျက်ရာတွင် တရားရုံးများ၏ အခန်းကဏ္ဍ" (Role of Courts in the Fight Against International Money Laundering) ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါဖိုရမ်တွင် "နိုင်ငံတွင်း တရားမျှတမှုနှင့် နိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုအသစ်များ" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးဖလှယ်ကြပြီး အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ တရားရုံးစနစ်များအတွင်း တရားမျှတမှု ဖွံ့ဖြိုးလာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး အထောက်အကူရရှိစေရန်အတွက်လည်း ဆွေးနွေးဖလှယ်ကြခြင်း ဖြစ်သည်။ ယင်းဖိုရမ်သို့ အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဥပဒေပညာရှင်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ လေ့လာသူများ တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် စက်တင်ဘာ ၂၉**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ပေမှ လေးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးနှင့် အာဆီယံ-ကုလသမဂ္ဂ ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၂၉**

(၇၃) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်လျက်ရှိသော မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်ခွဲခေါင်းဆောင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် စက်တင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေး (Informal ASEAN Foreign Ministers' Meeting - IAMM) သို့ တက်ရောက်သည်။ **(ဓာတ်ပုံ)**

အစည်းအဝေးတွင် အာဆီယံမျှော်မှန်းချက် ၂၀၂၅ အကောင်အထည်ဖော်မှု အခြေအနေ၊ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရေး ကိစ္စရပ်များနှင့် လာမည့်နိုဝင်ဘာလတွင် စင်ကာပူနိုင်ငံ၌ကျင်းပမည့် (၃၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ထားရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် အာဆီယံ-ကုလသမဂ္ဂ ဝန်ကြီးအဆင့် အစည်းအဝေး (ASEAN Foreign Ministers' Meeting with the UN Secretary-General and the President of the 73rd United Nations General Assembly- AUMM) သို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres၊ (၇၃) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိ Ms. Maria Fernanda Espinosa Garces နှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး အာဆီယံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကိစ္စရပ်များကို ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

# သံအမတ်ကြီး ဦးအောင်လင်း Asia Cooperation Dialogue နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၉**

(၇၃) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်လျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်လင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့သည် စက်တင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် နယူးယောက်မြို့ St. Regis Hotel၊ Penthouse ၌ အထွေထွေညီလာခံ၏ sideline event အဖြစ် ကျင်းပသည့် Asia Cooperation Dialogue နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေး၏ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးတွင် အီရန်နိုင်ငံမှ ၂၀၁၈ - ၂၀၁၉ ခုနှစ်အတွက် ACD ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကာတာနိုင်ငံအား တာဝန်လွှဲပြောင်းပေးအပ်ခဲ့ပြီး ACD ၏ အတွင်းရေးမှူးချုပ်က ၂၀၁၇ - ၂၀၁၈ ခုနှစ်အတွင်း ACD ၏ အဓိကမဏ္ဍိုင်ခြောက်ခုတွင် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မဏ္ဍိုင်ခြောက်ခု အနက် အစားအစာ၊ ရေ၊ စွမ်းအင်ဖူလုံရေးမဏ္ဍိုင်၊ အပြန်အလှန် ဆက်နွယ်ရေးမဏ္ဍိုင်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးမဏ္ဍိုင်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချဉ်းကပ်နည်းများ တိုးမြှင့်ရေးမဏ္ဍိုင်များတွင် Prime Mover များအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် တရုတ်၊ ပါကစ္စတန်၊ အီရန်နှင့် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်များက လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် အီရန်နိုင်ငံ တီဟီရန်မြို့တွင် ကျင်းပမည့် တတိယအကြိမ်မြောက် ACD ထိပ်သီးအစည်းအဝေးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပမည့် တတိယအကြိမ်မြောက် ခရီးသွားလာရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးတို့ ရွှေ့ဆိုင်းခဲ့မှုအပေါ် ရှင်းလင်းပြောကြားခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများကိုလည်း အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ထိရောက်စွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။ အစည်းအဝေးတွင် ကာတာ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ကူဝိတ်၊ ကာဇတ်စတန်နှင့် ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များကလည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

၂၀၂၀ - ၂၀၂၁ ခုနှစ်အတွက် ACD ဥက္ကဋ္ဌ တာဝန်ကို တူရကီနိုင်ငံမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့်မြင့်အစည်းအဝေး၊ ကာတာနိုင်ငံ ဒိုဟာမြို့၌ တတိယအကြိမ်မြောက် ACD ထိပ်သီးအစည်းအဝေး၊ (၁၆) ကြိမ်မြောက် ACD ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ACD စီးပွားရေးဖိုရမ်တို့ကို ကျင်းပသွားရန်ရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**



# အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံးရဲ့ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်တဲ့ ဆုံးဖြတ်ချက်ကို မြန်မာအစိုးရက ပြတ်သားစွာ ပယ်ချ မြန်မာနိုင်ငံဟာ ရောမသဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံမဟုတ်တဲ့အတွက် မြန်မာနိုင်ငံအပေါ် တရားစီရင်ပိုင်ခွင့်မရှိ

## (၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက် မိန့်ခွန်းပြောကြား

**(၇၃) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲ၏ စတုတ္ထနေ့ အစည်းအဝေးကို စက်တင်ဘာလ ၂၈ ရက်တွင် အမေရိကန်၊ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ အထွေထွေညီလာခံခန်းမ၌ ကျင်းပရာ ဒေသစံတော်ချိန် ည ၈ နာရီတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်၍ အထွေထွေ မူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။**




(၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ မိန့်ခွန်းပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအနေဖြင့် နိုင်ငံအားလုံးအတွက် ဆီလျော်မှုရှိသည့် ပိုမိုကောင်းမွန်သော အဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရေးအတွက် အပြုသဘောဆောင်ပြီး ငြိမ်းချမ်းသည့်နည်းလမ်းများဖြင့် ချဉ်းကပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအစိုးရ၏ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်း၍ သဟဇာတရှိသော လူမှုအဖွဲ့အစည်းတစ်ရပ် ထူထောင်ရေးအတွက် ဆောင်ရွက်ချက်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအပါအဝင် ရေရှည်အဖြေကိုရှာနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို အလေးထား ပြောကြားသည်။

ထို့အပြင် လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့မှ မကြာမီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာနှင့် အပြည်ပြည်ဆိုင်ရာပြစ်မှုဆိုင်ရာ တရားရုံးမှချမှတ်ခဲ့သော ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တို့အပေါ် မြန်မာနိုင်ငံ၏ရပ်တည်ချက်နှင့် တာဝန်ခံမှုဆိုင်ရာ ကိစ္စရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရက ဖွဲ့စည်းခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဖြင့် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားမှုတို့ကို ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

**သဘာပတိကြီးခင်ဗျား၊**

ကျွန်တော်တို့ဟာ စိန်ခေါ်မှုများစွာ ဖြစ်ပေါ်နေတဲ့ အချိန်ကာလများမှာ အသက်ရှင်နေထိုင်ကြတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုနှစ် အထွေထွေညီလာခံရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **“ပြည်သူအားလုံးနဲ့ဆီလျော်တဲ့ ကုလသမဂ္ဂဖြစ်စေရေး- ငြိမ်းချမ်းမျှတပြီး ရေရှည်တည်တံ့တဲ့ လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်စေရေးအတွက် ကမ္ဘာကို ဦးဆောင်ပေးနိုင်မှုနဲ့ တာဝန်များ မျှဝေယူမှု”** ဟာ အင်မတန်မှ ကောင်းမွန်ဆီလျော်လှပါတယ်။ ဒီဆောင်ပုဒ်ဟာ ယနေ့ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ရှုပ်ထွေးတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ကြဖို့အတွက် အရေးပါတဲ့ ဒီအဖွဲ့အစည်းကြီးရဲ့ ကဏ္ဍကို မြှင့်တင်ပေးဖို့ လိုအပ်ချက်ကိုလည်း သတိပေးရာ ရောက်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာမှာ အချုပ်အခြာအာဏာ တန်းတူညီတူရှိမှုဆိုတဲ့မူ အပါအဝင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီးရဲ့ အခြေခံမူတွေကိုလည်း မေ့လျော့ထားလို့ မဖြစ်ပါဘူး။ ဒါ့အပြင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ လူသားချင်းစာနာမှုဆိုင်ရာ အကျိုးစီးပွားနဲ့ လူ့အခွင့်အရေးတွေကို မြှင့်တင်ကာကွယ်ရာမှာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများမှတစ်ဆင့် ဆောင်ရွက်မှ ရရှိနိုင်မယ်ဆိုတာကိုလည်း သတိရကြဖို့ လိုအပ်ပါတယ်။ ကုလသမဂ္ဂရဲ့ အပြည်ပြည်ဆိုင်ရာ ပါဝင်နေတဲ့ ဝိသေသလက္ခဏာကိုလည်း မမေ့လျော့သင့်ပါဘူး။

### အပြုသဘောဆောင် ငြိမ်းချမ်းတဲ့နည်းလမ်း

အပြုသဘောဆောင်ပြီး ငြိမ်းချမ်းတဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်မှသာ ကျွန်တော်တို့အနေနဲ့ နိုင်ငံအားလုံးနဲ့ ဆီလျော်တဲ့ ပိုမိုကောင်းမွန်သော ကုလသမဂ္ဂကြီးကို ဖန်တီးနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ မျှော်လင့်တောင့်တတဲ့ တာဝန်မျှဝေယူမှုများနဲ့အညီ ကမ္ဘာကို ဦးဆောင်ပေးနိုင်မှုကို အမှန်တကယ် ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းကြီးရဲ့ အခန်းကဏ္ဍအပေါ် မြန်မာနိုင်ငံရဲ့သဘောထားပြောင်းလဲသွားခြင်းမရှိဘူးဆိုတာကိုလည်း အလေးထားပြောကြားလိုပါတယ်။ ကမ္ဘာ့ရေးရာ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံတွေ အတူတကွ ပူးပေါင်းပြီး အဖြေရှာဖွေကြဖို့ ကုလသမဂ္ဂအဖွဲ့ကြီးထက် ပိုပြီးသင့်လျော်သော နိုင်ငံအပေါင်း ဆုံစည်းနိုင်တဲ့ နေရာမျိုး မရှိပါဘူး။

**သဘာပတိကြီးခင်ဗျား၊**

မြန်မာနိုင်ငံကို အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်း၍ သဟဇာတရှိသော လူမှုအဖွဲ့အစည်းတစ်ရပ် ထူထောင်ရေးအတွက် ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုတွေနဲ့ ပတ်သက်ပြီး ဒီအထွေထွေညီလာခံကြီးမှာ အသိပေးတင်ပြလိုပါတယ်။

### ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်

အေးချမ်းမှု၊ တည်ငြိမ်မှုမရှိတဲ့ နိုင်ငံတစ်နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မရရှိနိုင်ပါဘူး။ ဒါဟာ ကျွန်တော်တို့ရဲ့ခံယူချက်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ခြင်းခံထားရတဲ့ ကျွန်တော်တို့အစိုးရဟာ တာဝန်စတင်ထမ်းဆောင်ချိန်ကစပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ တိုင်းရင်းသားများအကြား ဝိဝါဒကွဲပြားမှုတွေနဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနဲ့သာ အဆုံးသတ်နိုင်မယ်လို့ ခံယူထားပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူများ မျှော်လင့်တောင့်တတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်မှသာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး ဆိုတာ အမှန်တကယ် အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံမူတွေချမှတ်ရာမှာ သဘောတူညီမှု ရရှိနိုင်ဖို့အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမှာ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ ကျင်းပပြီးစီးခဲ့တဲ့ ညီလာခံ (၃) ကြိမ်မှာ ပြည်ထောင်စု ငြိမ်းချမ်းရေး သဘောတူစာချုပ်ရဲ့အစိတ်အပိုင်းဖြစ်လာမယ့် အခြေခံမူ (၅၁) ချက်ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ အားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်စေဖို့အတွက် ကျွန်တော်တို့အနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးပြီးဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့နဲ့သာမက လက်မှတ် မရေးထိုးရသေးတဲ့ အဖွဲ့တွေနဲ့ပါ ဆက်လက်ညှိနှိုင်းဆွေးနွေးလျက် ရှိပါတယ်။

### တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်

ပြီးခဲ့တဲ့နှစ်အတွင်းမှာတော့ နောက်ထပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ဖြစ်တဲ့ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အောက်သို့ ရောက်ရှိလာပြီး ညီလာခံရဲ့ ဆွေးနွေးပွဲတွေမှာ ပါဝင်လာနိုင်ဖို့ကို ကျွန်တော်တို့အနေနဲ့ ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောစေဖို့ ဆောင်ရွက်ရာမှာ စီးပွားရေး၊ လူမှုရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတွေမှာ မျှတတဲ့ ဖွံ့ဖြိုးတိုးတက်မှု မရှိမဖြစ် လိုအပ်ပါတယ်။ ဒီ့အတွက် ကုလသမဂ္ဂ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအစီအစဉ်နဲ့ ကိုက်ညီတဲ့ မြန်မာနိုင်ငံရဲ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈-၂၀၃၀) (MSDP) ကို မြန်မာအစိုးရအနေနဲ့ ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒီစီမံကိန်းရဲ့ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ သာယာဝပြောရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူများနှင့် ကမ္ဘာမြေဆိုတဲ့ မဏ္ဍိုင် (၃) ရပ် ပါဝင်ပါတယ်။ ဒီစီမံကိန်းရဲ့ရည်မှန်းချက်များထဲမှာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးတို့ ပါဝင်ပါတယ်။ ဒီစီမံကိန်းရဲ့နေရာအားလုံးမှာ စဉ်ဆက်မပြတ် တိုးတက်ရေးကို ထည့်သွင်း စဉ်းစားဆောင်ရွက်ရမှာဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်ရေး ရှုထောင့်အားလုံးမှာ အဓိကထားရမှာ ဖြစ်ပါတယ်။ MSDP အောင်မြင်မှုအတွက် အမျိုးသားကြိုးပမ်းအားထုတ်မှုများသာမက ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများရဲ့ပါဝင်ဆောင်ရွက်မှုများလည်း လိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

မြန်မာနိုင်ငံကို ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် အောင်အောင်မြင်မြင် အသွင်ကူးပြောင်းရေးမှာ လူ့အခွင့်အရေးနဲ့ အားလုံးပါဝင်ရေးဟာ အခြေခံကျပါတယ်။ ပြည်သူတွေအကြားမှာ ဒီမိုကရေစီစံနှုန်းနဲ့ အလေ့အထတွေ လေ့ကျင့်မွေးမြူနိုင်ကြဖို့အတွက် အစိုးရအနေနဲ့ အားထုတ်ကြိုးပမ်းလျက်ရှိပါတယ်။ ဒီလိုကြိုးပမ်းရာမှာ တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုတိုးတက်ရေး၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနဲ့ အားမာန်ရှိတဲ့ လူမှုအဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရေးတို့ ပါဝင်ပါတယ်။ ဒီအချက်တွေအားလုံးဟာ ပြည်သူအားလုံးကို လုံခြုံမှုနဲ့ သာယာဝပြောမှု ပေးစွမ်းနိုင်မယ့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် မဖြစ်မနေ လိုအပ်ချက်တွေပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးစ နိုင်ငံတစ်နိုင်ငံအတွက် ဒါဟာ စိန်ခေါ်မှု အလွန်ကြီးမားတဲ့လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ပြည်သူများ လိုလားတောင့်တကြတဲ့ ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်ရေးအတွက် ကျွန်တော်တို့အနေနဲ့ ခိုင်မာသော သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်။

*စာမျက်နှာ ၆ သို့*

**❖ ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရေးဟာ ကျွန်တော်တို့ ဒီမိုကရေစီ လုပ်ငန်းစဉ်ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပဲဖြစ်။**

**❖ ရခိုင်ပြည်နယ် ငြိမ်းချမ်းပြီး ဖွံ့ဖြိုးစေဖို့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

# ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ အထူးသဖြင့် လက်ရှိလူသားချင်းစာနာမှု အကျပ်အတည်းကို ဖြေရှင်းရာမှာ ကုလသမဂ္ဂရဲ့ အရေးပါတဲ့ကဏ္ဍကို ကျွန်တော်တို့အနေနဲ့ အသိအမှတ်ပြု

*စာမျက်နှာ ၅ မှ*

**သဘာပတိကြီးခင်ဗျား၊**

ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရေးဟာ ကျွန်တော်တို့ ဒီမိုကရေစီလုပ်ငန်းစဉ်ရဲ့အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ငြိမ်းချမ်းပြီး ဖွံ့ဖြိုးစေဖို့အတွက် ကျွန်တော်တို့ အစိုးရအနေနဲ့ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူပြီး ရက်သတ္တပတ် အနည်းငယ်အတွင်း ၂၀၁၆ ခုနှစ်၊ မေလမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို အစိုးရက ဖွဲ့စည်းခဲ့ပါတယ်။ အဲ့ဒီနောက် ရခိုင်ပြည်နယ် ငြိမ်းချမ်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အကြံပြုချက်များ တင်ပြနိုင်ဖို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှာ ဆက်လက်ဖွဲ့စည်းခဲ့ပါတယ်။

## အမြော်အမြင်ကြီးမားစွာ အကြံပြု

ရခိုင်ပြည်နယ်တွင် ကျွန်တော်တို့ရဲ့ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ လုံခြုံရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်နိုင်စေဖို့ဆန္ဒနဲ့ ဉာဏ်ပညာအမြော်အမြင်ကြီးမားစွာဖြင့် အကြံပြုချက်များ ပေးအပ်ခဲ့တဲ့ ဒေါက်တာ ကိုဖီအာနန်ကို ဒီနေရာကနေ ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

ကော်မရှင်ဖွဲ့စည်းပြီး တစ်လခန့်အကြာမှာ နောင် အာဆာအဖွဲ့ဖြစ်လာမယ့် “အာကွာမူ မူဂျာဟီဒင်” ဘာသာရေးအစွန်းရောက် အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ နယ်စပ်လုံခြုံရေး ရဲကင်း (၃)ခုကို တိုက်ခိုက်ခဲ့ပါတယ်။ ဒီတိုက်ခိုက်မှုတွေဟာ အဲဒီဒေသမှာ နေထိုင်သူများအကြား စိုးရိမ်ကြောက်ရွံ့မှုတွေ ဖြစ်လာစေဖို့၊ အကြမ်းဖက်မှုတွေကို လှုံ့ဆော်ပေးဖို့နဲ့ နိုင်ငံတကာရဲ့ အာရုံစိုက်မှုရဖို့အတွက် ကြိုတင်အကွက်ချစီစဉ်ခဲ့တာ ဖြစ်ပါတယ်။

ဒီလို တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့ပေမယ့် ရခိုင်ပြည်နယ်အတွက် ရေရှည်အဖြေကို ရှာနိုင်ဖို့အတွက် အစိုးရအနေနဲ့ ဆက်လက်ကြိုးပမ်းခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်က အပြီးသတ်အစီရင်ခံစာကို မြန်မာအစိုးရထံ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှာ တင်သွင်းခဲ့ပါတယ်။ အစီရင်ခံစာမှာ ရခိုင်ပြည်နယ် ရေရှည်ငြိမ်းချမ်းတည်ငြိမ်ဖို့အတွက် အကြံပြုချက် (၈၈) ချက် ပါဝင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးနောက်၊ ယခုအချိန်မှာ အကြံပြုချက် (၈၈) အနက် (၈၁) ချက်ကို အကောင်အထည်ဖော်နေပြီ ဖြစ်တယ်ဆိုတာကို ဝမ်းမြောက်စွာတင်ပြလိုပါတယ်။

## မတူညီတဲ့လူမှုအသိုက်အဝန်းများကို ဦးတည်

ဒေါက်တာ ကိုဖီအာနန်က ကော်မရှင်ရဲ့အပြီးသတ်အစီရင်ခံစာကို ပေးအပ်ပြီး နာရီ အနည်းငယ်အတွင်း အာဆာအကြမ်းဖက်အဖွဲ့ဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲကင်းစခန်း (၃၀) နဲ့ နယ်မြေခံ တပ်ရင်းဌာနချုပ်တို့ကို တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ အာဆာရဲ့အကြမ်းဖက်မှုတွေဟာ လုံခြုံရေးတပ်ဖွဲ့တွေသာမက ရခိုင်ပြည်နယ်မှာ နေထိုင်ကြတဲ့ မတူညီတဲ့ လူမှုအသိုက်အဝန်းများကိုပါ ဦးတည်ခဲ့တယ်ဆိုတာ ဒီနေရာမှာ အလေးထား ပြောကြားလိုပါတယ်။ ယင်းသို့ တိုက်ခိုက်မှုများကြောင့် စိုးရိမ်ကြောက်ရွံ့မှု၊ မတည်ငြိမ်မှုတို့ ဖြစ်ပေါ်ခဲ့ရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ဒုက္ခသည်အမြောက်အမြား ထွက်ပြေးခဲ့ကြပါတယ်။

ဒီလိုထွက်ပြေးမှုကိုသာ နိုင်ငံတကာက အာရုံစိုက်ပြီး၊ ထွက်ပြေးရတဲ့ လတ်တလောနဲ့ ယခင်ကတည်းက ရှိနေခဲ့တဲ့ ပိုမိုကျယ်ပြန့်တဲ့ အကြောင်းရင်းတွေကိုတော့ လျစ်လျူရှုခဲ့ကြပါတယ်။ မည်သို့ပင်ဖြစ်စေကာမူ အစိုးရအနေနဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ အသိုက်အဝန်းအားလုံးအတွက် လိုအပ်တဲ့ တည်ငြိမ်မှု၊ ပြန်လည်သင့်မြတ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် စေတနာမှန်ကန်စွာဖြင့် တပေါင်းတစည်းတည်း ဆက်လက်ဖြေရှင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

ကျွန်တော်တို့အနေနဲ့ နေရပ်စွန့်ခွာသူတွေ၊ အထူးသဖြင့် အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေရဲ့ ဒုက္ခတွေအပေါ် လွန်စွာစာနာထောက်ထားမိပါတယ်။ ရခိုင်ပြည်နယ်မှာ နေထိုင်ကြောင်း စိစစ်ပြီးတဲ့ နေရပ်စွန့်ခွာသူအားလုံးကို ဆောလျင်စွာ ပြန်လည်လက်ခံနိုင်ဖို့အတွက် အစီအမံတွေ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

ဒီ့အတွက် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအစီအစဉ်၊ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များနှင့် ပြန်လည်လက်ခံရေးဆိုင်ရာ လက်တွေ့အစီအစဉ်စတဲ့ နှစ်နိုင်ငံသဘောတူညီချက် (၃) ခုကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အဲဒီနှစ်နိုင်ငံသဘောတူညီချက်တွေနဲ့အညီ လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားပြီးဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ ပြန်လည်ဝင်ရောက်လာကြမယ့် စိစစ်ပြီးသူများကို ပြန်လည်လက်ခံဖို့ ယခုနှစ် ဇန်နဝါရီလ ၂၃ ရက်ကတည်းက မိမိတို့ဘက်မှာ အဆင်သင့်ဖြစ်နေခဲ့ပြီ ဖြစ်ပါတယ်။ နှစ်နိုင်ငံ သဘောတူညီချက်များအတိုင်း ကတိကဝတ်များ လိုက်နာဖို့နဲ့ စိစစ်ပြီးသူများကို ဆန္ဒအလျောက် လုံခြုံသိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် အချိန်မဆွဲဘဲ ခွင့်ပြုပေးဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တိုက်တွန်းလိုပါတယ်။

## နှစ်နိုင်ငံသဘောတူညီချက် အကောင်အထည်ဖော်

နေရပ်စွန့်ခွာသူ အချို့ဟာ မိမိတို့ သဘောဆန္ဒအလျောက် ၎င်းတို့အစီအစဉ်နဲ့ ပြန်လည်ရောက်ခဲ့ကြပြီး ဖြစ်ပါတယ်။ ယင်းသို့ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ စိစစ်မှတ်ပုံတင်မှုများ ပြုလုပ်ပေးခဲ့ပြီး၊ ယခုအခါမှာ ၎င်းတို့ရဲ့ နေအိမ်အသီးသီးမှာ မိသားစုများ၊ ဆွေမျိုးများနဲ့အတူ ပြန်လည်နေထိုင်နေကြပြီဖြစ်ပါတယ်။ သို့သော် နှစ်နိုင်ငံသဘောတူညီချက်ကို အကောင်အထည်ဖော်မှု အစီအစဉ်အနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက နေရပ်စွန့်ခွာသူ တစ်ဦးတစ်ယောက်မျှ ပြန်လည်ပေးပို့လာခြင်း မရှိသေးပါဘူး။

**သဘာပတိကြီးခင်ဗျား၊**

နှစ်နိုင်ငံသဘောတူညီချက်တွေကို အကောင်အထည်ဖော်ခြင်း၊ အိမ်နီးချင်းကောင်းစိတ်ဓာတ်နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ မြန်မာနိုင်ငံ သို့မဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေမယ့် လုပ်ရပ်တွေကို ရှောင်ရှားခြင်းဖြင့်သာ ပြဿနာကို လျင်လျင်မြန်မြန် အေးအေးချမ်းချမ်း ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ အထူးသဖြင့် လက်ရှိလူသားချင်းစာနာမှု အကျပ်အတည်းကို ဖြေရှင်းရာမှာ ကုလသမဂ္ဂရဲ့အရေးပါတဲ့ ကဏ္ဍကို ကျွန်တော်တို့အနေနဲ့ အသိအမှတ်ပြုကြောင်း ပြောကြားလိုပါတယ်။ ပြန်လည်ဝင်ရောက်မယ့်သူများကို ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အကူအညီရယူဖို့ မြန်မာအစိုးရအနေနဲ့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နဲ့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့နဲ့ နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ နားလည်မှုစာချွန်လွှာအရ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နဲ့ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့အနေနဲ့ လုပ်ငန်းစတင်နိုင်မယ့်နေရာတွေမှာ ကွင်းဆင်းဆန်းစစ်လေ့လာရေး အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်ကို စတင်ရမှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့အနေနဲ့ ဒီလုပ်ငန်းစဉ်ကို စတင်နေပြီဖြစ်လို့ ကျွန်တော်တို့အနေနဲ့ ၎င်းတို့ထံမှ ဆန်းစစ်တွေ့ရှိချက်များ ပြန်ကြားလာတာကို စောင့်ဆိုင်းနေပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

လူ့အခွင့်အရေးကောင်စီရဲ့ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့က ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာအပေါ် မြန်မာအစိုးရအနေနဲ့ အလွန်စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

## လူမှုပေါင်းစည်းနေထိုင်မှုတည်ဆောက်ရေး အဟန့်အတားဖြစ်စေ

အချက်အလက်ရှာဖွေရေးအဖွဲ့၏ လိုအပ်မှု၊ ဖွဲ့စည်းမှုနဲ့ လုပ်ပိုင်ခွင့်တို့အပေါ် မြန်မာအစိုးရက စစ်မှန်တဲ့စိုးရိမ်မှုတွေရှိခဲ့တဲ့အတွက် အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ မတ်လမှာကတည်းက ကန့်ကွက်ခဲ့တာဖြစ်ပါတယ်။ မြေပြင်အခြေအနေမှာ လူမှုအသိုက်အဝန်းများအကြား သဟဇာတရှိစေဖို့ ကျွန်တော်တို့ အစွမ်းကုန် ကြိုးပမ်းနေကြတဲ့အချိန်မှာပဲ ခိုင်ခိုင်မာမာသက်သေမပြနိုင်တဲ့ ဖြစ်ရပ်ဇာတ်ကြောင်းတွေကို အခြေခံထားတဲ့ အစီရင်ခံစာကို ထုတ်ပြန်လိုက်ခြင်းဟာ တင်းမာမှုတွေကို ဆက်လက်ဖြစ်ပေါ်စေပြီး၊ ရခိုင်ပြည်နယ်မှာရှိတဲ့ လူမှုအသိုက်အဝန်းများအကြား အလွန်လိုအပ်လျက်ရှိနေတဲ့ လူမှုပေါင်းစည်းနေထိုင်မှု တည်ဆောက်ရေးအတွက် ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတွေကို အဟန့်အတားဖြစ်စေမှာကို စိုးရိမ်မိပါတယ်။

ဒီနေရာမှာ တာဝန်ခံမှုဆိုတာ ကျွန်တော်တို့အားလုံးအတွက် ဘယ်လို ဖြစ်သင့်တယ်ဆိုတာ အလေးအနက်ပြောကြားလိုပါတယ်။ တာဝန်ခံမှုဆိုတာ မိမိရဲ့လုပ်ရပ်တွေအပေါ် တာဝန်ယူခြင်းပဲ ဖြစ်ပါတယ်။ တာဝန်ခံမှုဟာ အားလုံးအပေါ် မျှမျှတတ သက်ရောက်မှုရှိရမှာ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းများ၊ အစိုးရများနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဟာ ၎င်းတို့ရဲ့ စကားလုံးများနဲ့ လုပ်ရပ်တွေရဲ့ အကျိုးဆက်အတွက် တာဝန်ခံမှုရှိရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

အပြည်ပြည်ဆိုင်ရာပြစ်မှုဆိုင်ရာတရားရုံးရဲ့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်မှာ ချမှတ်ခဲ့တဲ့ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်တဲ့ ဆုံးဖြတ်ချက်ကို မြန်မာအစိုးရက ပြတ်သားစွာပယ်ချခဲ့ပြီးဖြစ်တာကို အဆွေတော်တို့ သိရှိပြီးဖြစ်ပါလိမ့်မယ်။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ ရပ်တည်ချက်က ရှင်းပါတယ်။ မြန်မာနိုင်ငံဟာ ရောမသဘောတူစာချုပ် (Rome Statute) မှာ ပါဝင်လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံမဟုတ်တဲ့အတွက် ယင်းတရားရုံးအနေနဲ့ မြန်မာနိုင်ငံအပေါ် ဘယ်လိုမှ တရားစီရင်ပိုင်ခွင့်မရှိပါဘူး။ ယင်းတရားရုံးရဲ့ဆုံးဖြတ်ချက်ဟာ သံသယဖြစ်ဖွယ် ဥပဒေအကြောင်းပြချက်တွေ အပေါ်မှာ ချမှတ်ထားခဲ့တာဖြစ်ပါတယ်။ သက်ဆိုင်ရာ နိုင်ငံအစိုးရအနေနဲ့ ပြည်တွင်း၌ မိမိအစီအစဉ်နဲ့ ဖြေရှင်းဆောင်ရွက်နေမှုတွေ မပြီးဆုံးသေးတဲ့ အခြေအနေမှာ ယခုလို ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

မကြာသေးမီက ချမှတ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာပြစ်မှုဆိုင်ရာတရားရုံးရဲ့ဆုံးဖြတ်ချက်နဲ့ ဒီဆုံးဖြတ်ချက်ချမှတ်ခဲ့ပုံ နည်းလမ်းတို့ဟာ တရားရုံးအနေနဲ့ အန္တရာယ်ရှိတဲ့ အစဉ်အလာကျင့်ထုံးတစ်ရပ် ဖြစ်သွားနိုင်တဲ့အပေါ်မှာ နိုင်ငံတကာအသိုက်အဝန်းရဲ့ အဖွဲ့ဝင်တွေအနေနဲ့ လေးလေးနက်နက် စိုးရိမ်ပူပန်သင့်တယ်ဆိုတာကို ယနေ့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်အားလုံးကို ပြောကြားလိုပါတယ်။ ယခု ဆုံးဖြတ်ချက်ဟာ တရားရုံးရဲ့လူမှုကျင့်ဝတ်နဲ့ ဥပဒေဆိုင်ရာအခွင့်အာဏာကို ယိုယွင်းပျက်စီးစေရာရောက်ပါတယ်။ ဒီအပြည်ပြည်ဆိုင်ရာတရားရုံးအပေါ် ယုံကြည်စိတ်ချမှုကင်းမဲ့တာ မိမိတို့တစ်နိုင်ငံတည်းမဟုတ်ကြောင်း သိရလို့ အားတက်မိပါတယ်။

## သံသယဖြစ်ဖွယ်ဝင်ရောက်စွက်ဖက်မှု လက်ခံနိုင်မှာမဟုတ်

သို့သော်လည်း ကျွန်တော်ထပ်ပြီး ရှင်းရှင်းလင်းလင်း ပြောကြားလိုတာကတော့ အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံးရဲ့ ယခုလို ဥပဒေကြောင်းအရ သံသယဖြစ်ဖွယ် ဝင်ရောက်စွက်ဖက်မှုကို မြန်မာအစိုးရက လက်ခံနိုင်မှာမဟုတ်သော်လည်း၊ ရခိုင်ပြည်နယ်မှာ ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအတွက် လုံလောက်တဲ့ အထောက်အထားရှိမယ်ဆိုရင် တာဝန်ခံမှုရှိစေဖို့အတွက် ကျွန်တော်တို့ အပြည့်အဝ ကတိကဝတ်ပြုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လွတ်လပ်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ကို မကြာမီက ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။

> **မကြာသေးမီက ချမှတ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံးရဲ့ ဆုံးဖြတ်ချက်နဲ့ ဒီဆုံးဖြတ်ချက်ချမှတ်ခဲ့ပုံ နည်းလမ်းတို့ဟာ တရားရုံးအနေနဲ့ အန္တရာယ်ရှိတဲ့ အစဉ်အလာ ကျင့်ထုံးတစ်ရပ် ဖြစ်သွားနိုင်တဲ့ အပေါ်မှာ နိုင်ငံတကာအသိုက်အဝန်းရဲ့ အဖွဲ့ဝင်တွေအနေနဲ့ လေးလေးနက်နက် စိုးရိမ်ပူပန်သင့်**

မြန်မာနိုင်ငံမှာ တာဝန်ခံမှုရှိစေရေး၊ ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရခိုင်ပြည်နယ်မှာ ကျူးလွန်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ရက်စက်ကြမ်းကြုတ်မှုတွေကို ဒီကော်မရှင်က စုံစမ်းစစ်ဆေးမှာဖြစ်ပါတယ်။ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်မှာ ဖိလစ်ပိုင်နိုင်ငံ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စရိုဆာရီယိုမာနာလိုက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်းနဲ့ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမား၊ မြန်မာနိုင်ငံသားနှစ်ဦးဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌဟောင်းနဲ့ ယူနီဆက်အဆင့်မြင့် အရာရှိကြီးဟောင်းတို့ ပါဝင်ကြပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့အကြံပြုချက်များနဲ့အတူ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ လုပ်ငန်းဆောင်ရွက်ချက်ဟာလည်း ရခိုင်ပြည်နယ်ရဲ့ ကာလရှည်ကြာစွာ တည်ရှိခဲ့တဲ့ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာမှာ အရေးပါတဲ့လမ်းပြအလင်းရောင်တစ်ခု ဖြစ်လာမယ်လို့ မျှော်လင့်ထားပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေဟာ ရှုပ်ထွေးနက်နဲပြီး၊ ဘက်ပေါင်းစုံဖြစ်ပါတယ်။ သို့သော်လည်း မြန်မာပြည်သူတွေဟာ ကြံ့ကြံ့ခံနိုင်ကြပါတယ်။ ပဋိပက္ခ၊ ဖွံ့ဖြိုးမှုနောက်ကျမှုနဲ့ သဟဇာတမရှိမှုတွေကို ဆယ်စုနှစ်များစွာ ခံစားခဲ့ရတဲ့ မြန်မာနိုင်ငံကို ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တစ်မျိုးသားလုံး သဟဇာတ ဖြစ်မှုတွေ ဆောင်ကြဉ်းပေးနိုင်ဖို့ ကြိုးပမ်းကြရာမှာ အခက်အခဲအားလုံး စိန်ခေါ်မှုများ အားလုံးကို ရင်ဆိုင်ဖြေရှင်းကြဖို့ ကျွန်တော်တို့ဟာ စည်းလုံးညီညွတ်စွာ ရပ်တည်လျက် ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

# ဒုတိယအကြိမ် အာဆီယံအသန့်ရှင်းဆုံး ခရီးသွားမြို့တော်အဆင့်ပြိုင်ပွဲတွင် ပြည်မြို့နှင့် တောင်ငူမြို့တို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လုပ်ဆောင်သွားမည်

**ပြည် စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် တောင်ငူမြို့တို့အား ဒုတိယအကြိမ် အာဆီယံအဆင့် အသန့်ရှင်းဆုံးခရီးသွားမြို့တော်အဖြစ် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လိုအပ်သည့်သတ်မှတ်ချက်များအား ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းလုပ်ဆောင်ကြရမည် ဖြစ်ကြောင်း စက်တင်ဘာ ၂၄ ရက်က ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒသမအကြိမ် ပုံမှန်အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။

“၂၀၁၈ မှာတုန်းက မြန်မာနိုင်ငံက မြို့သုံးမြို့ဆုရခဲ့တယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှာ ဘရူနိုင်းနိုင်ငံမှာ ကျင်းပမယ့် ဒုတိယအကြိမ် အာဆီယံအသန့်ရှင်းဆုံး ခရီးသွားမြို့တော်ဆုရရင် ကြော်ငြာစရာတောင် မလိုဘဲနဲ့ ခရီးသွားဝင်နှုန်းတွေ တိုးတက်လာပြီး ဒေသလည်း ဖွံ့ဖြိုးလာမယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာက မြို့တွေ အများကြီးဝင်ပြိုင်လို့ရတာရှိတယ်”ဟု ပြည်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောသည်။

၂၀၁၈ ခုနှစ်တွင် အာဆီယံအသန့်ရှင်းဆုံး ခရီးသွားမြို့တော်အဆင့် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကလော၊ ပုဂံနှင့် ပြင်ဦးလွင်မြို့တို့ ဆုရရှိခဲ့ပြီး ယခုဒုတိယအကြိမ်ပြိုင်ပွဲတွင် ပြည်မြို့နှင့် တောင်ငူမြို့တို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လုပ်ဆောင်လျက်ရှိပြီး ပြည်မြို့တွင် ရှေးနှစ်ပေါင်းနှစ်ထောင်ကျော် သက်တမ်းရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းဖြစ်သည့် သရေခေတ္တရာ ရှေးဟောင်းဇုန်ရှိပြီး နှစ်သက်တမ်း ၅၀၀ ကျော်ပြီးဖြစ်သည့် တောင်ငူမြို့တွင် ရှေးဟောင်းသမိုင်းဝင်နေရာများစွာ ယခုတိုင်တည်ရှိနေဆဲ ဖြစ်သည်။

အာဆီယံအသန့်ရှင်းဆုံး ခရီးသွားမြို့တော်အဆင့်ဝင်ရန်အတွက် အချက်ပေါင်း ၁၀၈ ချက်ရှိပြီး အချက်ပေါင်း ၅၄ ချက်နှင့် ညီညွတ်ပါက ဝင်ရောက်ယှဉ်ပြိုင်ရန် အခွင့်အရေးရရှိမည် ဖြစ်ကြောင်း၊ ယင်းအချက်များထဲမှ သန့်ရှင်းရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်၊ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးဆိုင်ရာ အချက်အလက်များ ပါဝင်သည်။

**သန်းလွင်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

(၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Michael R. Pompeo နှင့် နယူးယောက်မြို့ရှိ Lotte New York Palace Hotel ၌ စက်တင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်တွင် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ရခိုင်အရေးကိစ္စကို ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးအပါအဝင် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**



တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်လင်းတို့ တက်ရောက်ခဲ့ကြပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ Under Secretary of State for Political Affairs ဖြစ်သူ Mr. T.H. David Hale နှင့် Principal Deputy Assistant Secretary for East Asia and Pacific Affairs ဖြစ်သူ Mr. Patrick Murphy တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတားနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြိတ်မြို့ ကမ်းနားလမ်း ရေပုန်းရပ်ရှိ ပြည်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်နှင့် Hongkong Future Invest Management Co.,Ltd တို့ ပူးပေါင်း၍ ခေတ်မီအထပ်မြင့် Sea View Condo အဆောက်အအုံ လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ခေတ်မီအထပ်မြင့် Sea View Condo အဆောက်အအုံ ပုံစံငယ်၊ အိမ်ခန်းနမူနာပုံစံနှင့် အဆောက်အအုံ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပထက်ရွာ အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်၊ ကျောင်းဝတ်စုံနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(ပထက်) ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ ကျောင်းဝတ်စုံနှင့် အလှူငွေများကို ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး ဒေါ်သွင်သွင်အေးမှီနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် ထားဝယ် - မြိတ်လမ်းပိုင်း ပေါ်ရှိ ကွဲကူး-ကျောက်ဖျာ တံတားကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း ၊ အဆောက်အဦ ဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၆) မှ တာဝန်ယူ တည်ဆောက်နေသော မြိတ်နည်းပညာ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၀၀ ဆံ့ အိပ်ဆောင် ပေ (၂၀၀ x ၃၅) RC နှစ်ထပ် တစ်လုံးဆောက်လုပ်ခြင်းနှင့် ထမင်းစားဆောင် ပေ (၆၀ x ၄၀) RC တစ်ထပ် နှစ်လုံး ဆောက်လုပ်ခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အထူးအလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ယူ တည်ဆောက်နေသော သမုတ် - လွတ်လွတ်တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ယခုတည်ဆောက်နေသည့် သမုတ်-လွတ်လွတ်တံတားသည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ထားဝယ်- မြိတ်လမ်း မိုင်တိုင် ၂၂၁ ဒသမ ၂ ကီလိုမီတာအနီးတွင် တည်ရှိပြီး တံတားအမျိုးအစားမှာ အုတ်မြစ် ၁ ဒသမ ၅ မီတာအချင်းရှိ ဘိုးပိုင်၊ ကိုယ်ထည် RC ကွန်ကရစ် နှင့် အပေါ်ထည် PC Girder, Steel Box Girder & RC Decking တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည် ၁၂၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ အမြင့် ၁၅ ပေရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ AASHTO HS 25-44 ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်ကလေးဆေးရုံ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကလေးကျန်းမာပညာအဖွဲ့၊ UK တော်ဝင်ကလေးသမားတော်များ ကောလိပ်၊ UNICEF တို့ပူးပေါင်းကျင်းပသော ကလေးသူငယ်ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည်။**

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းသည် ဆက်စပ်သည့် ကဏ္ဍပေါင်းစုံ ပါဝင်ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ကလေးအထူးကုဆရာဝန်များ၏ အခန်းကဏ္ဍသည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ရာ၌ အရေးပါသည့်အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ အထူးသဖြင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်များအား ရှာဖွေဖော်ထုတ်ခြင်းနှင့် လျင်မြန်သော တုံ့ပြန်မှုများပေးရာ၌ အထူးအရေးပါပါကြောင်း၊ ကလေးအထူးကု ဆရာဝန်များအနေဖြင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်ရာ၌ အစိုးရ၊ ရပ်ရွာ၊ မိဘ၊ ကလေးသူငယ်များ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း။





ဝန်ကြီးဌာနအနေဖြင့် ပိုမိုထိရောက်သော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေအသစ်ကို ပြင်ဆင်ရေးသားခဲ့ပြီး လွှတ်တော်ကစိစစ်လျက်ရှိရာ မကြာမီအတည်ပြုပြဋ္ဌာန်းနိုင်မည်ဖြစ်ကြောင်း၊ ကလေးသူငယ်များအား အကြမ်းဖက်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အလွဲသုံးခြင်းနှင့် ပစ်ပယ်ခြင်း စသည်တို့မှ ကလေးသူငယ်များအတွက် ဥပဒေအရ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းသည် ဝန်ကြီးဌာနတစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ကလေးအထူးကု ဆရာဝန်ကြီးများအပါအဝင် လူမှုဝန်ထမ်းသမားများ၊ ဆရာ၊ ဆရာမများ၊ ရဲတပ်ဖွဲ့များ အားလုံး ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက်လူမှုဝန်ထမ်းဦးစီးဌာန၊ Royal College of Paediatrics ၊ ယူနီဆက်(မြန်မာ)နှင့် ဘာသာရပ်ကျွမ်းကျင်သူများက တင်ပြဆွေးနွေးမှုများ ဆက်လက် ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးတွင် ကျင်းပသည့် ရေးဘေးသင့်ဒေသများအတွက် အလှူငွေများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားတွင် နီပေါသံရုံးက ငွေကျပ် ၁၀ သိန်း၊ TECO Myanmar က အမေရိကန်ဒေါ်လာ ၅၀၀၀၀ နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်က အလှူငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ လက်ခံရရှိငွေစုစုပေါင်းမှာ ငွေကျပ်သိန်း ၃၄၆၁၇၉၄၆၀ နှင့် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၉** - မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နွားထိုးကြီးမြို့တွင် ၁ ဒသမ ၄၄ လက်မ၊ သာစည်မြို့တွင် ၁ ဒသမ ၃၅ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၁၈ လက်မ၊ မချမ်းဘောမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့တွင် ၁ ဒသမ ၀၆ လက်မစီနှင့် တောင်ကြီးမြို့တွင် ၀ ဒသမ ၈၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်

မော်လမြိုင် စက်တင်ဘာ ၂၉

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မော်လမြိုင်ခရိုင်ရုံး စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာန (Community Centre ) အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းနှင့် ရွှေလ္ဘားစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မော်လမြိုင်မြို့ရှိ အဆိုပါရုံးနေရာ၌ ကျင်းပသည်။**



**လူထုအခြေပြုဗဟိုဌာနဖွင့်**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ထိန်လင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှုစိုးတို့က လူထုအခြေပြုဗဟိုဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူထုအခြေပြုဗဟိုဌာနဆိုင်းဘုတ်နှင့် Mobile Library မော်တော်ယာဉ်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး လူထုအခြေပြု ဗဟိုဌာနအတွင်းရှိ စာကြည့်တိုက်တွင် ပြတိုက်ငယ်ခင်းကျင်းပြသထားရှိမှုနှင့် စာပေဖတ်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးကာ စာရေးကိရိယာများ ပေးအပ်သည်။

ယင်းနောက် ကလေးစာဖတ်ခန်း၌ ဆေးရောင်ခြယ် ပြိုင်ပွဲဝင်နေကြသည့် ကလေးများကို ကြည့်ရှုအားပေး၍ ကလေးငယ်များကို ကစားစရာအရုပ်များ ပေးအပ်ကာ**(အောက်ပုံ)** လူထုအခြေပြုဗဟိုဌာန၌ ကွန်ပျူတာသင်တန်း ဖွင့်လှစ်လေ့ကျင့်မှုများကို လှည့်လည်ကြည့်ရှုသည်။



ထို့နောက် လူထုအခြေပြုဗဟိုဌာန ရှေ့မျက်နှာစာရှိ ယာယီမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်း ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များတွင် အများပြည်သူ ဆုံတွေ့ပြီး သတင်းအချက်အလက်ဖလှယ်ရာ၊ ရပ်ရွာလူမှုရေး၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ စုပေါင်းဆွေးနွေးရာ အသင်းအဖွဲ့အမျိုးမျိုးတို့ ဆုံစည်းပြီး ဆွေးနွေးတိုင်ပင်ရာ၊ လူငယ်များအတွက် အသိပညာ၊ အတတ်ပညာဆိုင်ရာ သင်တန်းများပို့ချပေးရာ စသည့် ဘက်စုံကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် နေရာထိုင်ခင်းနှင့် လိုအပ်သည်များ စီစဉ်ထားရှိပေးထားသည့် လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် မြစ်ကြီးနားမြို့၌ အဆောက်အအုံမှစ၍ ပြန်လည်ဆောက်လုပ်ခဲ့ပြီး ကျန်မြို့ကြီးများတွင်လည်း အလားတူ အထပ်မြင့် အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ မော်လမြိုင်ခရိုင်ရုံးကဲ့သို့ ရွှေလ္ဘားစာကြည့်တိုက်နှင့် ကွန်ပျူတာသင်တန်းခန်းမ၊ ကလေးစာဖတ်ခန်း၊ ပြတိုက် စသည်တို့ပါဝင်သည့် လူထုအခြေပြုဗဟိုဌာနအဖြစ်လည်း အဆင့်မြှင့်တင် ဖွင့်လှစ်လျက်ရှိပါကြောင်း။

**ပြည်သူ့အတွက် အကျိုးရှိလုပ်ငန်း**

လူထုအခြေပြု ဗဟိုဌာနများကို ပြည်သူ့အတွက် အကျိုးရှိသည့်လုပ်ငန်းများ ဖော်ဆောင်သည့်နေရာအဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိရာ လိုအပ်သည်များ ပူးပေါင်းပါဝင်ကူညီကြရန်နှင့် ထိရောက်အောင် အသုံးပြုကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ်အတွင်း ပထမဆုံးဖွင့်လှစ်သည့် လူထုအခြေပြုဗဟိုဌာနနှင့် ရွှေလ္ဘားစာကြည့်တိုက်ကို ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတိုင်ပင်ရာနေရာတစ်ခုအဖြစ် သတ်မှတ်ကာ စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေးနှင့် အစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည့် အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ ဦးထွန်းလှုစိုးက ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်နေမှုများ၊ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးမှု၊ ရွှေလ္ဘားစာကြည့်တိုက် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြောကြားကာ ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသောင်းထိုက်က လူထုအခြေပြုဗဟိုဌာနနှင့် ရွှေလ္ဘားစာကြည့်တိုက် ဆောင်ရွက်နိုင်မှုအတွက် ကျေးဇူးတင်ရှိပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ခရိုင်နှင့် မြို့နယ်စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်လျက်ရှိရာ ယခုအခါ မြို့ကြီး ၁၂ မြို့တွင် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ စည်းဝေး



**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုသဿကျော်ဝင်း)က အသင်း၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ အလှူငွေနှင့် စာအုပ်များ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုသဿကျော်ဝင်း) နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ အစည်းအဝေးဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ အသင်းဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာအကျဉ်း၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာများကို တင်သွင်းခြင်း၊ ဗဟိုကော်မတီ၏ အစီရင်ခံစာကို ထပ်ဆင့် ထောက်ခံဆွေးနွေး အကြံပြုတင်ပြခြင်း၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာကို ထပ်ဆင့် ထောက်ခံဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် အသင်းတွဲဖက်အတွင်းရေးမှူး (၂) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)က "မြန်မာကဗျာ၏တန်ဖိုး" စာတမ်းကို ဖတ်ကြားတင်ပြပြီး စာတမ်းကို ထပ်ဆင့်ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆွေးနွေး အကြံပြုတင်ပြချက်များနှင့်ပတ်သက်၍ ဗဟိုအမှုဆောင်ကော်မတီက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ ကန်တော့ခံ ၃၁ ဦးနှင့် အသင်းဝင် ၆၃ ဦးတို့ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာ ဖတ်ကြားခြင်း၊ ဆုံးဖြတ်ချက်များကို တင်ပြရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ဆောင်ရွက်ကြပြီး သဘာပတိ အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အခန်း (၆) အပိုဒ် (၄၄) ခ အရ ညီလာခံကို လေးနှစ်တစ်ကြိမ် ကျင်းပပြီး ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို နှစ်နှစ် တစ်ကြိမ် ကျင်းပသည်။ ယနေ့အစည်းအဝေးသို့ နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၁၉၇ မြို့နယ်မှ ဗဟိုဦးစီးအဖွဲ့ဝင် ၂၀၉ ဦးနှင့် ဗဟိုအဖွဲ့ဝင် ၂၈ ဦး စုစုပေါင်း ၂၃၇ ဦး တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ဆုံးဖြတ်ချက် နှစ်ရပ်၊ မှတ်တမ်းတင်ခြင်း လေးရပ် စုစုပေါင်း ခြောက်ရပ်သဘောတူ မှတ်တမ်းတင်ခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းကို ၁၉၆၆ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ၁၀ နှစ်တိတိ ဆရာကြီး မင်းသုဝဏ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ပြီး စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ယခုစာရေးဆရာအသင်းတို့က လက်ဆင့်ကမ်းဆောင်ရွက်ခဲ့ရာ အသင်းသက်တမ်းမှာ ၅၃ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း- ဥမ္မာသန့်**
**ဓာတ်ပုံ- ဇော်မင်းလတ်**

## မော်လမြိုင်တွင် ရသစာပေစကားဝိုင်း ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၉**

လူငယ်များ စာပေဖတ်ရှုမှုအလေ့အထ ပိုမိုပြန့်ပွားလာစေရေးနှင့် စာပေဆိုင်ရာ အသိအမြင်များ ပိုမိုကျယ်ပြန့်စွာ ဆွေးနွေးဖလှယ်နိုင်စေရေးအတွက် ရည်ရွယ်ပြီး ရသစာပေစကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီခွဲက မော်လမြိုင်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ကို လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ခြင်းအခမ်းအနားနှင့် တစ်ဆက်တည်း ကျင်းပသည်။ **(အောက်ပုံ)**

စာပေစကားဝိုင်းတွင် နိုင်ငံကျော်စာရေးဆရာမများဖြစ်ကြသည့် မိုးပန်းမွန်(ရာမည)၊ နှင်းဝေငြိမ်းနှင့် ပုညခင်တို့က ဦးဆောင်ဆွေးနွေးကြပြီး ဒေသခံ စာပေဝါသနာရှင်လူငယ်များဖြစ်ကြသည့် မောင်ကြည်ဇော်လွင်၊ မသင်းထက်စိုး၊ မောင်ဖုန်းမြတ်ဟန်၊ မပန်းအိသင်း၊ မောင်ဖုန်းမြတ်မိုး၊ မဝေဇင်ဦးတို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ရသစာပေစကားဝိုင်းသို့ တက်ရောက်လာကြသည့် စာပေချစ်မြတ်နိုးသူများက ၎င်းတို့၏အမြင်များကို ပါဝင်ဆွေးနွေးမှုနှင့်အတူ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစီအစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) များကို နိုင်ငံတစ်ဝန်းတွင် အရှိန်အဟုန်ဖြင့် ကျင်းပလျက်ရှိရာမှ ယခုအခါ ရသစာပေစကားဝိုင်းများကိုလည်း ထည့်သွင်းကျင်းပပေးလာခြင်းဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ မီယာဇာကီတက္ကသိုလ်တို့ သုတေသနလုပ်ငန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဂျပန်နိုင်ငံ Miyazaki တက္ကသိုလ်မှ President, Dr. Tsuyomu IKNOUE နှင့်အဖွဲ့အား ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ရေချိုငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းဆိုင်ရာ ရေသန့်စင်မှု သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ ရေသတ္တဝါကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ခြင်းလုပ်ငန်း၊ အစာအရည်အသွေးမြင့်မားရေးလုပ်ငန်းများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန် ဝန်ထမ်းများအား သင်တန်းများပို့ချခြင်းနှင့် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ Miyazaki တက္ကသိုလ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ငါးမွေးမြူထုတ်လုပ်မှုနှင့် ငါးရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာသုတေသန စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့် ကျေးလက်မီးလင်းရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လည်းကောင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် ပူးပေါင်း၍ သုတေသနနှင့်ပညာရပ်ဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့် သုတေသနလုပ်ငန်းများနှင့် ဝန်ထမ်းများလေ့လာရေးဖလှယ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် Miyazaki တက္ကသိုလ်မှ President Dr. Tsuyomu IKNOUE တို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် ဂျပန်နိုင်ငံ Miyazaki တက္ကသိုလ်မှ President, Dr. Tsuyomu IKNOUE နှင့် အဖွဲ့သည် နေပြည်တော် ရုံးအမှတ် ၁၆ ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ သွားရောက်၍ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများမှ ထုတ်လုပ်ထားသော ကုန်ချောပစ္စည်းများအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဂျပန်နိုင်ငံ **Miyazaki** တက္ကသိုလ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများအား လုပ်ငန်းဆိုင်ရာများ မှာကြား



**ရန်ကုန် စက်တင်ဘာ ၂၉**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဥပဒေအရာရှိများနှင့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ (ဓါတ်ပုံ)

**လေ့လာရန် လိုအပ်**

ထိုသို့တွေ့ဆုံမှာကြားရာတွင် ဥပဒေအရာရှိများအနေဖြင့် တရားမစွဲမီ ဥပဒေအကြံများပေးရာတွင် ဥပဒေနှင့် ညီညွတ်သည့် အကြံပေးများဖြစ်ရေး၊ ဌာနဆိုင်ရာ အမှုတွဲများလေ့လာရန် လိုအပ်သကဲ့သို့ အမှုနှင့်သက်ဆိုင်သည့် ဥပဒေများကို ပြည့်ပြည့်စုံစုံလေ့လာရေး၊ တရားရုံး၌ အမှုတွဲတွင် ပေါ်ပေါက်သည့် အဓိကသက်သေခံချက်၊ သက်သေခံအထောက်အထားများ၊ ငြိစွန်းသည့် ဥပဒေဖြင့် ပြစ်မှုထင်ရှားစီရင်နိုင်ရေး၊ စီရင်ထုံးအကိုးအကားများဖြင့် ပြည့်ပြည့်စုံစုံ တင်ပြကြရေး၊ ဥပဒေအရာရှိများအနေဖြင့် ရာထူး၊ ဂုဏ်သိက္ခာနှင့်အညီ ပြုမူနေထိုင်ကြရေး၊ အများပြည်သူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး၊ တရားစီရင်ရေးစနစ် တရားဥပဒေ စိုးမိုးရေးတို့ကို အထောက်အကူပြုရေး၊ အဂတိကင်းစွာဖြင့် ဆောင်ရွက်ကြရေး၊ အရည်အသွေးရှိသော တာဝန်ယူမှုတာဝန်ခံမှုရှိသည့် အရာရှိများဖြစ်အောင် ကြိုးစားကြရေးနှင့် မိမိတို့ လုပ်ငန်းများအောင်မြင်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ဥပဒေအရာရှိကောင်းများ ဖြစ်လာရန် အစဉ်ကြိုးပမ်းနေထိုင်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဥပဒေအရာရှိနှင့် ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နော်ဝေအခြေစိုက် ငါးသယံဇာတသုတေသနသင်္ဘော ကော့သောင်းမြို့ရောက်ရှိ

**ကော့သောင်း စက်တင်ဘာ ၂၉**

နော်ဝေနိုင်ငံ အခြေစိုက်ငါးသယံဇာတ သုတေသနသင်္ဘော RV Dr.Fridtjof Nansen သည် မြန်မာ့ရေပိုင်နက် ကမ်းရိုးတန်းဒေသများအတွင်း ရေအရင်းအမြစ်များ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရင်း နောက်ဆုံးခရီးစဉ်အဖြစ် တနင်္သာရီကမ်းရိုးတန်းဒေသ ဇာဒက်ကြီးကျွန်းအနီး ကော့သောင်းရေပြင်သို့ ယမန်နေ့ မွန်းလွဲပိုင်းက ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သုတေသနသင်္ဘောအား ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ သွားရောက်ကြိုဆို လက်ခံတွေ့ဆုံကြပြီး သင်္ဘောကပ္ပတိန် နော်ဝေနိုင်ငံသား Mr. Jens ottokrak stat နှင့် တာဝန်ရှိသူများက ၎င်းတို့သင်္ဘော၏ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များအတွင်း ကမ်းရိုးတန်းဒေသတစ်လျှောက် သုတေသနပြုလုပ်ခဲ့သည့် မှတ်တမ်းစာအုပ်များအားပေးအပ်ပြီး ကော့သောင်းဒေသ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ကြသည်။

**သုတေသနလုပ်ငန်းများ ဆောင်ရွက်**

သုတေသနသင်္ဘောသည် လွန်ခဲ့သည့် ဩဂုတ် ၂၄ ရက်က စတင်ကာ ရခိုင်ကမ်းရိုးတန်းနှင့် ဧရာဝတီကမ်းရိုးတန်း ပင်လယ်ပြင်တစ်လျှောက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်က ရန်ကုန်ဆိပ်ကမ်းမှ စတင်ထွက်ခွာ၍ တနင်္သာရီကမ်းရိုးတန်း ပင်လယ်ရေပြင်တစ်လျှောက် မြန်မာ့ပင်လယ်ပြင်ရေပိုင်နက်အတွင်း ငါးသယံဇာတနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သင်္ဘောနှင့်အတူ လိုက်ပါလာသည့် မြန်မာသုတေသန ပညာရှင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ထွန်းသိန်း ထံမှ သိရသည်။

ခရီးစဉ်တစ်လျှောက် သုတေသနသင်္ဘောက သုတေသနပြု ဖမ်းဆီးရမိခဲ့သည့် ရေသယံဇာတ ငါးနမူနာမျိုးစုံကို အအေးပုံးများဖြင့် မပုပ်မသိုးစေရန် တာဝန်ယူစီမံ လက်ခံရယူပြီး မိမိနိုင်ငံအတွင်း သင်တန်းများ ပို့ချနိုင်ရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး အင်းစိန် ကြို့ကုန်း ငါးလုပ်ငန်းဦးစီးဌာနရုံးသို့ ကော့သောင်းမြို့မှတစ်ဆင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ထံမှ သိရသည်။

**ဆက်လက်ထွက်ခွာ**

အဆိုပါ RV Dr.Fridtjof Nansen သင်္ဘောသည် ကမ္ဘာ့ခေတ်အမီဆုံး သုတေသနသင်္ဘောများထဲမှ တစ်ခုဖြစ်ပြီး ရေလုပ်ငန်းထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတများ တိုးတက်လာစေရန်နှင့် မြန်မာ့ရေကြောင်း ဂေဟစနစ်များအပေါ် နားလည်မှု ပိုမိုတိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် FAO စီမံကိန်းအရ ၁၉၇၉ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၈၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်၊ ၂၀၁၃ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ်နှင့် ယခု ၂၀၁၈ ခုနှစ်တွင် ပဉ္စမအကြိမ်အဖြစ် မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ကာ ယင်းနေ့ ညနေပိုင်းတွင် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်း မြန်မာ့ရေပိုင်နက်မှ တစ်ဆင့် ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



နော်ဝေနိုင်ငံအခြေစိုက် ငါးသယံဇာတသုတေသနသင်္ဘောကို တွေ့ရစဉ်။



# မြောင်းမြခရိုင်တွင် စွန့်လွှတ်မြေ ပြန်လည်ပေးအပ်

**မြောင်းမြ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် စွန့်လွှတ်မြေကို မူလပိုင်ရှင်လက်ဝယ်သို့ ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်းဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ ပေးအပ်ပွဲတွင် ကော်လိတ်တော်အရာရှိ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက မြောင်းမြမြို့အမှတ်(၄) ရပ်ကွက် ကွင်းအမှတ် (၁၄) ဗောဓိကုန်းရပ် ယခု (၈)လမ်းရှိ မြေဧရိယာ ဧက ၀ ဒသမ ၀၂၁ ဧကနှင့် မြေပေါ်ရှိ အုတ်ညှပ် နှစ်ထပ်တိုက် အဆောက်အအုံကို မူလပိုင်ရှင်၏သားသမီးဖြစ်သော ဦးတင်ဝင်း၊ ဒေါ်မြမြဝင်းတို့အား လည်းကောင်း၊ အိမ်မဲမြို့ ချောင်းဝရပ်ကွက်ရှိ ကွင်းအမှတ် (၈/ချောင်းဝကွင်း) ရှိ မြေဧရိယာဧက ၀ ဒသမ ၀၅၅ ဧကကို မူလပိုင်ရှင်၏ တူဖြစ်သူ ဦးသန်းမြင့်ထံသို့ လည်းကောင်း ပေးအပ်သည်။

နိုင်ငံတော်မှ သိမ်းဆည်းမြေများကို ပြန်လည်စွန့်လွှတ်ရာတွင် မူလပိုင်ရှင်လက်ဝယ်သို့ အမြန်ရောက်ရှိရေး အလေးထားဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း မြေ/စစ်လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ချင်းတွင်းရေတိမ်သွားရေယာဉ်များ တည်ဆောက်ခြင်းစံနှုန်းသတ်မှတ်ချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

ချင်းတွင်းရေတိမ်သွားရေယာဉ်များ တည်ဆောက်ခြင်းစံနှုန်းသတ်မှတ်ချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်ဂျင်နီယာကောင်စီ Function Hall ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် စံချိန်စံညွှန်းများ သတ်မှတ်ရေးဆွဲရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ချာလီသန်းတို့က အမှာစကားပြောကြားကြသည်။ ပြည်ထောင်စုဝန်ကြီးက ရေယာဉ်မတော်တဆမှုများ၏ အများစုသည် စည်းကမ်းလိုက်နာရန် ပျက်ကွက်မှုများကြောင့် ဖြစ်ခဲ့ရခြင်းများရှိသလို ရေယာဉ်များကို သတ်မှတ်စံနှုန်းများနှင့် အညီ ပြုပြင်ထိန်းသိမ်းနိုင်မှုမရှိခြင်း၊ စံနှုန်းများနှင့်အညီ တည်ဆောက်ရန် အားနည်းချက်များရှိခဲ့ကြောင်း၊ အခြားသော နိုင်ငံများကဲ့သို့ ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံနှုန်းများ ရေးဆွဲသတ်မှတ်ပြီး ပြည်သူကို ချပြလိုက်နာစေရန် လိုအပ်နေကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက "ကျွန်တော်တို့ နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးအခြေအနေတွေက သင်္ဘောတည်ဆောက်သူ၊ သင်္ဘောပိုင်ရှင်တွေက အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်ရဲ့ စံချိန်စံညွှန်းတွေကို အပြည့်အဝလိုက်နာနိုင်ဖို့ ခက်တယ်။ အရင်က လုပ်နေကျအတိုင်း တည်ဆောက်နေကျအတိုင်း တည်ဆောက်တယ်။ ကျန်တဲ့စံချိန်စံညွှန်း အချက်တွေကို သိကြတာမဟုတ်ဘူး။ ဆောက်နေကျအတိုင်း ဆောက်ပြီး တော့ပဲ ဆောင်ရွက်နေကြတာ။ တကယ်တမ်း သင်္ဘောတွေကို စစ်ဆေးတာတောင်မှ ၂၀၀၈ ခုနှစ်လောက်ကျမှ စခဲ့တာ။ အဲဒီအခါမှာ အသားကျနေပြီ။ ဒါကြောင့် ကျွန်တော်တို့သည် ဒီဟာကိုတော့ ပြင်မှဖြစ်မယ်။ ဒီဥပဒေတစ်ရပ်ကို ထုတ်မှ ဖြစ်မယ်။ အဲဒီဥပဒေဆိုတာ လူတွေလိုက်နာနိုင်တဲ့ ဥပဒေ ဖြစ်ဖို့လိုတယ်"ဟု အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်တွင်းရေကြောင်းသွား ရေယာဉ်များ တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ရေးဆွဲရေး အဖွဲ့ဝင်များက ရေးဆွဲထားသော ချင်းတွင်းရေတိမ်သွား ရေယာဉ်များ၏ စံချိန်စံညွှန်းများအပေါ် ကဏ္ဍအလိုက်ရှင်းလင်း တင်ပြသည်။

စံချိန်စံညွှန်းများ ရေးဆွဲရေးအဖွဲ့ကို ၂၀၁၇ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းနှင့် ဦးဟံစိန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (အငြိမ်းစား)တို့ ဦးဆောင်၍ အဖွဲ့ဝင် ငါးဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာ့သင်္ဘောကျင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာဆိပ်ကမ်းအာဏာပိုင်တို့မှ ပညာရှင်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်ရေးဆွဲခဲ့ကြောင်း သိရသည်။

စံနှုန်းသတ်မှတ်ချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒေါပုံ သင်္ဘောကျင်းတွင် ပထမအကြိမ်အဖြစ် လည်းကောင်း၊ မုံရွာမြို့ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် ဒုတိယအကြိမ်အဖြစ် လည်းကောင်း ကျင်းပခဲ့ပြီး ယခုပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသည် တတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-အာကာစိုး**

# မောင်တောမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးအရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်စည်းဝေး

**မောင်တော စက်တင်ဘာ ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ပညာရေးဝန်ထမ်းများဖြင့် သီးသန့်ဖွဲ့စည်းထားသော ပန်းခင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေစုငွေချေး အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့က မောင်တောမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေး ခန်းမ၌ ကျင်းပရာ မောင်တောခရိုင် ပညာရေးမှူး ဦးခင်အောင်နှင့် အနယ်နယ် အရပ်ရပ်မှ ဆရာ ဆရာမများ တက်ရောက်ကြသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် တာဝန်ရှိသူများက ငွေစုငွေချေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြပြီး အသင်းဝင် ဆရာ ဆရာမများ၏ သားသမီးများဖြစ်ကြသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ငွေစုငွေချေးအသင်း၏ အဓိကရည်ရွယ်ချက်မှာ အသင်းဝင်ထားသည့် ပညာရေးဝန်ထမ်းများအနေဖြင့် သင်တန်းတက်ရန်၊ အဝေးသင်ဖြေဆိုရန်နှင့် မိသားစု သာရေးနာရေး စသည့် ကိစ္စရပ်များ ဖြစ်ပေါ်လာပါက အသင်းမှ ငွေချေးယူနိုင်ကြောင်းနှင့် မိမိအလိုမရှိပါကလည်း မိမိစုငွေဖြင့် လိုအပ်သည့် အသင်းသားများကို ကူညီထုတ်ချေးသည့်သဘောဖြစ်၍ အသင်းသားအချင်းချင်း ရိုင်းပင်းကူညီသည့် သမဝါယမအသင်းတစ်သင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းဟိန်း**
**ဓာတ်ပုံ-သက်လွင်စိုး(ခရိုင်ပြန်/ဆက်)**



# စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်၌ လေကြောင်းရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စစ်တွေ စက်တင်ဘာ ၂၉**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေလေဆိပ်မှ လေကြောင်းရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့က စစ်တွေမြို့ အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် စစ်တွေလေဆိပ် လေကြောင်းရဲတပ်ဖွဲ့မှ ရဲမှူးစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များသည် အလိုတော်ပြည့်ကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေကန်များ ဆေးကြောသန့်စင်ခြင်း၊ အညစ်အကြေးများအား သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ထစ်ချုန်းမည့်အခြေအနေ ဖြစ်ပေါ်နေမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော်နှင့်ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

# မကွေးမြို့၌ သနပ်ခါးပွဲတော်နှင့် သနပ်ခါးမေရွေးချယ်ပွဲ ကျင်းပ

**မကွေး စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ သနပ်ခါးပွဲတော်နှင့် သနပ်ခါးမေရွေးချယ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မကွေးမြို့ အထက(၁)လမ်းရှိ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

သနပ်ခါးပွဲတော်တွင် မကွေးမြို့ ပန်းချီအစည်းအရုံး နာယက ပန်းချီဆရာကြီး ဦးမျိုးညွန့်(မကွေး)က အမှာစကား ပြောကြားပြီး မကွေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်က သနပ်ခါးပွဲတော်နှင့်ပတ်သက်၍ အမှတ်တရစကားပြောကြားခဲ့ပြီး သနပ်ခါးပွဲတော် အကဲဖြတ်ဒိုင်ဆရာမ ဒေါ်ခင်သန်းဖြူနှင့် ရန်ကုန်မြို့ ပန်းဆိုးတန်းပန်းချီခန်းမ တည်ထောင်ထားသူ ဦးအောင်စိုးမင်းတို့က သနပ်ခါးပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် သနပ်ခါးပွဲတော်အကြောင်း မိတ်ဆက်အမှာစကားများ ပြောကြားသည်။



**သနပ်ခါးမေအလှပြိုင်ပွဲတွင် အငယ်တန်းများ ပြိုင်ပွဲဝင်နေစဉ်။** ဓာတ်ပုံ-သန်းနိုင်ဦး(ငဖဲ)

သနပ်ခါးပွဲတော်တွင် သနပ်ခါးမေအလှပြိုင်ပွဲအတွက် အသက် ၁၄ နှစ်အထိ အငယ်တန်း ကလေးပြိုင်ပွဲနှင့် အသက် ၁၄ နှစ်မှ အသက် ၃၀ နှစ်အတွင်း အကြီးတန်းမိန်းမရွယ်များ အလှပြိုင်ပွဲဟူ၍ နှစ်မျိုးခွဲထားသည်။ အကြီးတန်း သနပ်ခါးမေ ပထမဆု ငွေကျပ် ၅၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀၀၊ တတိယဆု ငွေကျပ် ၂၀၀၀၀၀ နှင့် သနပ်ခါးချစ်သူဆု နှစ်ဆုအား ငွေကျပ် ၁၀၀၀၀၀ စီချီးမြှင့်မည်ဖြစ်ပြီး အငယ်တန်းသနပ်ခါးဖူးသစ်လုံမေအတွက် ဆုငွေ ငွေကျပ် ၅၀၀၀၀ ဆု ငါးဆု ချီးမြှင့်မည်ဖြစ်သည်။ မကွေးမြို့အနေဖြင့် အကြီးတန်းပြိုင်ပွဲဝင်သူ ၁၅ ဦးနှင့် အငယ်တန်းပြိုင်ပွဲဝင်သူ ၂၄ ဦးရှိကြောင်း သိရသည်။

သနပ်ခါးပွဲတော်တွင် ရွှေဘိုမင်းသမီး၊ ကြူကြူမွှေးအလှကုန်၊ (D fashion ) အလှကုန်ပစ္စည်းများနှင့် လူအများစိတ်ဝင်စားဆုံးပစ္စည်းဖြစ်သည့် ညောင်ဦးမြို့မှ လာရောက်ရောင်းချသည့် သနပ်ခါးနာရီအရောင်းဆိုင်များကို လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"အခုခေတ်မှာ သနပ်ခါးကို လူငယ်တွေက အသုံးနည်းပြီး မေ့လာကြတယ်။ အလွယ်တကူ လိမ်းခြယ်လို့ရတဲ့ အလှကုန်ပစ္စည်းတွေကိုပဲ သုံးလာကြတဲ့အတွက် ရိုးရာကိုပြန်ဖော်ထုတ်ရလည်းရောက်အောင်၊ လူငယ်တွေလည်း မမေ့အောင်ဆိုတဲ့ စိတ်ကူးနဲ့ ဒီသနပ်ခါးနာရီလေးတွေကို ထုတ်လုပ်ရောင်းချတာပါ"ဟု သနပ်ခါးနာရီထုတ်လုပ်ရောင်းချသူ ဦးအောင်မြတ်ထွဋ် က ပြောသည်။

သနပ်ခါးပွဲတော်သို့ လာရောက်သူ အထက(၁)မှ ဆရာမ ဒေါ်သီတာမြင့်ကလည်း "ကျွန်မက သနပ်ခါးကို တအားကြိုက်တယ်။ သနပ်ခါးကလွဲပြီးဘာမှ မလိမ်းဘူး။ ဒီနေ့ ကျောင်းတက်ရပေမယ့် စိတ်ဝင်စားလို့ အားတဲ့အချိန်လေး သနပ်ခါးပွဲတော်ကို လာခဲ့တာပါ"ဟု ပြောသည်။ သနပ်ခါးကို မြန်မာနိုင်ငံအနှံ့အပြားတွင် အမျိုးသမီး၊ အမျိုးသား၊ ကလေးများပါ လိမ်းခြယ်လေ့ရှိကြပြီး သနပ်ခါးသည် အပူဒဏ်ခံနိုင်ပြီး သင်းပျံ့သည့် မွှေးရနံ့ရှိသည့်အတွက် သနပ်ခါးကို အမြတ်တနိုး တန်ဖိုးထားလိမ်းခြယ်လာစေရန်နှင့် သနပ်ခါးမှတစ်ဆင့် မြန်မာ့ဓလေ့အား ကမ္ဘာကသိရှိလာစေရန်နှင့် သနပ်ခါးယဉ်ကျေးမှုကို မြန်မာ့အစဉ်အလာဓလေ့တစ်ခုအဖြစ် ကမ္ဘာက အသိအမှတ်ပြုလာစေရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး ကျင်းပ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)အား ကျေးရွာ သို့မဟုတ် အုပ်စုတစ်ခုချင်းအလိုက် ဆောင်ရွက်နိုင်ရေး အဆိုတင်သွင်း

**မကွေး စက်တင်ဘာ ၂၉**

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကြယ်ပွင့်ပြမေးခွန်း (၁၀)ခုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက မေးမြန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ငါးဦးက ပြန်လည်ဖြေကြားခဲ့သည်။

မကွေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ခင်ချိုလတ်က မကွေးတိုင်းဒေသကြီးအတွင်း လယ်ယာလုပ်ကိုင်စားသောက်နေသော တောင်သူများအခွင့်အရေးမဆုံးရှုံးစေရန် ရည်ရွယ်၍ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)အား ကျေးရွာ သို့မဟုတ် အုပ်စုတစ်ခုချင်းအလိုက် Pilot Project အစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းက ထောက်ခံဆွေးနွေးခဲ့ပြီး ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူခဲ့သည့်အတွက် အဆိုနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက် ဗုဒ္ဓဟူးနေ့(အဋ္ဌမနေ့)အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်သဖြင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အောက်တိုဘာ ၂ ရက် ရုံးချိန်အတွင်း လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ တစ်နှစ်တာ ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ရာ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အောက်တိုဘာ ၁၁ ရက် အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်သဖြင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း (မူလခန့်မှန်းခြေငွေစာရင်း) များနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ရာ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၂ ရက် အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်သဖြင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားခဲ့ပြီး ဆဋ္ဌမနေ့အစည်းအဝေးကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# မုံရွာ၌ ဂုဏ်ထူးဆောင်တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးဘဏ် ဖွင့်ပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ပထမဦးဆုံးဘဏ်ခွဲအဖြစ် ဂုဏ်ထူးဆောင်တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Glory Farmar's Development Bank) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က မုံရွာ(တောင်) ရပ်ကွက် ဗိုလ်ချုပ်လမ်းဘေး အဆိုပါဘဏ်ရှေ့မှခ်ဦး၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ ဂုဏ်ထူးဆောင်တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးဘဏ်(G-Bank)၏ Founder နှင့် အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းထွန်းနှင့် G-Bank မှ Board of Director ဦးရဲမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဂုဏ်ထူးဆောင်တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးဘဏ်(G-Bank)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ဂုဏ်ထူးဆောင်တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (G-Bank) ၏ Founder နှင့် အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းထွန်းက ဘဏ်နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းအမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများနှင့် လူငယ်များ အလုပ်အကိုင်တိုးပွားရေးကို အဓိကရည်ရွယ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ယခု (G-Bank) ကို လူမျိုးမရွေး၊ ဘာသာမရွေး၊ ပြည်သူအားလုံး ယုံကြည်စိတ်ချရမည့် ဘဏ်ကြီးဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စနေနေ့စကားဝိုင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၉**

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနေနေ့ စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့် SME စင်တာ၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အမှာစကားပြောကြားခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဇော်ဦး၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် PS Business School မှ President & CEO ဦးမျိုးမင်းတို့က "Regulatory Development to Good Business Environment" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ချိတ်ဆက်မှု စသည့်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မူဝါဒပိုင်းဆိုင်ရာ အခြေခံအုတ်မြစ် ခိုင်မာစွာတည်ဆောက်ပေးထားရန် အဓိကလိုအပ်သည့်အတွက် လည်းကောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ လုပ်သာကိုင်သာရှိစေသည့် ဝန်းကျင်ဖြစ်စေရန်အတွက် မူဝါဒများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လည်းကောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ အနေဖြင့် မူဝါဒပိုင်းဆိုင်ရာ နားလည်သဘောပေါက်၍ အခြေအနေ၊ အခွင့်အလမ်းအလားအလာများကို သိရှိနားလည်စေရန်အတွက် လည်းကောင်း ရည်ရွယ်၍ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ အသေးစားနှင့်အလတ်စားလုပ်ငန်းရှင် ၉၀ နီးပါး တက်ရောက်ခဲ့ပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ဂျာမနီနိုင်ငံ GIZ အဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဗလစိုး**

# အောက်တိုဘာ ၁ ရက်တွင် အောင်ဘာလေသိန်းဆု ဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၉**

(၁၉)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆု ဌာနခွဲတည်ရှိရာ အမှတ် (၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့်အပြီးဖွင့်လှစ်မည်ဖြစ်သည်။

(၁၉)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲတွင် ("က" အက္ခရာမှ "အ" အက္ခရာ၊ "ကက" အက္ခရာမှ "ကပ" အက္ခရာအထိ) စုစုပေါင်း အက္ခရာလုံးရေ ၄၇ လုံး၊ ထီစာအုပ်ပေါင်း ၃၈၄၅၄၄၆ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်ရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့ပါသည်။ ထီလက်မှတ် စာအုပ်ရောင်းရငွေပေါင်းမှာ ကျပ်သန်းပေါင်း ၁၉၂၂၇ ဒသမ ၂၃၀ ဖြစ်ပြီး ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်း ထီဆုငွေအဖြစ် ခွဲဝေပေးမည့်ငွေပေါင်းမှာ ကျပ်သန်းပေါင်း ၁၁၅၃၆ ဒသမ ၃၃၈ ဖြစ်သည်။

ချီးမြှင့်သွားမည့်ဆုငွေများမှာ အထူးဆုကြီးစနစ်မှ ကျပ်သိန်း တစ်သောင်း တစ်ဆု၊ ကျပ်သိန်းငါးထောင် နှစ်ဆု၊ ကျပ်သိန်းသုံးထောင် သုံးဆု၊ ကျပ်သိန်း တစ်ထောင် ငါးဆုနှင့် ဆုတစ်ဆုချင်းစနစ်မှ ကျပ်သိန်း ၅၀၀၊ ကျပ်သိန်း ၃၀၀၊ ကျပ်သိန်း ၁၀၀၊ ကျပ်သိန်း ၅၀၊ ကျပ်သိန်း ၃၀၊ ကျပ် ၁၀ သိန်းနှင့် ဝေဝေဆာဆာ ပဒေသာဆုမဲများဖြစ်သည့် ကျပ် သုံးသိန်း၊ ကျပ် နှစ်သိန်း၊ ကျပ် တစ်သိန်းနှင့် ကျပ် ငါးသောင်းဆုမဲများ ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။

ယခု (၁၉)ကြိမ်မြောက် ကျပ်ငါးရာတန်ထီပေါက်သည့် ကံထူးရှင်များအနက် ကျပ် ၁၀ သိန်းနှင့်အထက် ကံထူးရှင်များအား ထီဆုငွေထုတ်ပေးခြင်းကို ၃-၁၀-၂၀၁၈ ရက်မှစတင်၍ နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ကံထူးရှင်များအား ထီဆုငွေထုတ်ပေးခြင်းကို ၁၁-၁၀-၂၀၁၈ နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် လျှောက်ထားတင်ပြထုတ်ယူနိုင်ပါကြောင်းနှင့် ကျပ် ၁၀ သိန်းနှင့်အောက် ဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းဒေသကြီးပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ပြည်တွင်းစက်သုံးဆီ ဖြန့်ဖြူးရောင်းချသူများအား အရင်းဈေးအောက် လျှော့ရောင်းခြင်းမပြုရန် မေတ္တာရပ်ခံထား

**ရန်ကုန် စက်တင်ဘာ ၂၉**

ပြည်တွင်းစက်သုံးဆီ ဖြန့်ဖြူးရောင်းချသူများအား စက်သုံးဆီ အရင်းဈေးအောက် လျှော့ရောင်းချခြင်း မပြုရန် မေတ္တာရပ်ခံထားကြောင်း မြန်မာနိုင်ငံစက်သုံးဆီအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ယမန်နေ့ညနေ ၄ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံးရှိ မြန်မာနိုင်ငံ စက်သုံးဆီအသင်းရုံးတွင် ပြုလုပ်သည့် ဒေါ်လာငွေကြေး အပြောင်းအလဲအပေါ် စက်သုံးဆီဈေးပြောင်းလဲမှုနှင့် စပ်လျဉ်းပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"အရင်းဈေးအောက် လျှော့ရောင်းမယ်ဆိုရင် ရေရှည်မှာ ဒီလုပ်ငန်းနယ်ပယ်အတွက် မကောင်းဘူး။ ငွေကြေးပြဿနာတွေ ပေါ်လာနိုင်တယ်။ ရှုံးရင်း ရှုံးရင်း မလုပ်နိုင်တော့ဘူး။ လက်ရှိအနေအထားမှာ ကုမ္ပဏီကြီးတွေက ဆီဈေးလျှော့ရောင်းလို့ နယ်ဘက်မှာရှိတဲ့ ဆီဆိုင်လေးတွေ ပြုတ်ကုန်ပြီ။ ဒါတွေကို ကာကွယ်တားဆီးနိုင်အောင် အရင်းဈေးအောက် လျှော့မရောင်းဖို့ မေတ္တာရပ်ခံထားပါတယ်"ဟု မြန်မာနိုင်ငံစက်သုံးဆီအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က ပြောသည်။

ပြည်တွင်းတွင် ဒေါ်လာဈေးနှုန်း ဆက်တိုက်ကျဆင်းနေသော်လည်း စက်သုံးဆီဈေးနှုန်း မြင့်တက်နေမှုအပေါ် ဝေဖန်မှုများလည်းရှိနေကြောင်း စက်သုံးဆီဝယ်ယူသုံးစွဲနေသူများထံမှ သိရသည်။ "ဒီနေ့ အရင်းအောက်ကို လျှော့ရောင်းတဲ့ ကိစ္စရပ်တွေကိုတော့ ပြန်လည်စိစစ်ဖို့ ညှိနှိုင်းပါတယ်။ အရင်းအောက်ကို လျှော့ရောင်းနေခြင်းအားဖြင့် နိုင်ငံခြားဆီဈေးက ကျပြီ။ ဒေါ်လာဈေးကလည်း ကျပြီ။ နဂိုကတည်းက အရင်းမရတဲ့ ဈေးကျသွားတဲ့ဈေးဆိုတော့ ထပ်မချနိုင်တော့ဘူး။ အပြင်က မြင်တဲ့အမြင်ကျတော့ ဒေါ်လာဈေးနဲ့ စက်သုံးဆီဈေးကျသွားတာတွေ့တာ။ အရင်းဈေးအောက်ကို ရောက်နေတယ်ဆိုတာ မတွေ့နိုင်တဲ့အခါကျတော့ အထင်လွဲစရာတွေဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်းတွင် ရောင်းချနေသည့် စက်သုံးဆီဈေးနှုန်းကို တွက်ချက်ရာတွင် လတ်တလောဖြစ်ပေါ်နေသည့် ဒေါ်လာငွေလဲနှုန်းနှင့် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့ဆီဈေးနှုန်းကို အခြေခံပြီး တွက်ချက်ထားကြောင်း ယခင် ဈေးနှုန်းအတက်အကျအပေါ် ထည့်သွင်းတွက်ချက်မထားကြောင်း မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ သိရသည်။

"စက်သုံးဆီဈေးတွက်တဲ့အခါ လတ်တလောအခြေအနေနဲ့ပဲ တွက်ပါတယ်။ လတ်တလောအခြေအနေဆိုတာ လက်ထဲမှာ ဆီရှိပြီး ရောင်းတဲ့အချိန်မှာ ဘာနဲ့အခြေခံထားရောင်းလဲဆိုတော့ အဲ့ဒီနေ့မှာ ရောင်းလို့ရမယ့်၊ ဖြစ်ပေါ်လာမယ့် မြန်မာငွေရပါတယ်။ မြန်မာငွေရတော့မှ ဒေါ်လာငွေ Exchange လုပ်ရပါတယ်။ အဲ့ဒီအချိန် ဈေးနှုန်းနဲ့ပဲ တွက်ကြပါတယ်။ အရင်လက်ကျန်ဆီရှိတာတို့၊ မရှိတာတို့ တွက်မယ့်အစား အဲဒီလိုပဲတွက်ကြပါတယ်" ဟု ဒေါက်တာဝင်းမြင့်က ပြောသည်။

ဒေါ်လာဈေးနှုန်း အမြင့်ဆုံးတက်ခဲ့သည့် စက်တင်ဘာလတွင် စက်သုံးဆီဈေးနှုန်း ကွာခြားချက်ကို ကြည့်မည်ဆိုပါက စက်တင်ဘာ ၄ ရက်တွင် တစ်ဒေါ်လာ မြန်မာငွေကျပ် ၁၅၃၈ တွင် စက်သုံးဆီဈေးနှုန်း တစ်လီတာ ၉၆၇ ဒသမ ၅၀၊ စက်တင်ဘာ ၁၇ ရက်တွင် တစ်ဒေါ်လာ မြန်မာငွေကျပ် ၁၅၆၃ တွင် စက်သုံးဆီဈေးနှုန်း တစ်လီတာ ၉၈၀ ဒသမ ၀၀၊ စက်တင်ဘာ ၂၀ ရက်တွင် တစ်ဒေါ်လာ မြန်မာငွေကျပ် ၁၆၄၂ တွင် စက်သုံးဆီဈေးနှုန်း တစ်လီတာ ၉၉၅ ဒသမ ၀၀ ရှိခဲ့ကြောင်း မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ သိရသည်။

မြန်မာနိုင်ငံတွင် စက်သုံးဆီဆိုင်ပေါင်း ၂၀၀၀ ကျော်ရှိပြီး ပြည်တွင်းစက်သုံးဆီလိုအပ်ချက် တစ်လလျှင် တန်ချိန် လေးသိန်းမှ ခြောက်သိန်းအထိရှိကြောင်း၊ စက်သုံးဆီသိုလှောင်နိုင်သည့် သိုလှောင်ရုံ ၁၂ ရုံ ခွင့်ပြုထားပြီး ခြောက်ရုံတည်ဆောက်ထားပြီးဖြစ်ကြောင်း အများဆုံး သုံးလစာမှ ငါးလစာအထိ သိုလှောင်နိုင်ကြောင်း မြန်မာနိုင်ငံ စက်သုံးဆီအသင်းမှ သိရသည်။

**မင်းသစ် (MNA)**



**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ယနေ့ နံနက်က တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ဦးဆောင်၍ တရားသူကြီးချုပ်ရုံး၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်တရားရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ ရုံးတွင်း ရုံးပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။** သန့်စင်

# မန္တလေး၌ အပြည်ပြည်ဆိုင်ရာအလွတ်တန်း စစ်တုရင်ပြိုင်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသော ၂၀၁၈ ခုနှစ် စတုတ္ထအကြိမ်မြောက် ဂရင်းမာစတာ ဇော်ဝင်းလေးအမှတ်တရ အပြည်ပြည်ဆိုင်ရာ အလွတ်တန်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ဗထူးကွင်းအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် အလှူရှင်များ လှူဒါန်းသောအလှူငွေများကိုလက်ခံပြီး တက်ရောက်လာကြသူများနှင့် အားကစားသမားများအားလုံးသည် ဂရင်းမာစတာ ဇော်ဝင်းလေးအား သတိရအောက်မေ့ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့် ငြိမ်သက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်ကစားသမားများကို နှုတ်ဆက်အားပေးခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံအနှံ့မှ စစ်တုရင်ကစားသမားပေါင်း ၁၂၇ ဦး ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲကို ပထမဆုမှ ဒသမဆုအထိ ချီးမြှင့်သွားမည်ဖြစ်ပြီး ဒေသခံဆုများ၊ အသက် ၅၀ နှစ်နှင့်အထက် စီနီယာဆုများ၊ အသက် ၂၀ နှစ်နှင့်အောက် လူငယ်ဆုများ၊ အမျိုးသမီး အကောင်းဆုံးဆုများကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

# မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖွဲ့စည်း

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ညွှန်ကြားမှုဖြင့် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာအမျိုးသမီး အားကစား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပထမဆုံး ရွေးချယ်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ပထမအကြိမ် ညီလာခံနှင့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက် ၁၀ နာရီက တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးက မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းများကို ပြောကြားကာ တက်ရောက်လာကြသည့် အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြသည်။




ဆက်လက်၍ ပထမအကြိမ် ညီလာခံနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို မဲနှိုက်ရွေးချယ်ရာတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ ဒုတိယဥက္ကဋ္ဌ(၁)ဒေါ်ချိုချိုလွင်၊ ဒုတိယဥက္ကဋ္ဌ(၂)ဒေါ်ရီရီဝင်း၊ ဒုတိယဥက္ကဋ္ဌ(၃) ဒေါ်အေးအေးညွန့်၊ ဒုတိယဥက္ကဋ္ဌ(၄) ဒေါ်ခင်ညို၊ အတွင်းရေးမှူး ဒေါ်အေးအေးရွှေနှင့် တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်လဲ့လဲ့အေး၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဖြူဇင်ခိုင်နှင့်အတူ အလုပ်အမှုဆောင် စုစုပေါင်း ၂၆ ဦးတို့ကို စက်တင်ဘာ ၂၉ ရက်က ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ-အေးကေလင်း**

# မန်ယူတို့ ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်(၇)တွင် မန်စီးတီး၊ အာဆင်နယ်၊ စပါးတို့ ဂိုးပြတ်အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၇)ကို စက်တင်ဘာ ၂၉ရက် ညတွင် ယှဉ်ပြိုင်ခဲ့ပြီး အစောဆုံးပွဲစဉ်အဖြစ် ဝက်စ်ဟမ်းနှင့် မန်ယူတို့ယှဉ်ပြိုင်ခဲ့ရာ အိမ်ရှင် ဝက်စ်ဟမ်းအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဝက်စ်ဟမ်းအသင်းသည် ၄-၃-၃ တိုက်စစ်ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် မန်ယူအသင်းသည် ၅-၃-၂ ပုံစံဖြင့် ပွဲထွက်လာသည်။ ပွဲစပြီး ငါးမိနစ်တွင် ဇာဘလက်တာ ဖြတ်တင်ဘောကို တိုက်စစ်မှူး အန်ဒါဆန် အနီးကပ် ပိတ်သွင်းယူခဲ့၍ ဝက်စ်ဟမ်းအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၄၃ မိနစ်တွင် ဝက်စ်ဟမ်းတိုက်စစ်မှူး ယာမိုလန်ကို က ၁၈ ကိုက်စည်းအတွင်းမှ အပြင်းကန်သွင်းခဲ့ရာ မန်ယူနောက်တန်းကစားသမား လင်ဒီလော့ဖ်နှင့်ထိပြီး လမ်းကြောင်းပြောင်း၍ ဂိုးဝင်ခဲ့ရာ ဝက်စ်ဟမ်းအသင်း နှစ်ဂိုးအသာဖြင့် ပထမပိုင်းအပြီး ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် မန်ယူအသင်း ချေပဂိုးရရှိရန် ဖိအားပေးခဲ့ရာ ပွဲချိန် ၇၁ မိနစ်တွင် လူစားဝင်လာသော ရက်ချ်ဖို့ဒ်က ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၄ မိနစ်တွင် မက်ခ်နိုဘယ်၏ ဖန်တီးမှုမှတစ်ဆင့် အာနော်တိုဗစ်က ဝက်စ်ဟမ်းအသင်းအတွက် တတိယအနိုင်ဂိုးကို သွင်းယူခဲ့သည်။

မန်ယူအသင်းသည် စက်တင်ဘာ ၂၅ ရက်က ယှဉ်ပြိုင်ခဲ့သည့် အီးအက်ဖ်အယ်ဖလားတွင် အိမ်ကွင်း၌ ဒါဘီအသင်းကို ရှုံးနိမ့်ခဲ့၍ နည်းပြ မော်ရင်ညို ဖိအားများနှင့် ရင်ဆိုင်နေခဲ့ရာ ယနေ့ပွဲတွင် ထပ်မံရှုံးနိမ့်ခဲ့ရပြန်သည်။ ပွဲစဉ်(၇)ယှဉ်ပြိုင်အပြီး မန်ယူအသင်း ရမှတ် ၁၀ မှတ်သာရရှိထားပြီး ဝက်စ်ဟမ်းအသင်းသည် ယနေ့ပွဲအနိုင်ရရှိသည့်အတွက် ဝက်စ်ဟမ်းအသင်း ရမှတ် ၇ မှတ် ရရှိခဲ့သည်။

ပရီမီယာလိဂ် အခြားပွဲစဉ်ရလဒ်များအဖြစ် မန်စီးတီးက ဘရိုက်တန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ အာဆင်နယ်က ဝက်ဖို့ဒ်ကို နှစ်ဂိုး-ဂိုးမရှိနှင့် စပါးက ဟက်ဒါဖီးလ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အဲဗာတန်က ဖူလ်ဟမ်ကို သုံးဂိုး-ဂိုးမရှိ၊ လက်စတာက နယူးကာဆယ်ကို နှစ်ဂိုး-ဂိုးမရှိနှင့် ဝုလ်ဗာဟမ်တန်က ဆောက်သမ်တန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **သီဟ**




# လူမှုရေးဝန်ကြီးဖလား စက်ဘီးစီးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၂၉**

လူငယ်များ လမ်းမှားသို့ မရောက်ရှိစေရန်နှင့် မျိုးဆက်သစ် ကစားသမားများ ပေါ်ထွက်လာစေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဖလား အခြေခံပညာ ကျောင်းပေါင်းစုံ စက်ဘီးစီးပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံ အားကစားသိပ္ပံကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိမြို့နယ် ၄၃ ခုမှ အခြေခံပညာ ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

"ဒီလို ပြိုင်ပွဲလေးတွေ လုပ်ခြင်းအားဖြင့် ကျောင်းသား လူငယ်လေးတွေရဲ့ သက်တမ်းအလိုက် မှန်ကန်စွာ ဝင်ရောက်ယှဉ်ပြိုင်ဖို့က ပညာရေးမှာ အဓိကကျတယ်။ နိုင်ငံတော်အတွက်လည်း သက်တမ်းအလိုက် မျိုးဆက်သစ် စက်ဘီးစီးလူငယ်တွေ ရရှိစေပါတယ်။ လူမှုရေးဝန်ကြီးဖလား အခြေခံပညာ ကျောင်းပေါင်းစုံအနေနဲ့က ဒါပထမဆုံးဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲတွေက ဖြစ်သင့်ပါတယ်။ ကျောင်းတွေမှာ ကလေးတွေက စာပြီးရင်း စာဖြစ်နေတဲ့ အပေါ်မှာ ကြံ့ခိုင်တဲ့ ခန္ဓာကိုယ်မှာ ကြံ့ခိုင်တဲ့ စွမ်းရည်တွေရှိစေဖို့ အများစု ကျန်းမာရေးကို မြင်လာနိုင်တယ်။ ဇွဲရှိခြင်း၊ သည်းခံခြင်း၊ ကြိုးစားခြင်း စတဲ့ဖြူစင်တဲ့ စိတ်ဓာတ်ကောင်းတွေလည်း ရရှိပေါ်ပေါက်လာစေတယ်။ ပူးပေါင်းဆောင်ရွက်တတ်လာတယ်။ ကျန်းမာသန်စွမ်းပြီး စည်းကမ်းရှိတဲ့ ကျောင်းသားလူငယ်တွေလည်း ပေါ်ထွက်လာစေပါတယ်" ဟု တိုင်းဒေသကြီး ပညာရေးမှူးရုံး လက်ထောက်ပညာရေးမှူး ဦးအေးမင်း(ကာယ/ကျောင်းကျန်းမာ)က ပြောသည်။

ယင်းနေ့ ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန (ရန်ကုန်) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် အသက် (၁၃ နှစ်) အောက် ကျောင်းသား ကျောင်းသူနှင့် အသက် (၁၆ နှစ်)အောက် ကျောင်းသား ကျောင်းသူ စုစုပေါင်း အတန်းလေးတန်းမှ တစ်ခါပြိုင်လျှင် မီတာ ၁၆၀၀ အကွာအဝေးရှိ အား/ ကာသိပ္ပံ စက်ဘီးစီးကွင်းကို သုံးပတ်စီးကာ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

◆ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းတွင် **နည်းပြချုပ်**-အန်တွမ်နီပေး၊ **လက်ထောက်နည်းပြ**-ဟာလက်၊ ဦးစိုးမြတ်မင်း၊ **ဂိုးနည်းပြ**-ကာစတန်၊ **ဂိုးသမား** - ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ ဘုန်းသစ္စာမင်း(ရှမ်း)၊ **နောက်တန်း** - သိန်းသန်းဝင်း(ရတနာပုံ)၊ ဒေးဗစ်ဒန်း၊ ထိုက်ထိုက်အောင်(ရှမ်း)၊ နန္ဒကျော်၊ ဝင်းမိုးကျော်(မကွေး)၊ စိုးမိုးကျော်(အား/ကာသိပ္ပံ)၊ သီဟထက်အောင်(ဇွဲကပင်)၊ ပြည့်ဖြိုးဇော်(ရန်ကုန်)၊ **အလယ်တန်း** - လှိုင်းဘိုဘို၊ စည်သူအောင်၊ ရဲကိုဦး၊ ရဲရင့်အောင်၊ မျိုးကိုထွန်း၊ မြတ်ကောင်းခန့်(ရတနာပုံ)၊ သန်းထက်အောင်(ဇွဲကပင်)၊ ထက်ဖြိုးဝေ၊ ရန်နိုင်ဦး(ရှမ်း)၊ လွင်မိုးအောင်(အား/ကာသိပ္ပံ)၊ မောင်မောင်စိုး(မကွေး)၊ **ရှေ့တန်း** - အောင်သူ (Police Tero) ၊ အီစို၊ မောင်မောင်လွင်(ရန်ကုန်)၊ ကောင်းဆက်နိုင် (ဆာမတ်ဆာခွန်)၊ ဇင်မင်းထွန်း(ရှမ်း)တို့ ပါဝင်ကြသည်။

**သတင်း- ညီမြတ်သော်တာ၊ ဓာတ်ပုံ- စိုးညွှန့်**

✳ *ကျောဖုံးမှ*

ရလဒ်ကောင်းရယူနိုင်မည်ဖြစ်သည်။ ဟံသာဝတီအသင်းမှာမူ ရှေ့ လယ်၊ နောက် ဟန်ချက်ညီအောင် ကစားနေပြီး ရန်ကုန်အသင်းအနေဖြင့် နိုင်ငံခြားသား တိုက်စစ်မှူးများ ခြေစွမ်းပြနိုင်မှသာ ဖလားနှစ်လုံးအိပ်မက် အကောင်အထည်ပေါ်ဖွယ်ရှိနေသည်။ အမှတ်ပေးပြိုင်ပွဲ တွေ့ဆုံမှုတွင် ရန်ကုန်အသင်းက အဝေးကွင်း၌ အနိုင်ရပြီး အိမ်ကွင်းတွင် ဟံသာဝတီအသင်းကို ပြန်လည်ရှုံးနိမ့်ထားသည်။

ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်းတို့၏ အားပြိုင်မှုတွင် ဘယ်အသင်း အောင်ပွဲခံသွားမလဲဆိုတာ အောင်ဆန်းကွင်းမြက်ခင်းပေါ်တွင် မကြာမီအဖြေပေါ်တော့မည်ဖြစ်သည်။ **သတင်း- ညီမြတ်သော်တာ၊ ဓာတ်ပုံ- စိုးညွှန့်**

# သာစည်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ရှစ်လုံး ပျက်စီး

**သာစည် စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရွာပုလဲကြီးကျေးရွာအုပ်စု ရွာပုလဲလေး ကျေးရွာ၌ စက်တင်ဘာ ၂၉ ရက် နံနက် ၁ နာရီခွဲက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ရှစ်လုံး အိမ်အမိုးများ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ဦးမောင်မောင်၏ နေအိမ်တွင် ၁၀ ပေသွပ် ၁၈ ချပ်၊ ဦးစံကုလား၏ နေအိမ်တွင် ကိုးပေသွပ် ၁၀ ချပ်၊ ဦးဘိုကြည်၏ နေအိမ်တွင် ရှစ်ပေသွပ် ခြောက်ချပ်၊ ဒေါ်သန်းရင်၏နေအိမ်တွင် ရှစ်ပေသွပ် ၁၈ ချပ်၊ ဒေါ်ခင်ဝင်း၏ နေအိမ်တွင် ခုနစ် ပေသွပ် ၁၆ ချပ်၊ ဒေါ်နွဲ့နွဲ့အေး၏ နေအိမ်တွင် ၁၀ ပေသွပ် လေးချပ်၊ ဦးမောင်သန်း၏ နေအိမ်တွင် ၁၀ ပေသွပ် ခြောက်ချပ် ၊ ဦးဝဲကျော်၏ နေအိမ်တွင် ၁၀ ပေသွပ် ငါးချပ် အမိုးလန်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



# သဘာဝဘေးကြောင့်ပျက်စီးခဲ့သည့် သီးနှံစိုက်ခင်းများအတွက် ထောက်ပံ့

**လားရှိုး စက်တင်ဘာ ၂၉**

မိုးရာသီကာလတွင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် သီးနှံစိုက်ခင်းများအတွက် တောင်သူ လယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေများကို ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ တောင်သူ ၇၁၁ ဦး၊ စိုက်ဧကပေါင်း ၁၄၅၇ ဧက ပျက်စီးခဲ့သည့် တောင်သူများအတွက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးမြကျော်က ငွေကျပ် ၁၄၆၉၀၀၀၀ ကို စက်တင်ဘာ ၂၈ ရက်က လားရှိုးမြို့ ဒုတိယပြည်နယ်ဦးစီးမှူးရုံး၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# ကျိုင်းလပ်၌ ကျပ်သိန်းပေါင်း ၁၆၀၀ တန်ဖိုးရှိ ကဖင်းအိတ်များနှင့် စိတ်ကြွရှူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ကျိုင်းလပ် စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းလပ်မြို့ ဝမ်းယန်းရွာနှင့် ပန်ပဲအောက်ရွာတို့၌ စိတ်ကြွရှူးသွပ်ဆေးပြားနှင့် ကျပ်သိန်းပေါင်း ၁၆၀၀ ခန့်တန်ဖိုးရှိ ကဖင်းအိတ်များကို စက်တင်ဘာ ၂၉ ရက်က ဖမ်းဆီးရမိကြောင်း တာချီလိတ်မူးယစ်တပ်ဖွဲ့စု(၃၀) ဒုရဲမှူး ကျော်စွာထွန်းထံမှ သိရသည်။

စက်တင်ဘာ ၂၉ ရက် နံနက် ၅ နာရီခွဲခန့်က တာချီလိတ်မူးယစ်တပ်ဖွဲ့စု(၃၀)မှ ဒုရဲမှူး ကျော်စွာထွန်း ဦးစီးပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် နမ့်ခင်းကျေးရွာအုပ်စု ပန်ပဲအောက်ရွာနေ ရှဲချိုက်(ခ)ဆို့ချယ် (၆၆ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၁၅၁ ပြား၊ အလေးချိန် ၁၅ ဒသမ ၁ ဂရမ်ခန့်ကို တွေ့ရှိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ကျိုင်းလပ်မြို့ဘက်မှ တာလေမြို့ဘက်သို့ အိုက်အွန်မောင်းနှင်လာသော ထော်လာဂျီယာဉ်ကို ရပ်တန့်စစ်ဆေးရာ ကဖင်းမှုန့် အလေးချိန် တစ်အိတ်လျှင် ၅၀ ကီလိုခန့်စီပါ ၄၀ အိတ်၊ စုစုပေါင်းအလေးချိန် ၂၀၀၀ ကီလိုခန့်၊ ဒေသတန်ဖိုး တစ်ကီလိုလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် ကျပ်သိန်းပေါင်း ၁၆၀၀ ခန့်ကို တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။ **(ယာပုံ)**

အမှုမှ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ ရှဲချိုက်(ခ)ဆို့ချယ် (၆၆ နှစ်)နှင့် ကဖင်းအိတ်များနှင့်အတူ ဖမ်းဆီးရမိသည့် အိုက်အွန်(၄၅ နှစ်)တို့နှစ်ဦးကို မိုင်းပါလျှိုးနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## မြန်မာ့ရုပ်မြင်သံကြား

**၃၀ . ၉ . ၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် စည်းမျဉ်း (၁၀)ချက် ဂန္ဓာရုံအသက် (အပိုင်း-၁)
- ၈း၃၅ - တရုတ်ကာတွန်း တောပျော်မျောက်ကလေး ကျွမ်ကျွမ့် (အပိုင်း-၈)
- ၉း၄၀ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၀း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၀၀ - လှုပစုံလင် အာဆီယံတစ်ခွင်
- ၁၂း၃၀ - This Week's Special Interest
- ၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **မောင်မောင်နဲ့ပထမအချစ်**
- ၁၅း၃၀ - တိတ်ဆိတ်ခြင်း၏ နောက်ကွယ်

**ညပိုင်း**

- ၁၆း၃၅ - "မျှော်လင့်ခြင်းနေ့သစ်များ"
- ၁၈း၂၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ရိုးရာအလှနှင့် မှုန်းကာခြယ် မြတ်နိုးစဖွယ် မြို့ရွှေဆည်"
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **(၅၄)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း** "စေဉ္ဇွန်ရာ"
- In & Out China ခရီးစဉ်(အပိုင်း-၅) (လေးဖြူနှင့်အဖွဲ့)
- ပြည်သူ့နီတိ **"နှစ်ဖက်ရှုံး အာဃာတ"**

# လွယ်ဂျယ်၊ ဟုမ္မလင်းနှင့် မန္တလေး၌ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၂၉**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၈ ရက် နံနက်က မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ လွယ်ဂျယ်-မန်ကောင်းကျေးရွာသွား ကားလမ်းတွင် နန်အောင်ဒီး မောင်းနှင်ပြီး နော်အောင်လိုက်ပါလာသည့် WISH အမျိုးအစား မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်၏ ရှေ့ခန်း အံဝှက်အတွင်းမှ ဆပ်ပြာခွက် ၁၂၀ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၁ ဒသမ ၆၅၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် ယင်းဘိန်းဖြူများကို လာရောက်ယူဆောင်သူ သက်နိုင်ထွန်းနှင့် စိန်လင်းတို့ နှစ်ဦးအား လွယ်ဂျယ်မြို့ စိန်လုံတည်းခိုခန်းရှေ့တွင် ငွေကျပ် ၁၂၀၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



အလားတူ စက်တင်ဘာ ၂၇ ရက်က ခန္တီးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟုမ္မလင်းမြို့နယ် နန့်စကားကျေးရွာရှိ ဖိုးပါ(ခ)ဝင်းသန်းဌေး၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ပြည့်စုံ၊ ချမ်းမြေ့အောင်တို့ကို တွေ့ရှိရပြီး ပြည့်စုံဝတ်ဆင်ထားသည့် ပုဆိုးခါးပုံစအတွင်းနှင့် ၎င်းတို့အနီး ကြမ်းပြင်ပေါ်တို့မှ ဘိန်းဖြူ ၅ ဒသမ ၈ ဂရမ်၊ စိတ်ကြွရှူးသွပ်ဆေးပြား ၁၅၀ ၊ ပစ္စတို တစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ယင်းကျည် ခုနစ်တောင့်၊ ယင်းကျည်ခွံ တစ်ခု၊ ခါးချိုး လေသေနတ်တစ်လက်၊ ခဲသီး ၃၀ နှင့် ငွေကျပ် ၁၈၇၀၀၀၀ တို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဟာအောင်မြေမြို့နယ် (၇၃)လမ်း ၃၈×၃၉ လမ်းကြား FRIENDS လက်ဖက်ရည်ဆိုင်သို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ နောင်နောင်ထွေးကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရှူးသွပ်ဆေးပြား ၃၉၆၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်နေ တင်မောင်ထူးနှင့် မနှင်းတို့က ဝယ်ယူစေခိုင်းခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဆွာချောင်းအတွင်း ရေနောက်မျောပါပျောက်ဆုံးနေသော တပ်မတော်အရာရှိတစ်ဦး၏အလောင်း တွေ့ရှိ

**ရေတာရှည် စက်တင်ဘာ ၂၉**

ဆွာချောင်းတမံ ပင်မရေပိုက်လွှဲကျိုးပေါက်မှုကြောင့် ဩဂုတ် ၂၉ ရက်က ရေစီးနောက်မျောပါပျောက်ဆုံးနေသော ဗိုလ်မှူးမြတ်စံ (၄၁နှစ်)၏ ရုပ်အလောင်းကို ရေတာရှည်မြို့နယ် ရွှေကဖောင်းကျေးရွာနှင့် သဖန်းစင်ကျေးရွာသွား လမ်း၏မြောက်ဘက် စစ်တောင်းမြစ်ကမ်း တောင်ဘက်ခြမ်းတွင် စက်တင်ဘာ ၂၈ ရက် ညနေ ၆ နာရီခန့်က တွေ့ရှိခဲ့ကြောင်း ဆွာနယ်မြေရဲစခန်းမှ သိရသည်။

စစ်တောင်းမြစ်အတွင်း ငါးရှာဖွေသူများက စစ်ယူနီဖောင်းဝတ်ထားသော အလောင်းတစ်လောင်း တွေ့ရှိရကြောင်း ရွှေကဖောင်း ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ခဲ့သဖြင့် ဆွာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် နေလင်းအောင်နှင့် နယ်မြေခံတပ်မတော်မှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ရာ ဗိုလ်မှူးမြတ်စံဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ဗိုလ်မှူးမြတ်စံသည် ဩဂုတ် ၂၉ရက် နံနက်ပိုင်းက ဆွာဆည်တမံ ပင်မရေပိုက်လွှဲကျိုးပေါက်မှုကြောင့် ရေများလုံးဆင်းလာချိန် ဒေသခံပြည်သူများကို ကူညီဆောင်ရွက်မှုများပေးနိုင်ရန် သက်ဆိုင်ရာဌာနအဆင့်ဆင့်သို့ သတင်းပို့ခဲ့ပြီး ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း ဆွာမြို့ဘက်သို့ ဆိုင်ကယ်ဖြင့် ပြန်လာစဉ် ရေဦးနှင့်တိုးခဲ့သဖြင့် ၁၂ ဘီးကုန်တင်ယာဉ်အား တွယ်စီးထားစဉ် ယာဉ်နှင့်အတူ မျောပါသွားခဲ့ခြင်းဖြစ်သည်။

**သန်းလွင်**

## ကသာမြို့နယ်၌ ငါးရက်အတွင်း ကျွန်းသစ် တန် ၁၀၀ ကျော် ဖမ်းမိ

**ကသာ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပျဉ်ထောင်ကြီးကျေးရွာအနီး ရွှေလီမြစ်အတွင်း သစ်ဖောင်တစ်ခုမှ တရားမဝင်ကျွန်းသစ်လုံးများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၇ ရက်က ကသာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွဏ်း ဦးစီးသော သစ်တောဝန်ထမ်းများသည် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပျဉ်ထောင်ကြီးကျေးရွာအနီး ရွှေလီမြစ်အတွင်း သစ်ဖောင်တစ်စီးကို စစ်ဆေးရာ တရားမဝင်ကျွန်းသစ် ၆၉ လုံး၊ ၁၇ ဒသမ ၀၈၈ တန် ဖမ်းမိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ရေကြောင်းကောင်းနေချိန်တွင် သစ်လုံးများကိုဖောင်ဖွဲ့၍ ဧရာဝတီမြစ်နှင့်ရွှေလီမြစ်အတွင်းတို့မှ ဖောင်ဖွဲ့၍ ခိုးထုတ်စုန်မျှောခဲ့သည့် တရားမဝင်သစ်များကို စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ စုစုပေါင်း ကျွန်းသစ် ၅၆၈ လုံး၊ ၁၀၅ တန်နှင့် သစ်ဖောင်ပိုင်ရှင် ကသာမြို့နယ် ဒိုးပင်ကျေးရွာနေ ဦးမူးမူးဆိုသူကို ဖမ်းမိထားကြောင်း ဦးစီးအရာရှိ ဦးတင်ထွဏ်းထံမှ သိရသည်။

**လှူအောင်(ကသာ)**

# ကာမိုင်းမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကျောက်စိမ်းရိုင်းတုံးများ သိမ်းဆည်းရမိ

**ကာမိုင်း စက်တင်ဘာ ၂၉**

ဖားကန့်မြို့နယ် ကာမိုင်းမြို့ လဝါးပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စက်တင်ဘာ ၂၈ ရက်က တရားမဝင်ကျောက်စိမ်းရိုင်းတုံးများ သယ်ဆောင်လာသည့် ယာဉ်တစ်စီး ဖမ်းဆီးရမိကြောင်း ဒုရဲအုပ်သက်နိုင်ထံမှ သိရသည်။

ဖြစ်စဉ်မှာ ကာမိုင်းမြို့ လဝါးပူးပေါင်းစစ်ဆေးရေးဂိတ်အနီး ယာဉ်အမှတ် 5I/ ----- WISH ယာဉ်တစ်စီးမှာ အချိန်ကြာမြင့်စွာရပ်ထားသည်ကို တွေ့ရှိရသဖြင့် ဒုရဲအုပ် ဝင်းသက်နိုင်နှင့်ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယာဉ်မောင်းနှင့် ခရီးသည်များ တစ်စုံတစ်ယောက်မျှမတွေ့ရှိရဘဲ ယာဉ်ပေါ်မှ ကျောက်စိမ်းရိုင်းအရွယ်စုံ ၆၈ တုံး(အလေးချိန် ၁၃၀ ကီလိုဂရမ်ခန့်)ကို သိမ်းဆည်းရမိခဲ့သဖြင့် တရားမဝင်ကျောက်စိမ်းရိုင်းတုံးများ သယ်ဆောင်လာသူကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကာမိုင်း (ပြန်/ဆက်)**



# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးရှာဖွေရာမှ ကျောက်စိမ်းဖြတ်စအတုံးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၈ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၆၁၀၊ သွင်းကုန် ၅၄၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈ စီး၊ သွင်းကုန် ၂၂၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၅၂၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၈၄ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၃၀၄ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ Wingroad ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်၏ အောက်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုက်စုံ ၂၁၆ ကီလိုဂရမ်နှင့် အဆိုပါပစ္စည်း သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၀၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျောက်မဲမြို့နယ်၌ ကျွဲ၊ နွားတင်ယာဉ်များ သေနတ်ဖြင့် ပစ်ခတ်ခံရ

**ကျောက်မဲ စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ဗူးခါးကျေးရွာနှင့် နားခေါ်ကျေးရွာအကြား ပြည်ထောင်စုလမ်းမကြီးတွင် စက်တင်ဘာ ၂၈ ရက် ည ၁၁ နာရီခွဲက နောင်ချိုဘက်မှ လားရှိုးဘက်သို့ တစ်စီးလျှင် နွားအကောင် ၂၀ စီ တင်ဆောင်လာသည့် မော်တော်ယာဉ် ငါးစီးသည် မိုင်တိုင်အမှတ် ၁၁၂/၄ နှင့် ၁၁၂/၅ ကြားအရောက်၌ ဆိုင်ကယ်ဖြင့် လိုက်လာသည့် အမျိုးသားနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်သွားခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်၌ ၂၀၁၈ ခုနှစ်အတွင်း ကျွဲ၊ နွားတင်လာသည့် မော်တော်ယာဉ်များကို သေနတ်ဖြင့် ပစ်ခတ်မှု ခုနစ်ကြိမ် ဖြစ်ပွားခဲ့ရာ သေဆုံးသူ ရှစ်ဦးနှင့် ဒဏ်ရာရသူ ကိုးဦးရှိခဲ့ပြီး အဆိုပါပစ်ခတ်မှုများကို မြို့နယ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ငလျင်လှုပ်ပြီး ဆူနာမီရိုက်ခတ်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံ ပါလူတွင် သေဆုံးသူ ၄၀၀ နီးပါးရှိလာ

ဂျကာတာ စက်တင်ဘာ ၂၉

**အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဆူလာဝေစီပြည်နယ် မြို့တော်ပါလူတွင် စက်တင်ဘာ ၂၈ ရက်က အင်အားပြင်းငလျင်လှုပ်ပြီးနောက် ဆူနာမီဖြစ်ပွားခဲ့ရာ ယခုအချိန်အထိ သေဆုံးသူ ဦးရေမှာ ၄၀၀ နီးပါး ရှိလာပြီဖြစ်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက ပြောခဲ့သည်။**

ဒဏ်ရာရရှိသူများလည်း ရာကျော်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ကြိုးကြိုးစားစားဆောင်ရွက်နေကြောင်း သိရသည်။

တရားဝင်သေဆုံးသူအရေအတွက်မှာ ၃၈၄ ဦး အထိ ရှိလာပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသော်လည်း နောက်ပိုင်းတွင် သေဆုံးသူဦးရေ ပိုမိုမြင့်တက်လာနိုင်ကြောင်း သိရသည်။

သေဆုံးသူများမှာ ဆူနာမီဝင်ရောက်ရာ ပါလူမှဖြစ်ကြောင်း သိရပြီး မြို့ထဲကမ်းခြေပေါ်တွင် သေဆုံးသူအလောင်းများ ပြန့်ကျဲနေကြောင်း ဆူနာမီလှိုင်းမှာ ၁ ဒသမ ၅ မီတာ (ငါးပေ)အမြင့်ရှိကြောင်း သိရသည်။

ထို့အပြင် ကမ်းခြေပွဲတော်ပြုလုပ်ရန် ပြင်ဆင်နေသူလူပေါင်းရာကျော်အတွက်လည်း စိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း သဘာဝဘေးအေဂျင်စီက ပြောခဲ့သည်။

ဆေးရုံများတွင်လည်း ဒဏ်ရာရသူများဖြင့် ပြည့်နေကာ အများစုမှာ လဟာပြင်တွင် ဆေးကုသမှုခံယူနေရကြောင်း၊ တချို့အသက်ရှင်နေသူများကလည်း သေဆုံးသူများ၏ ရုပ်အလောင်းများကို ဝိုင်းဝန်းသိမ်းဆည်းပေးခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်မှုကြောင့် အဆောက်အအုံပြိုကျမှုများ ဖြစ်ပေါ်ခဲ့သလို ဆူနာမီလှိုင်းကြောင့်လည်း လူများကုန်းမြင့်ရာသို့ ထွက်ပြေးခဲ့ရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**



# အင်အားပြင်းတိုင်ဖုန်းမုန်တိုင်း ဂျပန်နိုင်ငံသို့ဝင်ရောက်

**တိုကျို စက်တင်ဘာ ၂၉**

အင်အားပြင်း တိုင်ဖုန်းမုန်တိုင်းသည် အိုကီနာဝါစီရင်စုနှင့် ဂျပန်နိုင်ငံတောင်ပိုင်း ကာဂိုရှီမာစီရင်စုရှိ အမာမိကျွန်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဂျပန်နိုင်ငံ၏ အခြားဒေသများတွင်လည်း တနင်္လာနေ့အထိ မုန်တိုင်းဒဏ်သက်ရောက်မှုရှိနိုင်ကြောင်း ဂျပန်မိုးလေဝသအရာရှိများက စက်တင်ဘာ ၂၉ ရက်က ပြောခဲ့သည်။

အင်အားပြင်း တိုင်ဖုန်းမုန်တိုင်း တရာမီတိုက်ခတ်မှုကြောင့် ခုနစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂျပန်နိုင်ငံတောင်ပိုင်းစီရင်စုဖြစ်သည့် အိုကီနာဝါမှ အရာရှိများက ပြောကြားခဲ့သည်။

အသက် ၃၀ ကျော်အရွယ်အမျိုးသားတစ်ဦး လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြတင်းပေါက်ကျိုးထွက်သွားရာ ခြေထောက်တွင် ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အခြားခြောက်ဦးလည်း အလားတူ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

တိုင်ဖုန်းမုန်တိုင်း တရာမီတိုက်ခတ်မှုကြောင့် အခြားလေဆိပ်များနှင့် နာဟာလေဆိပ် ပြည်တွင်းပြည်ပလေကြောင်းလိုင်းပေါင်း ၃၈၆ လိုင်း ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

တိုင်ဖုန်းမုန်တိုင်းကြောင့် အိုကီနာဝါစီရင်စုနှင့် ကာဂိုရှီမာစီရင်စုများတွင် လျှပ်စစ်မီးများ ပြတ်တောက်ပြီး အိမ်ထောင်စုပေါင်း ၂၀၀၀၀ ကျော် မီးမရရှိခဲ့ကြောင်း သိရသည်။

ရှင်အိုဆာကာနှင့် ဟီရိုရှီးမားကြား ပြေးဆွဲနေသော ရှင်ကန်ကျည်ဆန်ရထားလိုင်းပြေးဆွဲမှုကိုလည်း တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ရပ်တန့်သွားမည်ဖြစ်ကြောင်း သိရပြီး အိုဆာကာနှင့် ကျိုတိုရှိ အခြားရထားလိုင်းများကိုလည်း ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ဂျပန်အနောက်မီးရထားလိုင်းက ပြောသည်။

အင်အားပြင်း တိုင်ဖုန်းမုန်တိုင်းသည် အိုကီနာဝါစီရင်စု ကူမီကျွန်း တောင်-အရှေ့တောင်ဘက်တွင် တည်ရှိကြောင်း၊ စက်တင်ဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီတိုင်းထွာချက်အရ သိရပြီး အဆိုပါမုန်တိုင်းသည် ဂျပန်နိုင်ငံမြောက်ပိုင်းသို့ တစ်နာရီလျှင် ကီလိုမီတာ ၂၀ နှုန်းခန့်ဖြင့် ရွေ့လျားနေကြောင်း သိရသည်။

မုန်တိုင်း၏အလယ်ဗဟိုတွင် လေထုဖိအားမှာ ၉၅၀ ဟက်တိုပါစကယ်ရှိပြီး အလယ်ဗဟိုအနီးတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၆၂ ကီလိုမီတာအထိ ရှိကြောင်း သိရသည်။

မုန်တိုင်း တရာမီသည် ဂျပန်နိုင်ငံအနောက်ပိုင်း ကျွန်းစုများသို့ အလွန်တရာ နီးကပ်နေပြီဖြစ်ကြောင်း၊ တနင်္ဂနွေနေ့ခန့်တွင် ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့သို့ ဝင်ရောက်နိုင်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသပညာရှင်များက ပြောခဲ့သည်။

ဂျပန်နိုင်ငံတစ်ဝန်း နေထိုင်ကြသူများကို တနင်္လာနေ့အထိ သတိဖြင့် နေထိုင်ကြရန် မိုးလေဝသအရာရှိများက သတိပေးတိုက်တွန်းနှိုးဆော်ထားသည်။

**အင်န်အိတ်ချ်ကေ**



## ဖေ့စ်ဘုတ်အကောင့် သန်း ၅၀ ကို ဟက်ကာသမားတိုက်ခိုက်



**ဝါရှင်တန် စက်တင်ဘာ ၂၉**

ဟက်ကာသမားများ၏ တိုက်ခိုက်မှုကြောင့် ဖေ့စ်ဘုတ်အကောင့် သန်း ၅၀ အထိ ကျိုးပေါက်ခဲ့ရကြောင်း စက်တင်ဘာ ၂၈ ရက်က ကြားသိရသည်။

ဖေ့စ်ဘုတ်အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘာ့ခ်က နည်းပညာအင်ဂျင်နီယာများသည် အဆိုပါ အကောင့်ကျိုးပေါက်မှုကို အင်္ဂါနေ့က ရှာဖွေတွေ့ရှိခဲ့ပြီး ကြာသပတေးနေ့ညက ပြန်လည်ပြုပြင်နိုင်ခဲ့ကြောင်း ပြောခဲ့သည်။

မည်သည့်အကောင့်ကို မမှန်မကန်အသုံးချနေသလဲဆိုတာ ကျွန်တော်တို့ မသိဘူးဟု မာ့ခ်ဇူကာဘာ့ခ်က ပြောသည်။ ယခုကိစ္စသည် တကယ့်အရေးကြီးသော ကိစ္စဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဟက်ကာသမားများ တိုက်ခိုက်မခံရအောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဖေ့စ်ဘုတ်သည် လောလောဆယ် အခြားသူများကိုယ့်ကို မည်သို့မြင်သလဲဆိုသည့်ပုံကို ခဏဖြုတ်ချထားကြောင်း ပြောခဲ့သည်။ ဟက်ကာသမားများက ဖေ့စ်ဘုတ်ကုတ်ကို အသုံးချပြီး တိုက်ခိုက်ချင်နေကြောင်း ထုတ်ကုန်စီမံခန့်ခွဲရေး ဒုတိယဥက္ကဋ္ဌ ဂိုင်ရိုဆန်က ပြောသည်။

ယခုအခါ တိုက်ခိုက်ခံရသော ဖေ့စ်ဘုတ်အကောင့် သန်း ၅၀ ကို ပြန်လည်ပြုပြင်ပြီးဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# နဖ်တာသဘောတူညီချက်သစ် ၄၈ နာရီအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း မက္ကဆီကိုပြော

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၉**

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့သည် သုံးနိုင်ငံသဘောတူညီချက်ဖြစ်သော မြောက်ပိုင်းအမေရိကန် လွတ်လပ်စွာကုန်သွယ်ခွင့်သဘောတူညီချက်အသစ် (နဖ်တာ)နှင့် ပတ်သက်ပြီး ၄၈ နာရီအတွင်း ညှိနှိုင်းမှုရရှိနိုင်တော့မည်ဖြစ်ကြောင်း မက္ကဆီကိုကို အသိပေးပြောကြားခဲ့သည်ဟု မက္ကဆီကိုစီးပွားရေးဝန်ကြီးက ပြောခဲ့သည်။

ဝါရှင်တန်နှင့် အော့တဝါတို့သည် တကယ့်ကို ထိခိုက်မခံသည့် အနေအထားမှာရှိကြောင်း၊ မတူညီကွဲပြားမှုများကို ကျဉ်းမြောင်းစေမည့် နောက်ဆုံးကြိုးစားမှုတစ်ခုကို ပြုလုပ်နေကြောင်း မက္ကဆီကို စီးပွားရေးဝန်ကြီး အီဒက်ဖွန်ဆိုဂူဂျာဒိုက ပြောသည်။ ပထမဆုံးအကြိမ်အနေဖြင့် နှစ်ဖက်စလုံးက အားကြိုးမာန်တက်ဆွေးနွေးခဲ့သည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နောက် ၄၈ နာရီအတွင်း သုံးဦးဆိုင်သဘောတူညီမှုဖြစ်လာတော့မည်ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

နဖ်တာ ၂ ဒသမ ဝနှင့်ပတ်သက်ပြီး မက္ကဆီကိုထိပ်တန်းညှိနှိုင်းရေးမှူး ဂူဂျာရိုက သုံးဦးဆိုင်သဘောတူညီမှုသည် အနာဂတ်အချိန်တစ်ခုခုမှာ ဖြစ်နိုင်သေးကြောင်းပြောကြားခဲ့သည်။ ထို့အပြင် သုံးဦးဆိုင်သဘောတူညီမှုတွင် ဥပဒေဆိုင်ရာဆောင်ရွက်မှုများဖြင့် ထိန်းသိမ်းသွားနိုင်မည် ဖြစ်ကြောင်းလည်း ပြောခဲ့သည်။

ကနေဒါထိပ်တန်းညှိနှိုင်းရေးမှူးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီး ခရိုင်စတီယာဖရီးလန့်ဒ်က အမေရိကန်နှင့် အမျိုးမျိုး ဆွေးနွေးခဲ့ကြောင်း ပြောခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုတို့သည် နဖ်တာကို မက္ကဆီကိုရွေးကောက်ခံသမ္မတ အန်ဒရီမန်နျူရယ် လိုပက်ဇ်အိုဘရာဒေါ်မှာ ဒီဇင်ဘာ ၁ ရက်တွင် သမ္မတတာဝန်မယူသေးခင်ကာလအတွင်း သက်ဆိုင်ရာဥပဒေပြုလွှတ်တော်ကို တင်သွင်းပြီးဖြစ်ချင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



## နိုင်ငံတကာ သတင်းတိုထွာ

### အစ္စတန်ဘူလ်၌ လေဆိပ်တည်ဆောက်ရေး လုပ်ငန်းခွင်အပေါ် မကျေနပ်၍ ဆန္ဒပြ

**အစ္စတန်ဘူလ် စက်တင်ဘာ ၂၉**

တူရကီနိုင်ငံ အစ္စတန်ဘူလ်၏ အကြီးဆုံးလေဆိပ်တည်ဆောက်နေစဉ် ဆိုးရွားသည့် အလုပ်အခြေအနေများနှင့် ပတ်သက်ပြီးမကျေနပ်၍ ဆန္ဒပြခဲ့ပြီးနောက်ဖမ်းဆီးခံထားရသော ယင်းအလုပ်သမားနှစ်ဒါဇင်အား တူရကီသမဂ္ဂက ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။

ယခုလအစောပိုင်းတွင် အလုပ်သမားရာပေါင်းများစွာသည် လုံခြုံရေး တပ်ဖွဲ့၏စီးနင်းမှု၌ ပိတ်မိနေခဲ့ကြောင်း၊ ၎င်းတို့ကို ခေါစာခံများအဖြစ် ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ သို့သော်လည်း နောက်ပိုင်းတွင် လူအတော်များများကို ပြန်လွှတ်ပေးခဲ့ကြောင်းနှင့် ၂၄ ဦးကို တရားရင်မဆိုင်ခင် ရမန်ပေးထားကြောင်း သိရသည်။

အလုပ်သမားများမှာ လေဆိပ်အသစ်ကို အောက်တိုဘာ ၂၉ ရက်အမီ ဖွင့်နိုင်ရေးအတွက် ပြီးစီးစေရန်စေခိုင်းခြင်းခံနေရကြောင်း၊ အဆိုပါ လေဆိပ်အကောင်အထည်ဖော်ရေး စီမံကိန်းမှာ သမ္မတ ရီဆက်တေရစ်အာဒိုဂန်၏ ဂုဏ်ဒြပ်ကြီးမားသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

လေဆိပ် အလုပ်သမားများကို ပွင့်လင်းစွာပြောဆိုခဲ့မှုအတွက် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း၊ သူတို့ကို အချုပ်ချထားခြင်းမဟုတ်ဘဲ ခေါစာခံများအဖြစ် ဖမ်းဆီးထိန်းသိမ်းထားခြင်းသာ ဖြစ်ကြောင်း နီဟတ်ဒီမာက ပြောသည်။

**အေအက်ဖ်ပီ**

### အမေရိကန် နည်းပညာကို တရုတ် ပုံတူမကူးချကြောင်း ငြင်းဆို

**နယူးယောက် စက်တင်ဘာ ၂၉**

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ကုလသမဂ္ဂအထွေထွေအစည်းအဝေး တက်ရောက်နေစဉ် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ကုမ္ပဏီများထံမှ နည်းပညာခိုးယူသည်ဆိုသည့်အပေါ် ငြင်းဆိုခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ယခုအခါတွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ကုန်သွယ်မှုအခွန်တိုးမြှင့်ကောက်ခံခြင်းများကို အပြိုင်လုပ်ဆောင်နေကြသည်။

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံခြားတိုင်းပြည်မှ နည်းပညာများကို ခိုးမချဘူးဆိုသည်ကို အလေးအနက်ထားပြီး ပြောချင်ကြောင်း၊ ထို့အတူ တရုတ်နိုင်ငံအနေဖြင့် အခြားသူများကိုလည်း တရုတ်နိုင်ငံ၏နည်းပညာကို ကူးချပြီးသုံးရန် မတိုက်တွန်းခဲ့ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ အရက်စွဲလမ်းမှုပြဿနာ

ချူးစန္ဒီမွေး



ကမ္ဘာတစ်ဝန်း အရက်ကြောင့် သေဆုံးရတဲ့ လူအရေအတွက်ဟာ နှစ်စဉ် သုံးသန်းရှိတယ်လို့ ၂၀၁၆ ခုနှစ်ကစလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) ရဲ့ စာရင်းတွေအရ သိရပါတယ်။

**အရက်ကြောင့် သေဆုံးရသူက ပိုများနေ**

AIDS ရောဂါကြောင့် သေဆုံးရတဲ့သူ၊ လမ်းမှာ ယာဉ်မတော်တဆမှုတွေကြောင့် သေဆုံးရတဲ့သူ၊ အကြမ်းဖက်မှုကြောင့် သေဆုံးရတဲ့သူစတဲ့ အရေအတွက်တွေထက် ပိုများတယ်လို့ ဆိုပါတယ်။ အရက်နဲ့ ပတ်သက်ပြီး ကုလသမဂ္ဂကျန်းမာရေးအဖွဲ့အစည်းကြီးရဲ့ နောက်ဆုံးတင်ပြထားတဲ့ အစီရင်ခံစာအရ ကမ္ဘာပေါ်မှာနှစ်စဉ်နှစ်တိုင်းသေဆုံးသူ လူအယောက် ၂၀ မှာ အရက်ကြောင့် သေဆုံးရသူက တစ်ဦးထက်ပိုတယ်လို့ ဖော်ပြထားပါတယ်။

အဲဒီထဲမှာ အရက်သောက်ပြီး ယာဉ်မောင်းနှင်တာတွေ၊ အရက်ကြောင့် ဖြစ်ပေါ်လာတဲ့ အကြမ်းဖက်မှုတွေ၊ အရက်ကြောင့် ဖြစ်ပေါ်လာတဲ့ ရောဂါတွေ၊ စိတ်ကစဉ့်ကလျားဖြစ်မှုတွေကိုပါ ထည့်တွက်ထားပါတယ်။ အရက်နဲ့ ဆက်စပ်တဲ့ပြဿနာတွေကြောင့် သေဆုံးရသူ အမျိုးသားဦးရေဟာ လေးပုံသုံးပုံခန့်ရှိတယ်လို့ စာမျက်နှာပေါင်း ၅၀၀ ကျော် ရှိတဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

**မိသားစုဝင်တွေပါရောပြီး ခံစားရ**

အရက်အလွန်အကျွံသောက်သုံးခြင်းရဲ့အကျိုးဆက်ကိုမိသားစုဝင်တွေနဲ့အရက်အလွန်အကျွံသောက်သုံးသူရဲ့အသိုင်းအဝိုင်းကပါ ခံစားနေရပါတယ်။ အကြမ်းဖက်မှု၊ ထိခိုက်ဒဏ်ရာရမှု၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာတွေ၊ ကင်ဆာရောဂါအထိ ဖြစ်ပွားနိုင်ပြီး ဒါတွေကြောင့်လည်း မိသားစုနဲ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ဒီဒုက္ခတွေကို ရောပြီးခံစားနေရတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းအကြီးအကဲ Tedros Adhanom Ghe breyesus က ပြောပါတယ်။

**ကျန်းမာရေးပြဿနာများနဲ့ ဆက်စပ်နေ**

အရက်အလွန်အကျွံ သောက်သုံးခြင်းကြောင့် ကင်ဆာ၊ အသည်းရောဂါအပါအဝင် ကျန်းမာရေးပြဿနာပေါင်း ၂၀၀ ခန့်နဲ့ဆက်စပ်မှု ရှိနေပါတယ်။ အရက်ကို အလွဲအသုံးပြုမှုကြောင့် ရောဂါဝေဒနာတွေကို လျင်လျင်မြန်မြန်ပဲ ကူးစက်စေနိုင်ပါတယ်။ အထူးသဖြင့် တီဘီ၊ အိတ်ချ်အိုင်ဗွီနဲ့ အဆုတ်ရောင်ရောဂါတို့ကို လျင်လျင်မြန်မြန်ပဲ ကူးစက်နိုင်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

**အရက်ကြောင့် လူငယ်တွေလည်း သေဆုံးရ**

အရက်နဲ့ဆက်စပ်ပြီး လူပေါင်း သုံးသန်းခန့် သေဆုံးရတယ်ဆိုတဲ့ ကိန်းဂဏန်း အချက်အလက်တွေကို ၂၀၁၆ ခုနှစ်ကတည်းကစလို့ စုဆောင်းကောက်ယူထားတာပဲ ဖြစ်ပါတယ်။ အခုနှစ်အတွင်းမှာလည်း သေဆုံးမှုများရဲ့ ၅ ဒသမ ၃ ရာခိုင်နှုန်းဟာ အရက်ကြောင့် သေဆုံးရတာဖြစ်တယ်လို့ နောက်ဆုံးကောက်ယူထားတဲ့ စာရင်းအချက်အလက်တွေအရ သိရပါတယ်။ လူငယ်တွေအတွက်တော့ ပိုပြီးအရေးကြီးပါတယ်။ အရက်ကြောင့်သေဆုံးရသူအရေအတွက်ဟာ အမြဲလိုလိုခြောက်လှန့်သတိပေးနေပါတယ်။ အသက် ၂၀ ကနေ ၂၉ ကြား အရက်ကြောင့်သေဆုံးရတဲ့ လူငယ်အရေအတွက်ဟာ ၁၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိတယ်လို့ လေ့လာမှုတွေအရ သိရပါတယ်။

**အံ့သြစရာကောင်းတဲ့အချက်**

တခြားသော ကိစ္စရပ်တွေကြောင့် သေဆုံးရတဲ့အရေအတွက်နဲ့ အရက်နဲ့ ဆက်စပ်တဲ့ကိစ္စတွေကြောင့် သေဆုံးရသူအရေအတွက် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အံ့သြစရာကောင်းတာကို တွေ့ရပါတယ်။ ၂၀၁၆ ခုနှစ်ကစလို့ ကမ္ဘာအနှံ့ အိတ်ချ်အိုင်ဗွီကြောင့် သေဆုံးရသူအရေအတွက်ဟာ ၁ ဒသမ ၈ ရာခိုင်နှုန်း ရှိပြီး ယာဉ်မတော်တဆမှုကြောင့် သေဆုံးရသူ အရေအတွက်ကတော့ ၂ ဒသမ ၅ ရာခိုင်နှုန်းရှိပါတယ်။ အကြမ်းဖက်မှုကြောင့် သေဆုံးရသူကတော့ ၀ ဒသမ ၈ ရာခိုင်နှုန်းရှိပါတယ်။ နောက်ဆုံးဖော်ပြထားတဲ့ အရေအတွက်ဟာ ၂၀၁၄ ခုနှစ်က တစ်ကမ္ဘာလုံး ဆိုင်ရာအရက်သောက်သုံးမှုကိန်းဂဏန်းတွေနဲ့ ယှဉ်ရင် နိမ့်ကျလာပါတယ်။

**အလားအလာကောင်းများလည်းရှိ**

ဒါကြောင့်မို့ ကောင်းတဲ့အလားအလာတွေလည်း ရှိပါတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက ပြောပါတယ်။ ၂၀၁၀ ပြည့်နှစ်ကစလို့ အရက်သောက်သုံးမှုနဲ့ အရက်နဲ့ဆက်စပ်မှုရှိတဲ့ကိစ္စတွေကြောင့် သေဆုံးရသူအရေအတွက်ဟာ လျော့ကျလာတယ်လို့ WHO က ပြောပါတယ်။ ဒါပေမယ့်လည်း အရက်ကို ကြောက်မက်ဖွယ်မဆင်မခြင် သောက်သုံးမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုတွေ၊ ရောဂါဖြစ်ပွားရမှုတွေ အားလုံး ခြုံကြည့်လိုက်ရင်တော့ အရေအတွက်ဟာ မမျှော်လင့်နိုင်လောက်အောင် မြင့်မားနေဆဲပဲလို့ သိရပါတယ်။ အထူးသဖြင့် ဥရောပနဲ့အမေရိကတစ်လွှားမှာပါလို့ သတိပေးထားပါတယ်။ တစ်ကမ္ဘာလုံးအနှံ့ဆိုရင် အမျိုးသား ၂၃၇ သန်းနဲ့ အမျိုးသမီး ၄၆ သန်းခန့်ဟာအရက်စွဲတဲ့ ဝေဒနာကို ခံစားနေရတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောပါတယ်။

**သောက်သုံးမှုပမာဏမြင့်မားဆဲ**

ဥရောပမှာဆိုရင် အရက်ကြောင့် ဝေဒနာခံစားနေရတဲ့ အမျိုးသားဦးရေဟာ ၁၅ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးအရေအတွက်ကတော့ ၃ ဒသမ ၅ ရာခိုင်နှုန်းရှိပါတယ်။ အမေရိကမှာတော့ အမျိုးသား ၁၁ ဒသမ ၅ ရာခိုင်နှုန်းနဲ့ အမျိုးသမီး ၅ ဒသမ ၁ ရာခိုင်နှုန်းဟာ အလားတူဝေဒနာတွေခံစားနေရတယ်လို့ အချက်အလက်များမှာ ဖော်ပြထားပါတယ်။ အရက်သောက်သုံးမှုကို တစ်ကမ္ဘာလုံးခြုံကြည့်မယ်ဆိုရင် အရေအတွက်ဟာ အချိုးအစား မမျှတလှပါဘူး။ ပျမ်းမျှအားဖြင့် လူဦးရေ ၂ ဒသမ ၃ ဘီလီယံခန့်ဟာ အရက်စွဲသူတွေလို့သတ်မှတ်ခံထားရပြီးနေ့စဉ်အရက် ၃၃ ဂရမ်ခန့် သောက်သုံးတယ်လို့ ယူဆရပါတယ်။ ဒါဟာ ဝိုင်နှစ်ခွက်၊ ဘီယာခွက်ကြီးတစ်ခွက်နဲ့ ညီမျှပါတယ်။ ၂၀၁၀ ပြည့်နှစ်ကစလို့ သောက်သုံးသူပမာဏဟာ ၁၀ ရာခိုင်နှုန်းအောက်လျော့လာပေမယ့် ဥရောပမှာတော့သောက်သုံးသူပမာဏဟာ မြင့်မားနေဆဲပါ။ တစ်နှစ်မှာ ၁၀ လီတာထက်မနည်း အရက်သောက်သုံးတယ်လို့ စာရင်းတွေမှာ ဖော်ပြထားပါတယ်။

**သိသိသာသာလျော့ကျလာ**

ဥရောပနိုင်ငံတွေမှာဆိုရင် အရက်သောက်သုံးမှုဟာ လေးပုံသုံးပုံခန့်လျော့ကျလာပြီး သိသိသာသာလျော့ကျလာတဲ့ နိုင်ငံတွေကတော့ ရုရှား၊ ဘီလာရုစ်နဲ့ မော်လဒေဗီယာတို့မှာပဲ ဖြစ်ပါတယ်။ ရုရှားမှာဆိုရင် နှစ်စဉ်ပျမ်းမျှ အရက်သောက်သုံး မှုဟာ ၁၈ ဒသမ ၇ လီတာထက်မနည်းရှိရာမှာ ၂၀၁၅ ခုနှစ်မှာတော့ ၁၅ လီတာ ကျော်၊ ၂၀၁၆ ခုနှစ်မှာတော့ ၁၁ ဒသမ ၇ လီတာရှိတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီလိုမျိုး သိသိသာသာ ပမာဏကျဆင်းသွားရခြင်းအကြောင်းကတော့မော်စကိုမှာ ကျင့်သုံးခဲ့တဲ့မူဝါဒတွေကြောင့်လည်း ပါပါတယ်။

**အာရှမှာဆက်လက်မြင့်တက်ဆဲ**

ဥရောပပြင်ပမှာ အရက်သောက်သုံးမှုပမာဏကတော့ ဆက်လက်မြင့်တက်ဆဲပါပဲလို့ WHO က သတိပေးထားပါတယ်။ အထူးသဖြင့်အာရှ၊ တရုတ်နဲ့ အိန္ဒိယတို့မှာ သောက်သုံးသူပမာဏ မြင့်တက်နေဆဲပဲလို့ ဆိုပါတယ်။ ဒါကြောင့်လည်း အာရှနိုင်ငံတွေ၊ တရုတ်နဲ့ အိန္ဒိယတို့မှာ အရက်သောက်သုံးမှုပမာဏ လျှော့ချနိုင်အောင် ၂၀၁၀ ပြည့်နှစ်ကနေ ၂၀၂၅ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ အရက်သောက်သုံးမှုပမာဏကို၁၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရမယ်ဆိုတဲ့ ရည်မှန်းချက်ကို ပြည့်မီအောင် အများကြီးလုပ်ဆောင်ဖို့ လိုအပ်နေသေးပါတယ်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ တိုက်တွန်းချက်**

ကြိုတင်ခန့်မှန်းထားမှုတွေအရ နောက်လာမယ့် ၁၀ နှစ် အတွင်းမှာလည်း အရက်သောက်သုံးမှု၊ အရက်ကြောင့်ဖြစ်ပေါ်လာရတဲ့ ထိခိုက်ဝေဒနာတွေဟာ တိုးလာဖို့ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ သောက်သုံးမှုကိုလျှော့ချနိုင်အောင် အရက်နဲ့ပတ်သက်ပြီး အခွန်ကောက်ခံတာ၊ ယမကာကြော်ငြာတွေပိတ်တာမျိုး လုပ်သင့်တယ်လို့လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီးက တိုက်တွန်းထားပါတယ်။ အရက်သောက်သုံးသူချင်း တူပေမယ့်လည်း အရက်ကြောင့် ထိခိုက်ခံစားရမှုမှာတော့ ဆင်းရဲတဲ့သောက်သုံးသူတွေဟာ ချမ်းသာတဲ့ သောက်သုံးသူတွေထက် ပိုပြီးခံစားရပါတယ်။ အရက်သောက်သုံးမှုပမာဏကို မလျှော့ချနိုင်ဘူးဆိုရင်တော့ အရက်နဲ့ဆက်စပ်တဲ့ကိစ္စတွေကြောင့် သေဆုံးရသူပမာဏဟာလည်း ဆက်လက်မြင့်တက်နေဦးမှာပါပဲ။

॥ **ကိုးကား -အေအက်ဖ်ပီ**

> **"အရက်သောက်သုံးမှု၊ အရက်ကြောင့် ဖြစ်ပေါ်လာရတဲ့ ထိခိုက်ဝေဒနာတွေဟာ တိုးလာဖို့ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ သောက်သုံးမှုကို လျှော့ချနိုင်အောင် အရက်နဲ့ ပတ်သက်ပြီး အခွန်ကောက်ခံတာ၊ ယမကာကြော်ငြာတွေ ပိတ်တာမျိုး လုပ်သင့်တယ်"**

# ပွင့်ဖြူမြို့နယ် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား မုခ်ဦးတည်ဆောက်ရန် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပန္နက်တင်

**ပွင့်ဖြူ စက်တင်ဘာ ၂၉**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာအနီးရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး၏ တောင်ဘက်မျက်နှာတွင် ပုဂံခေတ်ပုံစံ မုခ်ဦးတည်ဆောက်ရန်အတွက် ပန္နက်တိုင်စိုက်ထူပွဲကို စက်တင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းတော်ရာဘုရားကြီး၏ ဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်း၊ ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မင်းဘူးခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက မင်္ဂလာမုခ်ဦးအတွက် ပန္နက်တိုင်များ စိုက်ထူပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်မှ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး ခံ့ညားထည်ဝါစေရန်နှင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဝင်ထွက်သွားလာ ဖူးမြော်ကြည်ညိုနိုင်ရေး ရည်ရွယ်လျက် ဘုရားကြီး၏ တောင်ဘက်မျက်နှာတွင် ပုဂံပုံစံ အဝင်မုခ်ဦးကို တည်ဆောက်ခြင်းဖြစ်ပြီး မုခ်ဦးအရွယ်အစားမှာ အလျား ၅၄ ပေ၊ အတွင်းခွင် အဓိကဝင်ပေါက် အကျယ် ပေ ၂၀ နှင့် ဘေးဝဲ၊ ယာတွင် လူသွားလမ်း



အကျယ်ခုနစ်ပေစီဖြစ်ကြောင်း၊ အဆိုပါမုခ်ဦးတည်ဆောက်မှုအတွက် ကုန်ကျငွေကို ဘုရားကြီးအတွက်အလှူခံရရှိသည့် အလှူငွေများဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား ဂေါပကအဖွဲ့ဝင် ဘဏ္ဍာရေးမှူး ဦးကြည်စိုးထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရေဝတီတိုင်းဒေသကြီး၌ ယာဉ်တိုက်မှုများလျှော့နည်းရေး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ဆွေးနွေး

**ပုသိမ် စက်တင်ဘာ ၂၉**
ဧရာဝတီတိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှုများ များပြားလာမှုနှင့်ပတ်သက်၍ ယခင်ပြုလုပ်ခဲ့သော ယာဉ်တိုက်မှုလျှော့နည်းရေး အစည်းအဝေးများမှ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ စက်တင်ဘာ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ယာဉ်တိုက်မှုများလျှော့နည်းရေးအတွက် ယခင်ကပြုလုပ်ခဲ့သည့် အစည်းအဝေးများမှ ဆုံးဖြတ်ချက်များကို ဆပ်ကော်မတီများအလိုက် အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်နေမှုများကို ဆပ်ကော်မတီဥက္ကဋ္ဌများအနေဖြင့် တင်ပြကြရန် ပြောကြားပြီး ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ခဲ့သည်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှုများ လျှော့နည်းကျဆင်းစေရေးအတွက် ဌာနဆိုင်ရာများနှင့်အတူ မီဒီယာအဖွဲ့များကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုင်းဒေသကြီးဝန်ကြီးချုပ်က မှာကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ စည်းကမ်းမဲ့ဆိုင်ကယ်များမှသိမ်းဆည်းထားသော ပါဝါအိတ်ဇောများ ဖျက်ဆီး

**ထားဝယ် စက်တင်ဘာ ၂၉**
အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ထားဝယ်မြို့နယ်အတွင်း စည်းကမ်းမဲ့ဆိုင်ကယ်များမှ ဖမ်းဆီးသိမ်းဆည်းထားသော ပါဝါအိတ်ဇောများ (တတိယအကြိမ်)ဖျက်ဆီးပွဲကို ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ စက်တင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

ဖမ်းဆီးအိတ်ဇောများ ဖျက်ဆီးပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်းသည် လူ့အသက်အန္တရာယ်ကိုထိခိုက်နိုင်သည့်ကျူးလွန်မှုမျိုး မဟုတ်သော်လည်း အများပြည်သူကို စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေခြင်းကြောင့် ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးရမိသည့် ပါဝါအိတ်ဇောများကို ထားဝယ်မြို့၌ ဖျက်ဆီးခြင်းမှာ ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်ပြီး လုံးဝကင်းစင်ပပျောက်သွားသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျက ပြည်သူများအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျ လိုက်နာကြစေရန် ဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပါဝါအိတ်ဇောများကိုလည်း တပ်ဆင်စီးနင်းသူရှိနေသရွေ့ ဆက်လက်ဖမ်းဆီးအရေးယူပြီး ဥပဒေနှင့်အညီ ပြစ်ဒဏ်များ ထိရောက်စွာချမှတ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် စည်းကမ်းပျက်ယာဉ်များမှ သိမ်းဆည်းရမိခဲ့သော ပါဝါအိတ်ဇော ၃၅၅ ခုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ရှေ့တွင် လမ်းကြိတ်စက်ဖြင့်ကြိတ်၍ ဖျက်ဆီးခဲ့သည်။



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်း စည်းကမ်းပျက်ယာဉ်များမှ သိမ်းဆည်းရမိသော ပါဝါအိတ်ဇောများကို ဖျက်ဆီးခဲ့မှုမှာ ၂၀၁၇ ဧပြီ ၇ ရက်က ပထမအကြိမ်အဖြစ် ပါဝါအိတ်ဇော အခု ၁၀၀၊ ၂၀၁၇ စက်တင်ဘာ ၂၇ ရက်က ဒုတိယအကြိမ်အဖြစ် ပါဝါအိတ်ဇော အခု ၂၆၀ နှင့် ယခု တတိယအကြိမ်အဖြစ် ပါဝါအိတ်ဇော ၃၅၅ ခုတို့ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကရင်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပြည်နယ်ဝန်ကြီးချုပ်ထံလှူဒါန်း

**ဘားအံ စက်တင်ဘာ ၂၉**
ကရင်ပြည်နယ်တွင် ပြီးခဲ့သော ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ဘေးဒုက္ခခံစားခဲ့ကြသည့် ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ပစ္စည်းများကို Thai Myanmar Business Council နှင့် Excel United International ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက ကရင်ပြည်နယ်အစိုးရထံသို့ စက်တင်ဘာ ၂၈ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘားအံမြို့ရှိ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပွဲတွင် Thai Myanmar Business Council မှ တာဝန်ရှိသူတစ်ဦးက ကရင်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် ကူညီပေးနိုင်ရန် ထိုင်းကုန်သည်ကြီးများအသင်းနှင့် ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့က အလှူငွေများကောက်ခံခဲ့ရာ တန်ဖိုးကျပ်သိန်း ၇၀၀ ကျော်ခန့် ကောက်ခံရရှိခဲ့ကြောင်း၊ ယခု လှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ရေဘေးသင့်ပြည်သူများအတွက် တစ်ဖက်တစ်လမ်းမှ အကူအညီအထောက်အပံ့ဖြစ်လိမ့်မည်ဟု မျှော်မှန်းကြောင်း ပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ကုန်များကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများထံသို့ ပေးအပ်လှူဒါန်းကာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒဆိုင်ရာများ ဆွေးနွေး

**မော်လမြိုင် စက်တင်ဘာ ၂၉**
မွန်ပြည်နယ်အဆင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ ရှင်းလင်းပွဲကို မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၇ ရက်က ကျင်းပခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများနှင့် ပတ်သက်၍ ရဲမှူးကြီးဇော်လင်းထွန်းက အသေးစိတ် ရှင်းလင်းတင်ပြဆွေးနွေးပြီး ဒေါက်တာယုယုအောင်က မူးယစ် ဆေးဝါးသုံးစွဲမှု လျှော့ချရေးနှင့် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုများကို ကြိုတင်ကာကွယ်ရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဆေးစွဲသူများ လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေး စသည်တို့ကို ဆွေးနွေးအကြံပြုခဲ့ကာ ဒေါက်တာမောင်မောင်လွင်က မူးယစ်ဆေးစွဲသူများအတွက် လူ့အခွင့်အရေးပြဋ္ဌာန်းချက်နှင့်အညီ ဖြစ်စေရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသားမူးယစ်ဆေးဝါးမူဝါဒနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**မုဒုံမောင်မောင်**

# ဘူးသီးတောင်၌ ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုစုပေါင်းသန့်ရှင်း

**ဘူးသီးတောင် စက်တင်ဘာ ၂၉**
(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘူးသီးတောင်မြို့နယ် အမှတ်(၃) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး ဝင်းသိန်းနှင့် အမှတ်(၈) နယ်ခြားစောင့်ရဲတပ်ဖွဲ့တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲနိုင်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်အင်အား၂၀၀တို့သည် စက်တင်ဘာ၂၉ ရက်က ဘူးသီးတောင်မြို့နယ် အေးစေတီဘုန်းတော်ကြီးကျောင်းတိုက် စေတီရင်ပြင်နှင့် ကျောင်းဝင်းအတွင်းအပြင်တို့တွင် အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခုတ်ထွင်ခြင်းတို့ကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

**လှကျော်(မြို့နယ် ပြန်/ဆက်)**

# လှိုင်ကော်၌ အရည်အသွေးမြင့်သတ္တုသန့်စင်စက်ရုံ တည်ထောင်ရန် ကယားပြည်နယ်ဝန်ကြီးချုပ်ထံ အဆိုပြုတင်ပြ

**လွိုင်ကော် စက်တင်ဘာ ၂၉**
ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်လျက်ရှိရာ လွိုင်ကော်မြို့နယ်ရှိ စက်မှုဇုန်အပိုင်း(၂)တွင် အရည်အသွေးမြင့် သတ္တုသန့်စင်ကျိုချက်စက်ရုံ တည်ထောင်လုပ်ကိုင်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်လိုသည့်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်ထံသို့ စက်တင်ဘာ ၂၈ ရက်က လာရောက်တွေ့ဆုံပြီး လုပ်ငန်းအတွက် အဆိုပြုတင်ပြခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအခြေစိုက် Hunan Global South Industrial ကုမ္ပဏီလီမိတက်နှင့် ကယားပြည်နယ်မှ ဒေသခံတိုင်းရင်းသားပိုင် ရတနာကုဋေသိုက် ကုမ္ပဏီလီမိတက်တို့ ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားသည့် Global South Industrial ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဆောင်သောအဖွဲ့က ပြည်နယ်ဝန်ကြီးချုပ်ထံသို့ လာရောက်တွေ့ဆုံ တင်ပြခဲ့ခြင်းဖြစ်သည်။ ဒါရိုက်တာက ကုမ္ပဏီအနေဖြင့် သတ္တုတူးဖော်လုပ်ကိုင်ခြင်းမှ ရရှိလာသော ခဲမဖြူ၊ အဖြိုက်နက်ရောရာ သတ္တုရိုင်းများကို သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ သန့်စင်ပြီး အရည်အသွေးမြင့် သတ္တုချောင်းနှင့် သတ္တုမှုန့်များအဆင့်အထိ သန့်စင်ကျိုချက် ထုတ်လုပ်နိုင်သည့် အဆင့်မြင့်နည်းပညာသုံး သတ္တုသန့်စင်ကျိုချက်စက်ရုံတစ်ရုံကို လွိုင်ကော်စက်မှုဇုန် အပိုင်း(၂)ရှိ မြေပေါ်တွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ရှည်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လိုပါသဖြင့် မြေနေရာခွင့်ပြုပေးနိုင်ပါရန် တင်ပြခဲ့သည်။

လုပ်ငန်းများအနေဖြင့် ပထမအဆင့်တွင် အုပ်ချုပ်ရေးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ၊ အားကစားကွင်း၊ ပန်းဥယျာဉ်၊ စားရိပ်သာ၊ ဝန်ထမ်းသက်သာဆိုင်၊ သိုလှောင်ရုံ၊ ရှင်းလင်းဆောင်၊ စီမံကိန်းပစ္စည်းများ စုပုံထားရှိရန်နှင့် ယာဉ်ရပ်နားရန် မြေနေရာများအတွက် မြေဧက ၅၀ ခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် စက်ရုံခြောက်ရုံတည်ဆောက်ရန် မြေဧက ၁၀၀ ခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ ဖော်ပြပါလုပ်ငန်းနှစ်ဆင့်လုံးကို လုပ်ငန်းစတင်ချိန်မှစပြီး စက်ရုံလည်ပတ်နိုင်သည်အထိ ၂၀၂၀ ပြည့်နှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း တတိယအဆင့်အနေဖြင့် ဟိုတယ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ ဒါရိုက်တာက တင်ပြခဲ့သည်။

ကုမ္ပဏီ၏ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများ၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက လိုအပ်သည့် လုပ်ထုံးလုပ်နည်း ဥပဒေများအရ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၌ လာရောက်ရင်းနှီးမြှုပ်နှံလိုသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု



များကို ဖိတ်ခေါ်ဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရေးကိုသာရှေးရှုပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုရင်းနှီးမြှုပ်နှံမည့်ကဏ္ဍသည် ဒေသအတွက် အကျိုးအမြတ် ဘယ်လိုရရှိမည်၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ဘယ်လောက်ရရှိမည် စသည်တို့ကို မသိရှိရသေးသည့်အတွက် မူအားဖြင့်သာ သဘောတူသေးကြောင်း၊ နောက်ထပ်လိုအပ်မည့် အသေးစိတ် အချက်အလက်များကို မူဘောင်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ဆွေးနွေးတိုင်ပင်၍ အမြန်ဆုံး ပြန်လည်တင်ပြရန်လိုကြောင်း၊ ထိုတင်ပြလာမှုအပေါ် ပြည်နယ်အစိုးရအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်၍ အတည်ပြုပေးမည်ဖြစ်ပြီး ဌာနများကလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါ Global South Industrial ကုမ္ပဏီလီမိတက်သည် လွိုင်ကော်မြို့တွင် ပင်မစက်ရုံတည်ဆောက်၍ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ကဆန်းဒေသမှ ထွက်ရှိသော သတ္တုရိုင်းများ၊ ထားဝယ်ဘက်မှထွက်ရှိသော သတ္တုရိုင်းများနှင့် ဒေသတွင်းရှိ အသေးစား၊ အလတ်စား လုပ်ကွက်များ၊ တစ်ပိုင်တစ်နိုင်လုပ်ကွက်များမှ ထွက်ရှိသောသတ္တုရိုင်းများကို အရည်အသွေးမြင့် သတ္တုချောင်း၊ သတ္တုမှုန့်များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေးအတွက် အဆင့်မြင့်နည်းပညာကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီဝန်ထမ်းများ ခန့်ထားရာတွင်လည်း နည်းပညာအရ မဖြစ်မနေလိုအပ်သည့် နေရာများအတွက်သာ နိုင်ငံခြားသား ကျွမ်းကျင်ဝန်ထမ်းများကို ခန့်အပ်မည်ဖြစ်ပြီး ကဏ္ဍအများစုတွင် ဒေသခံတိုင်းရင်းသားများကို ဦးစားပေးခန့်ထားသွားမည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**ထွန်းလေး**



# မြန်မာ့ပုလဲမွေးမြူရေးစခန်း ငါးခုကို အောက်တိုဘာ ၁ ရက်မှစတင်ကာ လာရောက်လေ့လာနိုင်ပြီ

မြိတ် စက်တင်ဘာ ၂၉

**ဒေသတွင်းခရီးသွားလုပ်ငန်း ပိုမိုအားကောင်းလာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ပုလဲမွေးမြူရေးလုပ်ငန်းခွင် ၁၂ ခုအနက် ငါးခုကို လာမည့်အောက်တိုဘာ ၁ ရက်မှစတင်ကာ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များကို လာရောက်လေ့လာခွင့်ပြုတော့မည်ဖြစ်ရာ ယင်းနှင့်ပတ်သက်၍ ယမန်နေ့က မြိတ်မြို့ ကမ်းနားလမ်းရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(မြိတ်)ရုံးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။**

“မြန်မာနိုင်ငံမှာ ပုလဲမွေးမြူရေးလုပ်ငန်းကို ၁၉၅၄ ခုနှစ်က စတင်လုပ်ကိုင်လာခဲ့တာပါ။ ဒီလုပ်ငန်းက အချိန်နဲ့ငွေ အများကြီးရင်းနှီးရတယ်။ မုတ်ကောင်လေးတွေ မထိခိုက်အောင် ဂရုစိုက်ရတယ်။ အလွန်ထိလွယ် ရှလွယ်ပါတယ်။ ပုလဲကောင်းတစ်လုံး ရရှိဖို့ အချိန်လေးနှစ်ကြာပါတယ်။ ပတ်ဝန်းကျင်ရေမြေ သန့်ရှင်းသပ်ရပ်မှုကို အလွန်အလေးထား ဆောင်ရွက်ရတဲ့အတွက် ခရီးသွားခွင့်ပြုတဲ့အခါမှာ လုပ်ငန်းခွင်နဲ့ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိဖို့၊ ထိခိုက်ဆုံးရှုံးမှုမရှိဘဲ ရေရှည်လုပ်ကိုင်သွားလို့ရအောင် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူတွေရော ခရီးသွားဧည့်သည်တွေပါ ဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုပါတယ်” ဟု မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်-နေပြည်တော်) မှ အထွေထွေမန်နေဂျာ ဦးမြင့်သူက အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

လက်ရှိတွင် ပုလဲမွေးမြူရေးစခန်းသို့ လာရောက်လည်ပတ်ရာတွင် ပြည်တွင်းခရီးသွားဧည့်သည် တစ်ဦးလျှင် မြန်မာငွေကျပ် တစ်သောင်းခွဲနှင့် နိုင်ငံခြားခရီးသွား ဧည့်သည်တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာ ကျသင့်မည်ဖြစ်ကာ ကုန်ကျသည့်ငွေနှင့် ထိုက်တန်သည့် လုပ်ငန်းခွင်ဆိုင်ရာ ရှင်းလင်းပြသမှုများနှင့် ဝန်ဆောင်မှုများပေးမည့်အပြင် ပုလဲမွေးသည့် ကမာအခွံများဖြင့် ပြုလုပ်ထားသော လက်မှုပစ္စည်းများနှင့် ပုလဲများကို ပြသရောင်းချပေးမည်ဖြစ်ပြီး လက်ဆောင်ဝယ်ယူသည့် ပုလဲများကို အကောက်ခွန်ဥပဒေနှင့်အညီ ပြည်တွင်းပြည်ပသယ်ယူနိုင်ရေး တစ်ပါတည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(မြိတ်)မှ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးလွင်က ပြောသည်။

ကော့သောင်းခရိုင်အတွင်းရှိ ပုလဲကျွန်း၊ ဂျလန်းကျွန်း၊ ရွှေကျွန်း၊ ငလုံးလဖယ်ကျွန်းနှင့် မြိတ်ခရိုင်အတွင်းရှိ ဒုံးပုလဲအော်ကျွန်းတို့ဖြစ်ပြီး အပတ်စဉ် တနင်္လာ၊ ကြာသပတေး၊ စနေနေ့များတွင် သွားလာခွင့်ပေးမည်ဖြစ်၍ တစ်ရက်ကြိုတင်လက်မှတ် ဝယ်ယူရမည်ဖြစ်ကြောင်းနှင့် ခရီးသွားလုပ်ငန်းများလုပ်ကိုင်သည့် အေဂျင်စီများနှင့်လည်း ချိတ်ဆက်ထားပြီးဖြစ်ကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ တပ်မတော်ကို ထောက်ခံခြင်းနှင့် ပြင်ပစွက်ဖက်လုပ်ဆောင်မှုများ ဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်

**စစ်ကိုင်း စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဦးဆောင်လျက် တပ်မတော်ကို ထောက်ခံခြင်းနှင့် ပြင်ပစွက်ဖက်လုပ်ဆောင်မှုများ ဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်ပွဲကို ယမန်နေ့က စစ်မှုထမ်းဟောင်းအဖွဲ့ ၁၅၀ တို့က စစ်ကိုင်းမြို့ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**



# တရုတ်လက်ဝှေ့ကျော် ကျောက်ဝမ်ဝမ်အား စိုးလင်းဦး ဒုတိယအချီမှာပင် အလဲထိုးအနိုင်ယူ

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာလက်ခမောင်းက ဦးဆောင်ကျင်းပသည့် WLC- 6 ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ယနေ့ ညနေ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ-၁ ၌ ကျင်းပရာ စိုးလင်းဦး(မြန်မာ)နှင့် ကျောက်ဝမ်ဝမ်(တရုတ်)တို့ပွဲတွင် **(အောက်ပုံ)** စိုးလင်းဦးက ကျောက်ဝမ်ဝမ်ကို ဒုတိယအချီမှာပင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။



စိုးလင်းဦး(မြန်မာ)နှင့် ကျောက်ဝမ်ဝမ်(တရုတ်)တို့ပွဲတွင် ပွဲစသည်နှင့် တစ်ဦးနှင့်တစ်ဦး တိုက်စစ်ဖွင့်ကစားခဲ့ကာ အပြန်အလှန်အထိနာခဲ့သည်။ ဒုတိယအချီအစတွင် တိုက်စစ်ဖွင့်ကစားတတ်သော စိုးလင်းဦးက အတင်းဝင်၊ အတင်းထွက် တရစပ်လိုက်လံထိုးသတ်ခဲ့သဖြင့် ကျောက်ဝမ်ဝမ် အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အခြားဒုတိယပွဲစဉ်ဖြစ်သည့် လိုက်ဝယ်တာဝိတ်တန်း မြန်မာပြည်ချန်ပီယံကာကွယ်ပွဲတွင် ကျော်ဇင်လတ် (ရွှေသထုံ)နှင့် စောထူးအောင်(ရိုးရာပုဂံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီမှာပင် စောထူးအောင်က ကျော်ဇင်လတ်ကို အလဲထိုးအနိုင်ရကာ လိုက်ဝယ်တာဝိတ်တန်း မြန်မာပြည်ရွှေခါးပတ်ချန်ပီယံကို လွှဲပြောင်းရယူလိုက်သည်။

အခြားပွဲစဉ်များဖြစ်သည့် ရန်နိုင်ထွန်း(မြန်မာ)နှင့် ရွှန်ဆူဖွန်(ကမ္ဘောဒီးယား)ပွဲတွင် တတိယအချီ၌ ရန်နိုင်ထွန်း အလဲထိုးဖြင့်နိုင်ခဲ့ပြီး သပြေညို(မြန်မာ)နှင့် ဆူးခရော့ဖ်ခိုမူရိုဒေါ့(ဥဇဘတ်ကစ္စတန်)တို့ပွဲတွင် တတိယအချီ၌ မူရိုဒေါ့ ညာမျက်ခုံးကွဲဆေးကျဖြင့် သပြေညိုကို အရှုံးပေးလိုက်ရသည်။ တစ်ဖန် အန်တိုနီယိုဗာရာ(ပေါ်တူဂီ)နှင့် ငုယင်ထန်ကွင်း(ဗီယက်နမ်)တို့ပွဲတွင် ပထမအချီနှင့် ဒုတိယအချီတို့တွင် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း တတိယအချီတွင် အန်တိုနီယိုဗာရာ အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

လိုက်ဝိတ်တန်းပွဲစဉ် မိုက်ရိုင်း(မြန်မာ)နှင့် ပစ်ခ်မထဲခမန်း(ကမ္ဘောဒီးယား)တို့ပွဲတွင် ငါးချီပြည့် တစ်ဦးနှင့်တစ်ဦး တိုက်စစ်ဖွင့်ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ငါးချီပြည့်သည်အထိ တစ်ဦးနှင့်တစ်ဦး အရှုံးအနိုင်မပေါ်ခဲ့၍ အမှတ်ဖြင့် ဆုံးဖြတ်ရာ ပစ်ခ်မထဲခမန်း အနိုင်ရခဲ့သည်။ အခြားပြည်တွင်းပွဲစဉ်များဖြစ်သည့် ပိုက်ထွေးနှင့် ဆန်းသူဦးတို့ပွဲတွင် ပိုက်ထွေးက အမှတ်ဖြင့် လည်းကောင်း၊ လက်သီးမိုးနှင့် ယှုးခလိန်းမင်းတို့ပွဲတွင် လက်သီးမိုးက အမှတ်ဖြင့် လည်းကောင်း အနိုင်ရခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၉-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၃၅/၁၀၅၅ ကျပ် | ၁၁၀၀/၁၁၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၀/၁၀၆၅ ကျပ် | ၁၁၂၅/၁၁၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၀၅/၁၀၂၅ ကျပ် | ၁၁၁၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၅/၁၀၇၅ ကျပ် | ၁၁၆၀/၁၁၇၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၁၆ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၀ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၄၀ ・ ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၅ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၂၄ ・ ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ ・ ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၄၉၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၀ ・ ၂၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၆ ・ ၄၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၁၁၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


## မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm


ကိုတင့်နှင့်ဂျပ်ကြော့
HTOO
အီး...ဟီး...ဟီး...
ဘာလို့ငိုနေတာလဲ ချာတိတ်...
အမေက ပေးလိုက်တဲ့ မုန့်ဖိုး ၅၀ိ/- တန်ကျပ် ပျောက်လို့ပါ...ဟင့်...
ကဲ...ငိုမနေနဲ့...ဦးက ငါးဆယ်ပေးပါ့မယ်...ရော့
အီး...ဟီး... အစ်...အစ်... ရှုတ်...
မင်းကို မုန့်ဖိုးအစား ပေးပြီးပြီလေ...ဘာလို့ ဆက်ငိုနေရတာလဲ...
ကျွန်တော်ပျောက်သွားတဲ့ ပိုက်ဆံနဲ့ ဦးပေးတဲ့ ပိုက်ဆံနှစ်ခုပေါင်းရင် ကျွန်တော်ကြိုက်တဲ့ ချောကလက်မုန့်ရမှာကို တွေးပြီး ဝမ်းနည်းမိလို့ပါ...ဟင့်...
ကဲကွာ...မင်းစားချင်တဲ့ ချောကလက်မုန့်စားရဖို့ နောက်ထပ် ၅၀ိ/- တန်တစ်ရွက်ထပ်ပေးမယ် တိတ်တော့...
အီး...ဟီး...ချောကလက်စားပြီးရင် အချိုရည်သောက်ဖို့ နောက်ထပ် ၅၀ိ/- ထပ်ရရင် သိပ်ကောင်းမှာပဲ လို့တွေးပြီး ဝမ်းနည်း...နည်း...
တော်... လောက်ပြီ...
ငါ့ဘဝ ရှိသမျှ ငွေတစ်ရာ ပေါက်ပဲ အပျှန်းအပဲ့ခံနိုင်တယ်ဟေ့... ဆောင်းပါကွာ...
အမ်...


ပျော်ရွှင်
ကာတွန်း
စမ်းချောင်းကိုကိုအောင်
အာဂျစ်ကို ဘာလို့ ဆူနေတာလဲ ဟာ၊
နှင်းယုသိပါဘူး၊ အဘတော် ပြသာနာပေါင်းစုံပေးတဲ့ ကောင်လေး..၊
ပလာတူးနဲ့တွေ့ရင် အဆင်ပြေသွားစေရမယ်၊ လာ- အာဂျစ် အရုပ်ဆိုင်သွားကြမယ်၊
ဒီသံပတ်ကားလေးက ဘယ်လောက်လဲ၊
နှစ်ထောင့်ငါးရာ...၊
လျှော့ပါဦး၊
မရကိုက်လို့ ပါကွယ်၊
ဒါဆို! ကိုက်အောင် ချွေး ထိုက်ပေးမယ်..ချွေး..ချွေး..
ငါ့ဆိုင်ကို ပြသနာလာရှာတဲ့ နှစ်ကောင်၊ ဖိရင်မလွှတ်ဘူးမှတ်၊
ပြီး။


ရေချိုးပြီးရင် -
ရေချိုးပြီးသော် -







# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၁၀)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၀၇,၄၉၆,၉၇၇ | | | ၁၇၁,၈၇၈,၆၁၀ | | ၁၂,၄၆၈,၅၄၁ | | | ၃၉၁,၈၄၄,၁၂၈ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၆၀၀,၈၂၃,၄၈၇ | | | ၃၄,၈၉၀,၇၈၄ | | | | | ၆၃၅,၇၂၈,၂၇၁ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၂၅၆,၃၁၈,၀၅၀ | | | ၁၃,၈၇၆,၂၀၄ | | | | | ၂၇၀,၁၉၄,၂၆၄ |
| | ပေါင်း | | ၁,၀၆၄,၆၃၈,၅၁၄ | | | ၂၂၀,၆၄၅,၅၉၈ | | ၁၂,၄၆၈,၅၄၁ | | | ၁,၂၉၇,၇၅၈,၆၆၃ |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၁)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၇,၇၁၅ | | ၁,၄၇၅,၁၉၅ | | | | | | | | | ၁,၄၈၂,၉၁၀ |
| | ပေါင်း | | ၇,၇၁၅ | | ၁,၄၇၅,၁၉၅ | | | | | | | | | ၁,၄၈၂,၉၁၀ |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၂)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၃၄၀,၈၇၆ | | | | | | | | ၁,၃၄၀,၈၇၆ |
| | ပေါင်း | | ၁,၃၄၀,၈၇၆ | | | | | | | | ၁,၃၄၀,၈၇၆ |

## နေပြည်တော်ကောင်စီ

ဇယား(၁၃)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၆,၀၀၃ | | ၃၅,၀၀၀ | | | | | | | | | ၁၁၁,၀၀၃ |
| | ပေါင်း | | ၇၆,၀၀၃ | | ၃၅,၀၀၀ | | | | | | | | | ၁၁၁,၀၀၃ |

## နေပြည်တော်ကောင်စီ

ဇယား(၁၄)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၇၉,၇၇၀ | | ၈၀၀,၀၀၀ | ၈၉,၆၈၀,၁၉၀ | | | | | ၉၁,၀၅၉,၉၆၀ |
| | ပေါင်း | | ၅၇၉,၇၇၀ | | ၈၀၀,၀၀၀ | ၈၉,၆၈၀,၁၉၀ | | | | | ၉၁,၀၅၉,၉၆၀ |

*(ဇယားများဆက်လက်ဖော်ပြပါမည်)*

# ၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်းသတ်မှတ်သည် -

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၃၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံ ငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့် နုတ်ပယ်ပြီးနောက် ပုဒ်မခွဲ (ဂ) ဇယားပါဝင်ငွေခွန်နှုန်းထားများအတိုင်း ထမ်းဆောင်ရမည်။

(စ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် (၂)တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက်အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ ၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂)တို့အရ အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ ၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၂)ပါ တစ်ဦးချင်း ပုဂ္ဂိုလ်၏စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့်ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့် ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီးကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉ ၊ ပုဒ်မခွဲ (ဂ) ပါအခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကိုဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့်လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံ တိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအားနုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့်ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့်ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

| စဉ် | ဝင်ငွေ (ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁ - ၃၀,၀၀၀,၀၀၀ | ၁၅% |
| ( ခ ) | ၃၀,၀၀၀,၀၀၁ - ၁၀၀,၀၀၀,၀၀၀ | ၂၀% |
| ( ဂ ) | ၁၀၀,၀၀၀,၀၀၁ နှင့်အထက် | ၃၀% |

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ-

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်ဝင်ငွေခွန်စည်းကြပ်ရမည်-

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှ ကျပ်သန်းပေါင်း(၁၀၀,၀၀၀)အထိ | ၄၀ % |
| (၂) ညီမျှ ကျပ်သန်းပေါင်း(၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ % |
| (၃) ညီမျှ ကျပ်သန်းပေါင်း(၁၅၀,၀၀၀) အထက် | ၅၀% |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏တန်ဖိုး စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့်အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်းသုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါကရရှိသည့် ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကိုတစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူရရှိသည့် ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် ရရှိသောလစာခေါင်းစဉ်မှဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေ သိန်းဆုဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) စတော့ရှယ်ယာ ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေအခန်း (၇) တွင်ဖော်ပြပါရှိသောစကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပါ စကားရပ်များမှအပ ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)

## အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊

(ဆ) ခရီးလှည့်လည်ရေးလိုင်စင် / ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင် / ခရီးသွားလာသူများ ပို့ဆောင်ရေး လိုင်စင် / ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဇ) အကောက်ခွန်၊

(ဈ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ည) ရေခွန်၊

(ဋ) တာတမံခွန်၊

(ဌ) သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်သစ်တောခွန်၊

(ဍ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(ဎ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ဏ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန်၊

(တ) ဓာတ်သတ္တုခွန်နှင့်ရတနာခွန်၊

(ထ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊

(ဒ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊

(ဓ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကြောင်ချစ်သူများ သတိထား ကူးစက်ရောဂါများ

**ထွန်းလှိုင်(မြိုင်)**



### ကျားဆရာ ကြောင်

ကြောင်များသည် အိမ်အလှမွေးသတ္တဝါများဖြစ်ကြသည်။ ခွေးများကဲ့သို့ အမိန့်နာခံသောသတ္တဝါများ မဟုတ်ကြ။ အသက်ရှင်သန်မှုအတွက် လူတို့ကိုမှီခိုစရာမလိုဘဲ လွတ်လပ်စွာရပ်တည်နိုင်ကြသည်။ သို့သော် နေအိမ်များတွင် ဒုက္ခပေးနေသော ကြွက်များကို ခုတ်စားကြသဖြင့် လူတို့ မွေးမြူကြခြင်းဖြစ်သလို အထူးသဖြင့် အပျိုကြီးများ၏ အချစ်တော်များလည်း ဖြစ်ကြသည်။

ကျား၊ ခြင်္သေ့၊ ကြောင် စသောသတ္တဝါများသည် သားကောင်များအား အမဲလိုက်သတ်ဖြတ်၍စားသောက်သော သတ္တဝါမျိုးတွင် ပါဝင်သည်။ မြန်မာ့ဝေါဟာရတွင် ‘ကျားဆရာကြောင်’ဟု အဆိုရှိ၏။ သတ္တဗေဒ သိပ္ပံပညာရှင်များကလည်း ကျား၊ ခြင်္သေ့ တို့သည် ကြောင်ကြီးမျိုးအုပ်စုများဖြစ်ကြသည်ဟု ဖော်ပြကြသည်။ ကြောင်သည် ခေါင်းဆောင်ဖြစ်၏။ ကြောင်များသည် ကြွက်ဖမ်းရာတွင် အမြီးကို မလှုပ်မယှက် သိုသိပ်စွာထားပြီး ဖမ်းသောကြောင့် ကြွက်များနှင့် အခြားသေးငယ်သောသားကောင်များကို ရ၏။

ကြောင်များတွင် ထူးခြားချက်တစ်ခုရှိသည်။ ၎င်းမှာ ကြောင်၏မျက်လုံးပင်ဖြစ်သည်။ မျက်လုံးများသည် ဝိုင်းစက်နေပြီး မျက်ဆံအတွင်းရှိ သူငယ်အိမ်ခေါ် အမြင်အာရုံကြည့်အနက်ဆံအမျှင်လေးသည် နေ့ဘက်တွင်သေးငယ်ပြီး ညဘက်ရောက်လျှင် မျက်လုံးအဆံအပြည့်နီးပါး ကြီးထွားလာသည်ကို တွေ့ရသည်။ ညဥ့်အမှောင်ထုအတွင်း လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်မည်ဆိုလျှင် ကြောင်မျက်လုံးနှစ်လုံးသည် မီးရောင်ကဲ့သို့ အရောင်တောက်နေသည်ကို တွေ့ရပေမည်။ ထို့ကြောင့် ကြောင်များသည် ညအမှောင်ထဲတွင် အားလုံးကို နေ့ဘက်ကဲ့သို့ပင် မြင်ရပေသည်။

### အိမ်မွေးကြောင်များ

ကြောင်များတွင် အိမ်မွေးကြောင်နှင့် တောကြောင်ဟူ၍ နှစ်မျိုးရှိ၏။ ၎င်းအပြင် ကြောင်ခေါင်းတို၊ ကြောင်နံ့သာခေါ် ကြောင်ကတိုး၊ ကြောင်ဝံပိုက်၊ ကြောင်မြင်းဟုလည်း ရှိသည်။ အိမ်မွေးကြောင်များကို မွေးမြူကြရာတွင် တိုက်ခန်း၊ နေအိမ်ခြံဝင်းစသည်တို့တွင် မွေးကြသည်။ အချို့ ကြောင်ချစ်သူများသည် ကြောင်ကို ခုတင်၊ အိပ်ရာပေါ်တင်ကာ လူနှင့် နီးနီးကပ်ကပ် အိပ်ကြသည်။

စာရေးသူသည် အိမ်မွေးတိရစ္ဆာန်များကို ဆေးကုသူဖြစ်ပါသည်။ ကြောင်များ ဆယ်ကောင်မက မွေးမြူသူကိုလည်း တွေ့ဖူးသည်။ တစ်အိမ်လုံး ကြောင်ချေး၊ ကြောင်သေးစော်နံနေသောအိမ်များကိုလည်း တွေ့ဖူးသည်။ ကြောင်စာခွက်လေးငါးဆယ်ခွက်တွင် စားကျန်ထမင်းတွေနှင့်လည်း တွေ့ခဲ့ရဖူးသည်။

### ကြောင်မှကူးစက်တတ်သော ရောဂါများ

အိမ်အများအပြားတွင် ကြောင်များကို မွေးမြူကြသော်လည်း ကြောင်မှကူးစက်တတ်သော ရောဂါများအကြောင်းကို သိသူနည်းပါးလှသည်။ အထူးသဖြင့် ကြောင်ချစ်သူများ သိရှိထားနိုင်ရန် လိုအပ်ပါသည်။

ကြောင်မှတစ်ဆင့် လူကို ကူးစက်နိုင်သောရောဂါများမှာ-

**လှေးများ**

လှေးများသည် ကြောင်များ၌တွေ့ရတတ်သော ခန္ဓာပြင်ပကပ်ပါးကောင်ဖြစ်သည်။ လှေးစွဲကပ်ပါက ခန္ဓာကိုယ်ယားယံသဖြင့် ပွတ်တိုက်ကုတ်ခြစ်နေရမည်။ ကြောင်လှေးသည် တစ်နေရာမှ တစ်နေရာသို့ လျင်မြန်စွာခုန်ပျံနိုင်သည်။ ပူနွေးသောရာသီဥတု၌ လှေးများ ထကြွပွားများကြသည်။ ထိုလှေးများက လူကိုကိုက်မိလျှင် ဓာတ်မတည့်မှုကြောင့်ဖြစ်သော အရေပြားယားနာ ဖြစ်တတ်သည်။ လှေးများကို ပေါင်ဒါ၊ စပရေး၊ လည်ပတ်၊ အစက်ချဆေးများသုံး၍ နှိမ်နင်းနိုင်သည်။ သို့သော် အိမ်ကြမ်းပြင်၊ အခင်းများတွင် ကျန်နေခဲ့သော လှေးများက ကြောင်ကို ပြန်၍ကူးစက်နိုင်သည်။ ထို့ကြောင့် တစ်အိမ်လုံးရှိ လှေးများကိုနှိမ်နင်းရန် လိုအပ်သည်။

**သန်း**

သန်းများသည် အတောင်မရှိသော သေးငယ်သည့်ပိုးမွှားများဖြစ်သည်။ သွေးစုပ်သောပိုးဖြစ်သည်။ လူတွင်လည်း ကြောင်မှတစ်ဆင့် တွယ်ကပ်တတ်ပြီး ယားယံမှုကိုဖြစ်စေသည်။

**မွှား**

လှေးကဲ့သို့သော သွေးစုပ်သည့် ခန္ဓာကိုယ်ပြင်ပ ကပ်ပါးကောင်ဖြစ်သည်။ ကြောင်၏အရေပြားထဲတွင် သူ၏ခေါင်းကိုမြှုပ်ပြီး သွေးစုပ်လေ့ရှိသည်။ အိမ်မွေးကြောင်များတွင် တွယ်ကပ်သောမွှားသည် လူကိုလည်း သွေးစုပ်နိုင်ပြီး သွေးအားနည်းရောဂါ၊ ချည့်နဲ့သောရောဂါများ ဖြစ်တတ်သည်။

**ဝဲပိုး**

ဝဲပိုးသည် အမွေးနှင့် အရေပြားကို အဓိကတိုက်ခိုက်သည်။ ဝဲပိုးသည် အလွန်သေးငယ်ပြီး လူတို့၏မျက်စိဖြင့် မမြင်ရပေ။ ကြောင်မှဖြစ်ပွားသော ဝဲပိုးသည် လူကိုကူးစက်သောအခါ အရည်ကြည်ဖုများ၊ အနီရောင်အနာစက်များ လျင်မြန်စွာ ကူးစက်ဖြစ်ပွားလာပြီး အလွန်ယားယံလာမည်။ လက်မောင်း၊ ရင်ဘတ်များ၊ ခြေထောက်များနှင့် ဝမ်းဗိုက်တို့တွင် အများဆုံး တွေ့ရသည်။

**အရေပြားမှိုရောဂါ**

မှိုပိုးများကြောင့် ကြောင်၏ခန္ဓာကိုယ်၌ အနီရောင်စက်ဝိုင်းပုံ မွေးကျွတ်နာများ ပေါ်လာတတ်ပြီး ထိုအနာများကြောင့် ကြောင်သည် ယားယံမှုဖြစ်လာသောကြောင့် လက်သည်း ခြေသည်းများဖြင့် ကုတ်ခြစ်ကာ လျှာဖြင့်လျက်ခြင်းဖြင့် အခြားနေရာများသို့လည်း ရောဂါကူးစက်ကာ လူကိုလည်း ကူးစက်နိုင်သည်။ ကြောင်၏အနာမှကျွတ်လာသော အမွေးများ၌ ရောဂါပိုးပါလာသဖြင့် အထူးသတိထားရပါမည်။

**ကြောင်ကုတ်နာ**

၎င်းရောဂါသည် Bartonella henselae ခေါ် ရောဂါပိုးကြောင့်ဖြစ်သည်။ ကြောင်အချင်းချင်းကိုက်ခြင်း၊ တိုက်ခိုက်ခြင်းမှတစ်ဆင့် ရောဂါပိုးကူးစက်သည်။ လူကိုကိုက်မိလျှင်၊ ခြစ်မိလျှင် ပန်းရောင်သမ်းနေသော စက်ဝိုင်းပုံ အင်ပျဉ်ထသကဲ့သို့ အနာများ ဖြစ်ပေါ်လာသည်။ စနစ်တကျမကုသပါက ဦးနှောက်အာရုံကြောဆိုင်ရာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအထိ ဖြစ်ပွားတတ်သည်။

**သန်ကောင်ရောဂါများ**

ကြောင်များ၏အစာခြေလမ်းကြောင်းတွင် နေထိုင်သော သန်ကောင်ဥများသည် ဝမ်းသွားသည့်အခါပါလာပြီး ကလေးများ၏လက်မှတစ်ဆင့် ဝမ်းဗိုက်အတွင်းသို့ ရောက်ရှိကာ သန်ရောဂါဖြစ်စေသည်။ ကြောင်၏စအိုတွင် ဆန်စေ့ပုံသဏ္ဌာန် အဖြူရောင်များ စွဲကပ်နေခြင်းမှာမူ သန်ပြားများဖြစ်သည်။ ထိုအဖြူလေးများသည် သန်ပြားကောင်၏ အဆစ်အပိုင်းများဖြစ်၍ သန်ပြားကောင်ဥများစွာ သယ်ဆောင်ထားကြသည်။ ကြောင်၏အညစ်အကြေးများမှတစ်ဆင့် လူကိုလည်း ရောဂါကူးစက်ပါသည်။

**ခွေးရူးရောဂါ**

ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဦးနှောက်ရောင်ရောဂါဖြစ်ပြီး ရောဂါကူးစက်ခံရသောခွေးမှတစ်ဆင့် အများဆုံး ကူးစက်တတ်သည်။ လွတ်လပ်စွာ ရှာဖွေစားသောက်သွားလာတတ်သော ကြောင်သည်လည်း ဘယ်အချိန်ဘယ်အခါတွင် ခွေးရူးကိုက်ခံလိုက်ရမှန်းမသိဘဲ အကိုက်ခံရလျှင် တစ်ပတ် သို့မဟုတ် ဆယ်ရက်ကြာမှ ရောဂါဖြစ်နိုင်သည်။ ကြောင်များတွင် ခွေးရူးရောဂါပိုး ဝင်ရောက်ခဲ့ပါက ချည့်နဲ့သောပုံစံ သို့မဟုတ် ရန်လိုတိုက်ခိုက်တတ်သောပုံစံဟု နှစ်မျိုးတွေ့ရမည်။ သတိထားစောင့်ကြည့်ရမည်။ အဖျားတက်ခြင်း၊ တွေ့ကရာစားခြင်း၊ အကြောဆွဲ၍ တက်ခြင်း၊ ချည့်နဲ့ခြင်း၊ ရေကြောက်ခြင်း၊ အစာနှင့်ရေကို မမျိုနိုင်ခြင်း၊ အမူအရာပြောင်းခြင်း၊ သွားရည်များကျခြင်းများကို တွေ့ရမည်။ ခွေးရူးရောဂါသည် ကုသရန်ဆေးမရှိ။ ကြိုတင်ကာကွယ်ဆေးထိုးခြင်းဖြင့်သာ ကာကွယ်နိုင်သည်။ ထို့ကြောင့် အိမ်မွေးကြောင်များကိုလည်း ခွေးကဲ့သို့ နှစ်စဉ် ခွေးရူးကာကွယ်ဆေး ထိုးရပါမည်။

### အန္တရာယ်ကင်းစွာ ချစ်တတ်ပါစေ

ကြောင်မှလူသို့ကူးစက်တတ်သော ရောဂါများရှိခြင်းကို ကြောင်မွေးသူတိုင်း၊ ကြောင်ချစ်သူတိုင်း သိရှိထားရန် လိုအပ်ပါသည်။ သို့မှသာ ကြိုတင်ကာကွယ်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ အိမ်မွေးတိရစ္ဆာန်များကိုချစ်တတ်သော မိသားစုများအနေဖြင့် အချစ်တော်ကြောင်များကို အန္တရာယ်ကင်းစွာ ချစ်တတ်ကြပါစေ။ ။

- ❑ **ဘယ်အချိန်ဘယ်အခါတွင် ခွေးရူးကိုက်ခံလိုက်ရမှန်းမသိဘဲ အကိုက်ခံရလျှင် တစ်ပတ် သို့မဟုတ် ဆယ်ရက်ကြာမှ ရောဂါဖြစ်နိုင်**
- ❑ **ကြောင်များတွင် ခွေးရူးရောဂါပိုး ဝင်ရောက်ခဲ့ပါက ချည့်နဲ့သောပုံစံ သို့မဟုတ် ရန်လိုတိုက်ခိုက်တတ်သောပုံစံဟု နှစ်မျိုးတွေ့ရ**
- ❑ **ခွေးရူးရောဂါသည် ကုသရန်ဆေးမရှိ၊ ကြိုတင်ကာကွယ်ဆေးထိုးခြင်းဖြင့်သာ ကာကွယ်နိုင်**
- ❑ **အိမ်မွေးကြောင်များကိုလည်း ခွေးကဲ့သို့ နှစ်စဉ် ခွေးရူးကာကွယ်ဆေး ထိုးရပါမည်**

# ရေလွှမ်းမိုးမှုနှင့် ဘေးအန္တရာယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

စွန့်ပစ်ရေကြောင့်ဖြစ်ပေါ်လာနိုင်သော ရေလွှမ်းမှုနှင့် ဘေးအန္တရာယ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ မီလီယာဟိုတယ်၌ စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) နှင့် Urban Climate Change Resilience Trust Fund (UCCRTF) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



“ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ADB ချေးငွေနဲ့ ရန်ကုန်မြို့တော် မြို့ပြဝန်ဆောင်မှုလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးရေး စီမံကိန်းတစ်ခုကို လုပ်နေတယ်။ အဲဒီစီမံကိန်းမှာ ဝင်လုပ်နေတဲ့ တာဝန်ရှိဝန်ထမ်းတွေကို ပရောဂျက်ဒီဇိုင်းဆွဲတဲ့အခါကျတော့ ရာသီဥတုပြောင်းလဲမှုရဲ့ရိုက်ခတ်မှုတွေ ကြံ့ကြံ့ခံနိုင်အောင်နဲ့ ပြန်လည်ရှင်သန်နိုင်အောင်လုပ်နိုင်တဲ့သဘောတရားတွေကို သူတို့သိပြီးတော့ ရာသီဥတုပြောင်းလဲခြင်းကြောင့် တစ်ခုခုထိခိုက်သွားမယ်ဆိုရင်လည်း နဂိုအနေအထားရောက်အောင် ပြန်ပြီးတည်ထောင်နိုင်တဲ့ ဆောက်လုပ်ရေးပုံစံတွေ ဆောက်လုပ်နိုင်အောင် အတွေးအခေါ်တွေ ထည့်ပေးတဲ့သဘောပါပဲ”ဟု UCCRTF မှ ဦးကံစိန်က ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရေနှင့်ပတ်သက်သောကဏ္ဍ၊ ရေဆိုးသန့်စင်ရေးကဏ္ဍ၊ အမှိုက်သိမ်းဆည်းရေး စီမံခန့်ခွဲမှုကဏ္ဍ၊ ရေစီးရေလာကောင်းပြီး ရေကြီးရေလျှံမှုကာကွယ်ရေးကဏ္ဍ၊ မြို့ပြစီမံကိန်းနှင့် အိမ်ရာဖွံ့ဖြိုးရေးကဏ္ဍများကို အဓိကထားဆွေးနွေးခဲ့ကြပြီး ပြင်ပဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဆွေးနွေးပွဲမှ သဘောတရားများကို လက်တွေ့အသုံးချနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် UCCRTF အဖွဲ့သည် မြန်မာနိုင်ငံရှိ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အပါအဝင် အာရှဒေသရှိ မြို့ကြီး ၂၅ မြို့၌ မြို့ပြဘေးဒဏ်ခံနိုင်ရေးမြှင့်တင်ရန် ဦးတည်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**



အောက်တိုဘာ ၁ ရက်တွင်ကျရောက်သည့် (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရွှေတောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှငွေ ဦးဆောင်သည့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ရွှေတောင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ အမှိုက်များရှင်းလင်းခြင်းနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို စက်တင်ဘာ စတုတ္ထပတ်အတွင်းက ဆောင်ရွက်စဉ်။ **ဗထူး**



(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်အင်အား ၃၀ တို့က ဗိုလ်တထောင်စေတီတော်ရင်ပြင်တွင် စုပေါင်းတံမြက်စည်းလှဲခြင်းနှင့် ပိတ်ဆို့နေသောရေမြောင်းများ ရှင်းလင်းခြင်းကို ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အဖြစ် စက်တင်ဘာ ၂၅ ရက်က ဆောင်ရွက်စဉ်။ **မင်းခေတ်**

# ပြည်ပရောက်နိုင်ငံသားများ၏ အထောက်အထားအတွက် မေးမြန်းမှုများကို လဝကမှ စိစစ်ပြန်ကြားပေးနေ

**မကွေး စက်တင်ဘာ ၂၉**

အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံအသီးသီးတွင် ရောက်ရှိနေသော ပြည်ပရောက် မြန်မာနိုင်ငံသားများတွင် လိုအပ်နေသည့် အထောက်အထားများအတွက် သက်ဆိုင်ရာနိုင်ငံသံရုံးများက မြန်မာနိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အမည်စာရင်းပေး မေးမြန်းမှုများရှိပြီး မြန်မာနိုင်ငံသားဟုတ်၊ မဟုတ် စိစစ်ပြန်ကြားမှုများ လုပ်ဆောင်ပေးနေရကြောင်း မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်ထံမှ သိရသည်။

"နိုင်ငံရပ်ခြားမှာ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးပျက်စီးသွားလို့ မိတ္တူလျှောက်တဲ့သူတွေ၊ သက်တမ်းတိုးလျှောက်တဲ့သူတွေ၊ ဖမ်းဆီးခံရသူတွေ၊ တရားမဝင်အလုပ်လုပ်နေတဲ့ အထောက်အထားမဲ့ အလုပ်သမားများက နိုင်ငံကူးလက်မှတ် အသစ်ထုတ်ယူခွင့်ပြုဖို့ လျှောက်ထားတာတွေ၊ ပြည်ပမှာ ကလေးမွေးဖွားသူတွေရဲ့ နိုင်ငံကူးလက်မှတ်လျှောက်ထားမှုတွေနဲ့ဆိုင်တဲ့ ကိစ္စရပ်တွေအတွက် နိုင်ငံသားဖြစ်မှုစိစစ်ပေးဖို့ သက်ဆိုင်တဲ့သံရုံးတွေကနေ ဝန်ကြီးဌာနကို အမည်စာရင်းတွေ ပေးပို့ပါတယ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက စိစစ်ပြန်ကြားပေးနေရပါတယ်"ဟု ညွှန်ကြားရေးမှူးက ပြောသည်။

မကွေးတိုင်းဒေသကြီးနှင့်သက်ဆိုင်သည့် နိုင်ငံသားဟုတ်မှန်ကြောင်း ပြန်ကြားပေးနိုင်ခဲ့မှု အခြေအနေမှာ ၂၀၁၈ ခုနှစ်အတွင်း ဇန်နဝါရီလတွင် ၉၆ ဦး၊ ဖေဖော်ဝါရီလတွင် ၁၄၆ ဦး၊ မတ်လတွင် ၇၅ ဦး၊ ဧပြီလတွင် ၇၇ ဦး၊ မေလတွင် ၇၈ ဦး၊ ဇွန်လတွင် ၁၄၆ ဦး၊ ဇူလိုင်လတွင် ၁၀၇ ဦး၊ ဩဂုတ်လတွင် ၅၅ ဦး၊ စုစုပေါင်းဦးရေ ၇၈၀ ရှိကြောင်း သိရသည်။

"အကြောင်းပြန်ပေးနိုင်ဖို့အတွက် မှတ်ပုံတင်လို့ ခေါ်ကြတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ လျှောက်ထားစဉ်က ကောက်ယူထားတဲ့ နိုင်ငံသားကိုယ်ရေးမှတ်တမ်းပါ အချက်အလက်များကို စိစစ်ရပါတယ်၊ ဒီလို စိစစ်ပြန်ကြားတဲ့အခါမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိတဲ့သူတွေ၊ မိမိရဲ့ နိုင်ငံသားနံပါတ်ကို မှန်မှန်ကန်ကန် မှတ်သားထားခြင်းမရှိဘဲ နံပါတ်လွဲမှားပေးလာတဲ့သူတွေကိုတော့ အကြောင်းပြန်မပေးနိုင်ခဲ့ပါဘူး"ဟု ညွှန်ကြားရေးမှူးက ဆိုသည်။

အရေးကြုံချိန်ရောက်မှ နိုင်ငံသားစိစစ်ရေးကတ်ကို တန်ဖိုးထားရကောင်းမှန်းသိသည့်အခက်အခဲမျိုး မဖြစ်စေရန်အတွက် ဝန်ထမ်းများက ကျေးရွာ၊ ရပ်ကွက်နှင့် ကျောင်းများအရောက် ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများကလည်း စိတ်ပါဝင်စားစွာ ဝိုင်းဝန်းလုပ်ဆောင်စေလိုကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မကွေးမြို့နယ်ဦးစီးမှူး ဦးကျော်လွင်က တိုက်တွန်းပြောကြားထားသည်။ **ဇေယျာတု(မကွေး)**

# ပျဉ်းမနားမြို့နယ်မှ သီးနှံများပျက်စီးသော လယ်သမားများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများပျက်စီးဆုံးရှုံးသွားသော တောင်သူလယ်သမားများအား နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ စက်တင်ဘာ နောက်ဆုံးပတ်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်တို့က အမှာစကားပြောကြားပြီး နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဦးက သီးနှံပျက်စီးဆုံးရှုံးသွားသော တောင်သူလယ်သမားများအား တစ်ဧကလျှင် ကျပ်တစ်သောင်းကျော်သာ ထောက်ပံ့ပေးနိုင်သည်ကို နားလည်ပေးကြရန်၊ ရေကြီးနစ်မြုပ်မှုဖြစ်ခဲ့သော စိုက်ကွက်များတွင် ပြန်လည်စိုက်ပျိုးနိုင်ခြင်းမရှိပါက မြေဆီလွှာတိုးတက်ကောင်းမွန်အောင် ပဲမျိုးရင်းဝင်ပင်များ လေငါးခြောက်ပြည် ကြဲပက်ထားရန်နှင့် မတ်ပဲဈေးနှုန်းကျဆင်းနေလျှင် ပဲပုပ်၊ ပဲတီစိမ်းစသည့် သီးနှံများ စိုက်ပျိုးသင့်ကြောင်း၊ တောင်သူလယ်သမားများ အသင်းဖွဲ့၍ စုပေါင်းဆောင်ရွက်ထုတ်လုပ်ကြရန် အကြံပြုကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် သဘာဝဘေးကြောင့် သီးနှံများပျက်စီးဆုံးရှုံးသွားသော ပျဉ်းမနားမြို့နယ်အတွင်းမှ လယ်သမား ၄၈၇ ဦးအတွက် ထောက်ပံ့ငွေ ကျပ် ၈၁ သိန်းကျော်ကို နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်ကလည်းကောင်း၊ နေပြည်တော်ကောင်စီရန်ပုံငွေ ကျပ် ၃၃ သိန်းကျော်ကို ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း တောင်သူများထံပေးအပ်ကာ စိုက်ပျိုးရေးဦးစီးဌာန(စပါးသီးနှံဌာနခွဲ)ကလည်း တစ်ဧကလျှင် မျိုးစပါးတစ်တင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ရာ ကျေးရွာအုပ်စုရှစ်စု၊ ကျေးရွာခွဲ ၁၈ ရွာမှ တောင်သူလယ်သမား ၄၈၇ ဦးအား စပါး၊ ပဲကြီး၊ ပဲပုပ် တစ်ဧကလျှင် ထောက်ပံ့ငွေကျပ်တစ်သောင်းစီနှင့် မတ်ပဲ၊ ကုလားပဲ တစ်ဧကလျှင် ကျပ်ငါးထောင်ကျပ်နှုန်းဖြင့် ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **စိုးမိုး(မြန်/ဆက်)**

# ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း ဒီဇင်ဘာလကုန် အပြီးဆောင်ရွက်သွားမည်

ရန်ကုန် စက်တင်ဘာ ၂၉

**ရန်ကုန်တိုင်းဒေသကြီး ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို BOT စနစ်ဖြင့် ဆောင်ရွက်ခွင့်ရထားသည့် ဇေကမ္ဘာကုမ္ပဏီအနေဖြင့် လုပ်ငန်းများကို ယခုနှစ် ဒီဇင်ဘာလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက်က ကော့မှူးမြို့နယ်ရှိ အဆိုပါလမ်းပိုင်းပြင်ဆင်ထိန်းသိမ်းခြင်း စီမံကိန်းလုပ်ငန်းရုံး၌ ပြုလုပ်ခဲ့သည့် စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲမှ သိရသည်။**

အဆိုပါ ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်းပိုင်း ၁၃ မိုင် ၃ ဖာလုံသည် ဇေကမ္ဘာက BOT စနစ်အရ ဆောင်ရွက်ခွင့်ရသောလမ်းပိုင်းတွင် ပါဝင်ပြီး BOT စည်းမျဉ်းအရ ၅ မိုင် ၃ ဖာလုံကို ၂၄ ပေ အကျယ် AC ခင်းခြင်းနှင့် ရှစ်မိုင်ကို ၁၈ ပေအကျယ် ကတ္တရာထပ်ပိုးလွှာတင်ခြင်းကို ဒီဇင်ဘာလကုန် အပြီးဆောင်ရွက်ရန်နှင့် ဆောင်ရွက်နေစဉ်ကာလအတွင်း BOT နှုန်းဖြင့် လမ်းအသုံးပြုခကောက်ခံခွင့်ပြုထားသော လှိုင်သာယာ-ဒလ-တွံတေး-ကော့မှူး လမ်းပိုင်း ၄၁ မိုင် ၄ ဖာလုံကို ယာယီပိတ်သိမ်းထားပြီး သက်မှတ်လုပ်ငန်းများပြီးစီးမှသာ Stakeholders Meeting များပြုလုပ်၍ လမ်းအသုံးပြုခကို ပြန်လည်ကောက်ခံခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ဤသဘောထားသတ်မှတ်ချက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ယခုနှစ် ဩဂုတ်လကုန်ပိုင်းတွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)သို့ တင်ပြကာ သဘောထားမှတ်ချက်တောင်းခံထားသည်ဟုလည်း သိရသည်။



ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက "အခု ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်းပိုင်း ၁၃ မိုင် ၃ ဖာလုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေပါ တယ်၊ ဒါပေမယ့် ဒီလိုဆောင်ရွက်နေတဲ့အချိန်မှာ အန်ကယ်တို့ ဆောင်ရွက်ခွင့်ရတဲ့ BOT နှုန်းနဲ့ လှိုင်သာယာ-ဒလ-တွံတေး-ကော့မှူး လမ်းပိုင်း ၄၁ မိုင် ၄ ဖာလုံရဲ့ လမ်းအသုံးပြုခကောက်ခံနေတာကို ရပ်ပေးဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြောလာတာရှိတယ်၊ အပွင့်လင်းဆုံးပြောရရင်တော့ ဒီလမ်းမှာရှိတဲ့ ဂိတ်တွေ ဂိတ်တွေမှာ ဝန်ထမ်းတွေထားပြီးလုပ်ရတာ ရှိပါတယ်၊ ရပ်ပြီးတော့ ဒီဝန်ထမ်းတွေကို ပြန်ခေါ်မယ်လို့လည်း အန်ကယ်က ကတိပေးထားတာရှိတယ်၊ ဒီမိုးတွင်းမှာ ပျက်စီးသွားတဲ့ လမ်းပိုင်းနေရာတွေ အဆင့်မြှင့်တင်မှုကိုလည်း လာမယ့် ဒီဇင်ဘာလကုန်မှာ အပြီးလုပ်ပေးပါ့မယ်လို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုရော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနကိုရော ကတိပေးထားတယ်၊ ဒီဇင်ဘာလကုန်လို့မှ ဇန်နဝါရီလမှာ မပြီးဘူးဆိုရင် အကုန်လုံးသိမ်းလိုက်ပေ့ါ၊ အန်ကယ့်အနေနဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌဆီကို စာရေးလိုက်တယ်၊ ဒီလမ်းပိုင်းမှာ BOT စနစ်နဲ့ ဆောင်ရွက်နေမှုကို ရှင်းပြပြီးတော့ Third party ခေါ်ပြီး စစ်ဆေးပါ၊ စစ်ဆေးပြီးတော့မှ အန်ကယ့်မှာတာဝန်ရှိတယ်ဆိုရင် ဒီလမ်းပိုင်းကို သိမ်းလိုက်ပါ၊ ကုန်ကျခဲ့တဲ့ ကျပ် ၁၇ ဘီလီယံလုံးကို နိုင်ငံတော်အတွက် လှူလိုက်ပါ့မယ်၊ စစ်ဆေးလိုက်လို့ ဌာနဆိုင်ရာတခုခုမှာ တာဝန်ရှိတယ်လို့ ပေါ်ပေါက်နေရင်တော့ အရေးယူပေးပါလို့ စာတင်ပေးလိုက်ပါတယ်၊ ဒီအတွက် အန်ကယ်စိတ်အထင်က Third party ဖွဲ့ဖို့များ လိုမယ်လို့ထင်တယ်"ဟု ပြောသည်။

လှိုင်သာယာ-ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ လမ်းပိုင်း ၅၄ မိုင် ၇ ဖာလုံကို ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစတင်ကာ နိုင်ငံတော်အစိုးရနှင့် ဇေကမ္ဘာကုမ္ပဏီတို့အကြား BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် BOT နှုန်းဖြင့် လမ်းပိုင်း ၄၁ မိုင် ၄ ဖာလုံကို လမ်းအသုံးပြုခ ကောက်ခံခွင့်ရရှိခဲ့ကြောင်း၊ ကျန်ရှိနေသော ကော့မှူး- ကွမ်းခြံကုန်း-ဒေးဒရဲလမ်းပိုင်း ၁၃ မိုင် ၃ ဖာလုံ ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများမှာ ၂၀၁၆ ခုနှစ် မတ်လတွင် ပြီးစီးခဲ့ကြောင်း၊ ထို့အတွက် စာချုပ်များအတိုင်း BOT နှုန်းဖြင့် လမ်းအသုံးပြုခကောက်ခံရန် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး ထောက်ခံချက်များနှင့်အတူ တင်ပြခဲ့သော်လည်း လမ်းအသုံးပြုခကောက်ခံခွင့်ကို ယနေ့အချိန်အထိ မရရှိသေးကြောင်း၊ လက်ရှိ၄၁ မိုင် ၄ ဖာလုံအတွက် ကောက်ခံခွင့်ရသောငွေသည် တစ်နှစ်လျှင် ကျပ်သိန်း ၅၀၀၀ ခန့်သာရရှိပြီး နှစ်စဉ် အရှုံးပေါ်နေကြောင်းလည်း ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌက စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**

## သတင်းတိုများ

### မူဆယ်(၁၀၅)မိုင်တွင် မူခင်းကျဆင်းရေး ပညာပေးဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါးမှုများ ကျဆင်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မူဆယ်ခရိုင်နှင့် မြို့နယ် သာသနာရေးမှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ စတုတ္ထပတ်အတွင်းက (၁၀၅)မိုင်ကျေးရွာရှိ ကမ္ဘောဇသိင်္ဂီ သီလရှင်သင်ပညာရေးကျောင်း၌ ပြုလုပ်ခဲ့ရာ ဟောပြောပွဲသို့ ရပ်မိရပ်ဖများ၊ သီလရှင်ဆရာလေးများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၅၀၀ ခန့် တက်ရောက်ခဲ့ပြီး ခရိုင်သာသနာရေးဦးစီးမှူး ဦးရွှေမောင်အေးက အမှာစကားပြောကြားကာ မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်ဦး၊ မူဆယ်မြို့နယ် မူးယစ်အထူးတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးရဲမင်းဦးနှင့် မူဆယ်ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူးချစ်စိန်တို့က ကဏ္ဍအလိုက် ပညာပေးဟောပြောခဲ့သည်။ **သန့်ဇင်(မူဆယ်)**

### ငပုတောမြို့နယ်အတွင်း ကျေးရွာကျောင်းဆောင်သစ်ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် တမန်ချောင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှထောက်ပံ့ငွေ ကျပ် ၃၅၈ သိန်းကျော်နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ်သိန်း ၅၀ ကျော် တို့ဖြင့် တည်ဆောက်ခဲ့သည့် အလယ်တန်းကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၉ ရက်က ကျင်းပသည်။ ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သူမင်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးခဲ့သည်။ **လှမင်းထွန်း(မြန်/ဆက်)**

### စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးစနစ် ကန်ကြီးထောင့်၌ အကောင်အထည်ဖော်

ကျေးရွာလူထုကိုအခြေပြု၍ အမှိုက်ကင်းစင်ကျေးရွာအဖြစ် အကောင်အထည်ဖော်လျက်ရှိသော ကန်ကြီးထောင့်မြို့နယ် အနောက်စုကြီးကျေးရွာ၌ စွန့်ပစ်အမှိုက် စီမံခန့်ခွဲရေးနှင့် အမှိုက်ကင်းစင်ရေးအတွက် ပူးပေါင်းလှုပ်ရှားမှုများကို စက်တင်ဘာ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြသည်။ အမှိုက်ကင်းစင်စံပြကျေးရွာအဖြစ် သတ်မှတ်နိုင်ရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ရွာလမ်းမဘေးဝဲယာတစ်လျှောက်နှင့် အနောက်စုကြီး အလကကျောင်းဝင်းအတွင်း အမှိုက်များကောက်ခဲ့ပြီး စွန့်ပစ်အမှိုက်များကို စနစ်တကျ စီမံခန့်ခွဲတတ်စေရန်၊ မီးဘေးအန္တရာယ်ကင်းဝေးစေရန်၊ လူမှုပတ်ဝန်းကျင်ကိုထိခိုက်စေမည့် အရာများကို လျှော့ချပေးနိုင်ရန် နည်းပညာအထောက်အကူများပေးခြင်းနှင့် အသိပညာဗဟုသုတ ဖြန့်ဝေပေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ **မြို့နယ်(မြန်/ဆက်)**

### ရွှေသောင်ယံမြို့တွင် ပြည်သူ့စကားဝိုင်းကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်နှင့်မူးယစ်အန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၂၉ ရက်က ဝိဝေကာရာမဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့ရာ ရွှေသောင်ယံမြို့ရဲစခန်းမှ ရဲအုပ်ရဲလင်းနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်းကို ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသူ ကျောင်းသားများ၊ ဆရာ ဆရာမများ၊ ပြည်သူများ၏ မေးမြန်းမှုများကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ **ကိုကိုမောင်(မြန်/ဆက်)**

### ကျောက်ကြီးမြို့နယ်မှ မိုင်းဒဏ်ခံရသူများအား ထောက်ပံ့ငွေပေးအပ်

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်းမှ မိုင်းဒဏ်ခံရသူများအား Karen Development Network မှ မိုးရာသီ စားရိက္ခာထောက်ပံ့ငွေ ပေးအပ်ပွဲကို ကျောက်ကြီးမြို့ ပဲခူးရပ်ကွက်ရှိ မြို့တွင်းဘုန်းတော်ကြီးကျောင်း မိုးကုတ်ဓမ္မာရုံ၌ စက်တင်ဘာ ၂၈ ရက်က ပြုလုပ်ခဲ့ရာ Karen Development Network မှ မန်နေဂျာ နော်ဆာရယ်ထူးက ကျောက်ကြီးမြို့ပေါ်ရှိ မိုင်းဒဏ်ခံရသူများထဲမှ ပထမအကြိမ် စာရင်းကောက်ယူထားသူများအား စားရိက္ခာထောက်ပံ့ငွေများ ကွင်းဆင်းပေးအပ်ခြင်းဖြစ်ကြောင်း၊ ဒုတိယအကြိမ် စာရင်းကောက်ယူထားသူများကို နောက်စက်ဝန်းတွင် အမည်စာရင်း ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောက်ကြီးမြို့ပေါ်ရှိ မိုင်းဒဏ်သင့်ပြည်သူ ၄၅ ဦးအား တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများကို Karen Development Network မှ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ **ကိုသားကြီး(မြန်/ဆက်)**




## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၇၃၉၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ဦးနေတိုးမောင်မောင် ၁၂/ကမရ(နိုင်)၀၄၂၆၇၈ ပိုင်ဆိုင်သောမြေကွက်အမှတ် (၄၃/၁၀၈၁) မြေချပါမစ်သည် ၂၀၀၈ခုနှစ် ၅ လပိုင်း ၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးနေတိုးမောင်မောင်**
**ဖုန်း-၀၉-၄၂၁၀၀၀၈၀၇**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/1136 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ပျောက်ဆုံးကြောင်း

ဦးထွန်းထွန်း (ခ) ဦးထွန်းထွန်းဦး ၇/လပတ(နိုင်)၀၉၈၃၂၈ ၏သား မောင်နေလင်းထက် အမက မူလွှန်(မယ်ကျန်)မိုင်းဆတ်မြို့(ရှမ်း)အရှေ့မှ ပေးပို့သော TC အမှတ်စဉ် HHH 0622410 ကျောင်းပြောင်းလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးထွန်းထွန်း (ခ) ဦးထွန်းထွန်းဦး**
**ဖုန်း-၀၉-၆၉၂၂၂၆၂၀၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၂၀**

ဒေါ်ထိုက်ဇေရီစိုး — **တရားလို**
နှင့်
ဒေါ်စန္ဒီမိုးဦးဖြူ — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ပြည်လမ်း(၅ ၁/၂)မိုင်၊ ဦးကွန်းဇော်ရိပ်သာလမ်း၊ ကွန်ဒိုအမှတ် ၃(အေ)နေ တရားပြိုင် ဒေါ်စန္ဒီမိုးဦးဖြူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၂ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းထိုက်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၇၊ မြေကွက်အမှတ်-၁၃၅၊ ဧရိယာ ၀ဒသမ၁၂၆ဧကရှိ အမှတ် ၁၃၅၊ မြလမ်း၊ ရတနာအိမ်ရာ၊ သာကေတမြို့နယ်ဟုခေါ်တွင်သော နှစ်၆၀ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာန၊ မြို့မြေစာရင်းတွင် ဗိုလ်မှူးကြီးသန်းဆွေ ၁၀/သထန(နိုင်)၀၅၁၀၃၄ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဗိုလ်မှူးကြီးသန်းဆွေထံမှ ဦးအောင်သူ ၁၂/ခရန(နိုင်)၀၀၁၈၉၄ က ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်စာချုပ်အမှတ်-၃၃၄၆/၂၀၁၃ အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးအောင်သူထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစိုးလွင် ၇/ပမန(နိုင်)၁၀၅၈၈၉နှင့် ဒေါ်မမကြီး ၇/ပမန(နိုင်)၁၁၅၂၂၂ တို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ရီ (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၀၃၆)**
**အမှတ် (၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၀၅၀၃၂၃၈၊ ၀၁-၂၂၃၉၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉/အဘိရာဇာ)၊ ဦးပိုင်အမှတ် (၃၄)၊ ဧရိယာ ၀ ဒသမ ၀၈၄ဧကအား ဒေါ်သန်းမြင့်(ဘ)ဦးအောင်စိန် ၉/တကန(နိုင်)၀၁၁၃၇၁ က တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်(၂၀၅/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈/မင်းကြီးရန်အောင်)၊ ဦးပိုင်အမှတ်(၁၃၂)၊ ဧရိယာ ၀ဒသမ ၃၂၂ ဧကအနက် ဧရိယာ ၀ ဒသမ ၀၆၀ ဧကအား ဦးအေးနိုင် (ဘ)ဦးညိုစိန် ၉/တကန(နိုင်)၀၇၁၄၂၇ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၂၁၈/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ကမ္ဘဝါတန်းရပ်နေ ဒေါ်အိန္ဒြာလွင် ၉/မဟမ(နိုင်)၀၂၉၁၄၉ ကိုင်ဆောင်သူ ဒေါ်အိန္ဒြာလွင်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိန္ဒြာလွင် Facebook Name -FeiFei သည် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၊ အမှတ်(၉၇)နေ Facebook Name - Zuyati အမည်ရင်း ဒေါ်စိုးမြတ်သီတာ ၁၄/ပသန(နိုင်)၂၀၆၉၄၁ ထံမှ ရရန်ရှိသောငွေစုစုပေါင်းမှာ (၆၈၆၂၈၀၀ိ)တိတိဖြစ်သော်လည်း နှစ်ဦးသဘောတူညှိနှိုင်းပြီး သိန်း ၄၀ရယူမည်ဖြစ်ကြောင်း ဒေါ်အိန္ဒြာလွင်၏ ပြောကြားချက်အရ သိရှိရပါသည်။ ထိုသို့ပေးဆပ်ရန်ရှိသည့်အပေါ် ဒေါ်စိုးမြတ်သီတာမှ ဒေါ်အိန္ဒြာလွင်အား ၎င်းဒိုင်အဖြစ် တာဝန်ယူလုပ်ကိုင်သည့် ၇၅သိန်း လေလံစုကြေးနှင့် သိန်း ၂၀ လေလံစုကြေးGroup များထဲသို့ ၎င်းကိုယ်တိုင်ထည့်သွင်းပေးခဲ့ပြီး ဒေါ်အိန္ဒြာလွင်အား ပေးရန်ရှိသည့်ငွေအတွက် ၎င်း Group ထဲတွင် လေလံဆွဲယူရန် စေခိုင်းခဲ့ပြီး ၎င်းမှ စုကြေးဆက်လက်ထည့်သွင်းပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

သို့ဖြစ်၍ ဒေါ်စိုးမြတ်သီတာအနေဖြင့် ကျန်ရှိငွေကျပ် ၆၅၀၀၀၀ အား ကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ပေးချေပါရန်နှင့် ၎င်း ၇၅သိန်းစုကြေးနှင့် သိန်း ၂၀ လေလံစုကြေးတို့တွင်ပါရှိသော မဲသားများအနေဖြင့် စုကြေးငွေများအား တောင်းခံရာတွင် စုကြေးဒိုင်ဖြစ်သည့် ဒေါ်စိုးမြတ်သီတာထံသို့သာ တိုက်ရိုက်တောင်းခံရမည်ဖြစ်ပြီး ဒေါ်အိန္ဒြာလွင်ထံသို့ လာရောက်တောင်းခံခြင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဂုဏ်သရေညှိုးနွမ်းစေရန်၊ သိက္ခာကျဆင်းစေရန် စာသားများ၊ ဓာတ်ပုံများတင်ခြင်းဆောင်ရွက်မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မိုမိုဝင်း LL.B အထက်တန်းရှေ့နေ (စဉ်-၄၈၃၈၃)**
**မန္တလေးတိုင်းဒေသကြီး၊ ရန်ကင်းသာယာရပ်၊ ပုသိမ်ကြီးမြို့၊**
**ဖုန်း-၀၉-၄၅၆၀၀၀၂၅၆**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/9227 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/6165 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၇၀၆၂၂ Dayang 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးချစ်အုန်း ၁၄/ပသရ(နိုင်)၀၂၇၈၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/1509 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/6807 Toyota MarkII GX 110 S/L(4×2)ယာဉ်လက်ဝယ်ရှိသူ ဦးလင်းတင် ၁၃/နမတ(နိုင်)၀၀၇၄၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/1942 Toyota Tundra P/U(4×4) ယာဉ်အမည်ပေါက်သူ ဦးအောင်ထွန်း(ခ)အောင်ကျန်ဟုတ် ၁၂/လသန(နိုင်)၀၁၄၃၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/4806 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/3411 Toyota Caldina S/W ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လွင် ၁၂/စခန(နိုင်)၀၂၄၃၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးမြင့်မော်(ငြိမ်း)
**ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ အနော်ရထာလမ်းပေါ်၊ လမ်းမတော်(၄)လမ်း၊ အမှတ် ၅၀၃(စီ)၊ ဂရိတ်ဝေါလ်ကွန်ဒိုနေ ဒေါ်စန္ဒာစိုး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းခန့်ကျော်၏ဖခင် ဦးမြင့်မော်သည် ၂၉-၉-၂၀၁၈ရက်(စနေနေ့) နံနက် ၈း၄၀နာရီတွင် ရန်ကုန်မြို့ ခုတင်(၅၀၀) အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်သမ္မတရုံးမှ**
**အရာထမ်း၊ အမှုထမ်းများနှင့်မိသားစုများ**

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးမြင့်မော်(ငြိမ်း)
**ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ အနော်ရထာလမ်းပေါ်၊ လမ်းမတော်(၄)လမ်း၊ အမှတ် ၅၀၃(စီ)၊ ဂရိတ်ဝေါလ်ကွန်ဒိုနေ ဒေါ်စန္ဒာစိုး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းခန့်ကျော်၏ဖခင် ဦးမြင့်မော်သည် ၂၉-၉-၂၀၁၈ရက်(စနေနေ့) နံနက် ၈း၄၀နာရီတွင် ရန်ကုန်မြို့ ခုတင်(၅၀၀) အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်အရာထမ်း၊ အမှုထမ်းများ**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးမြင့်မော်(ငြိမ်း)
**ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ အနော်ရထာလမ်းပေါ်၊ လမ်းမတော်(၄)လမ်း၊ အမှတ် ၅၀၃(စီ)၊ ဂရိတ်ဝေါလ်ကွန်ဒိုနေ ဒေါ်စန္ဒာစိုး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းခန့်ကျော်၏ဖခင် ဦးမြင့်မော်သည် ၂၉-၉-၂၀၁၈ရက်(စနေနေ့) နံနက် ၈း၄၀နာရီတွင် ရန်ကုန်မြို့ ခုတင်(၅၀၀) အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်သန်းသင်းနှင့် ဇနီး ဒေါ်ခင်မြတ်မြတ်ထွန်း**

## ဒုတိယဗိုလ်မှူးကြီးမြင့်မော်(ငြိမ်း) O.T.S (၆၈)
**ညွှန်ကြားရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး(နေပြည်တော်)**
**အသက်(၅၈)နှစ်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ ဈေးတောင်ဘက်နေ (ဦးစိန်မောင်-ဒေါ်ခင်ညွန့်)တို့၏သားထွေး၊ သုံးဆယ်မြို့နေ ဦးမြတ်စိုး-(ဒေါ်မြင့်မြင့်သိန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၄လမ်း၊ ဂရိတ်ဝေါလ်ကွန်ဒို၊ အမှတ် ၅၀၃နေ မောင်ကောင်းခန့်ကျော်၏ဖခင်၊ ဒေါ်စန္ဒာစိုး၏ခင်ပွန်းသည် ၂၉-၉-၂၀၁၈ရက် နံနက် ၈း၄၀နာရီတွင် (ခုတင်-၅၀၀)အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၅-၁၀-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ညို (ချုံမြစားစရာ)
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၄(ဘီ)၊ အောင်မင်းခေါင်ဘုရားလမ်းနေ (ဦးကြည်ညို-ဒေါ်ကြူ)တို့၏သား၊ (ဦးစိန်ဆိုင်-ဒေါ်မြသွင်)၊ (ဦးသောင်းစိန်-ဒေါ်မြအိုး)၊ (ဦးကံစိန်)၊ (ဒေါ်မြပို)၊ ဒေါ်မြပေါတို့၏ညီ/မောင်၊ ဦးတင်စိုး-ဒေါ်နုရှင်၊ (ဦးသန်းစိုး)၊ ဦးဝင်းစိုး-ဒေါ်စန်းကျင်၊ ဒေါက်တာဦးသန်းဦး-ဒေါ်မြမြစိန်၊ ဒေါ်စီစီ၊ ဒေါ်ကြည်ကြည်စိန်၊ ဒေါ်သီတာ၊ (ဦးလှမင်းဦး)-ဒေါက်တာဒေါ်ထွေးထွေးစိန်၊ဦးခင်မောင်ဦး-ဒေါ်မိုးတို့၏ဦးလေး၊ မြေး ၁၃ယောက်၊ မြစ် ၁၁ယောက်၊ တီနှစ်ယောက်တို့၏ ဘိုးဘိုးလေးသည် ၂၉-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လွန်း
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၁၄၃၊ အခန်း(၄/ခ)နေ (ဦးချစ်ခင်-ဒေါ်အုန်းမျှင်)တို့၏သမီး၊ (ဦးအောင်ဖေ)၏ဇနီး၊ (ဦးအုန်းမြိုင်-ဒေါ်စောရှင်)၊ ဦးထွန်းသိန်း-ဒေါ်ညွန့်ညွန့်ရည်၊ (ဦးအေးညီ-ဒေါ်ရှုလွမ်)၊ ဦးစောယုအောင်-(ဒေါ်ကြည်ကြည်မြင့်)၊ ဦးသန့်ဇင် (လ/ထ ညွှန်ကြားရေးမှူး၊ နေပြည်တော် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး) - ဒေါ်စိုးစိုးသွင် (ဒုတိယတိုင်းဒေသကြီး၊ ဥပဒေအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး)တို့၏ချစ်လှစွာသောမိခင်၊ မောင်တင်မောင်လတ်၊ မခင်နန်းမူ၊ မနှင်းဝေဝေစိမ့်၊ မောင်ကျော်ကျော်ဟန်၊ မခင်စောမွန်၊ မသန္တာသိန်း၊ မောင်အောင်ကိုကိုသိန်း၊ မရည်မြတ်မွန်၊ မောင်အောင်မင်း၊ မခင်ခင်အောင်၊ မောင်ဇော်မင်း၊ မောင်ဉာဏ်မင်း၊ မမေဇင်ယု၊ မောင်စောမြင့်မောင်၊ မောင်ကောင်းစည်သူ၊ မောင်ထိန်လင်းလတ်တို့၏အဘွား၊မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၂၈-၉-၂၀၁၈ရက် (သောကြာနေ့) ည ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးနေအောင် အသက်(၇၃)နှစ်
**B.Sc (Forestry)**
**ဒုမန်နေဂျာ(ငြိမ်း)၊ သစ်ထုတ်ဌာန၊ မြန်မာ့သစ်လုပ်ငန်း**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ် ၈၅၉နေ ဦးထွန်းတင်-ဒေါ်မမလေးတို့၏သား၊ ဒေါ်မြင့်မြင့်အေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မင်းဇင်-ဒေါ်ဝေမာထွေး၊ ဦးပြည့်စုံအောင်-ဒေါ်အေးအေးထွန်း၊ ဦးကျော်ဇင်လတ်-ဒေါ်သိမ့်သိမ့်အောင်၊ မရည်ရည်အောင်တို့၏ချစ်လှစွာသောဖခင်၊ (မောင်အောင်ကောင်းမြတ်)၊ မဆုရတီဦး၊ မောင်ဟိန်းထက်နေအောင်၊ မောင်သော်ဟိန်းခန့်တို့၏အဘိုးသည် ၂၉-၉-၂၀၁၈ရက်(စနေနေ့) နံနက် ၈း၂၀ နာရီတွင်ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၈ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးနေအောင် အသက်(၇၃)နှစ်
**B.Sc (Forestry)**
**ဒုမန်နေဂျာ(ငြိမ်း)၊ သစ်ထုတ်ဌာန၊ မြန်မာ့သစ်လုပ်ငန်း**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ် ၈၅၉နေ ဦးထွန်းတင်-ဒေါ်မမလေးတို့၏သား၊ ဦးစစ်ကြည်-ဒေါ်ငွေငွေသန်းတို့၏ညီ၊ ဦးလှမြင့်-ဒေါ်မြင့်သိန်း၊ ဦးလှရီ-ဒေါ်သောင်းကြည်၊ ဦးခင်ထွန်း-ဒေါ်ကျင်လှ၊ဦးကိုကိုနိုင်-(ဒေါ်ကျင်သိန်း)၊ဦးလှကြည်၊ဦးလှငြိမ်းတို့၏အစ်ကိုသည် ၂၉-၉-၂၀၁၈ရက်(စနေနေ့) နံနက် ၈း၂၀နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ဆွေ(မော်ကျွန်း) အသက်(၇၃)နှစ်
**အကောက်ခွန်(ငြိမ်း)**

မော်လမြိုင်ကျွန်းမြို့နယ်နေ(ဦးကိုကိုကြည်-ဒေါ်အေးသိန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၃လမ်း(အောက်)၊ အမှတ် ၆၀၅(B)နေ(ဒုဗိုလ်မှူးကြီးစိုးနိုင်)-ဒေါ်ညွန့်ညွန့်ငွေတို့၏အစ်မ၊ ဗိုလ်မှူးစိုးပိုင်-ဒေါ်ဖွန်သစ်နိုင်(အကောက်ခွန်)၊ဦးစောဆန်သူ(အကောက်ခွန်)-ဒေါ်မြတ်သဇင်နိုင်(အကောက်ခွန်)တို့၏ကြီးကြီး၊ မဖွန်သက်မှူးပိုင်(ပထမတန်း-G၊ အထက-၁၊ ဒဂုံ)၊ မောင်ရဲရင့်နိုင်လင်း (Nurserry-1 NIEC)တို့၏ ဘွားဘွားကြီးသည် ၂၉-၉-၂၀၁၈ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၈ရက်(သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)
နှောင်းခေတ်တေးသံရှင်
## ပုံပမာ ဦးမင်းသူ
**အသက်(၉၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့၊ မန်ကျည်းတန်းရပ်နေ (ဦးဖိုးခ-ဒေါ်မမလေး)တို့၏သား၊(ဦးဖိုးပျော့-ဒေါ်ငွေဖြူ)တို့၏သားသမက်၊(ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ပုသိမ်မြို့နေ ဦးမောင်မောင်အုန်း-ဒေါ်ခင်ငွေသူ၊ (ဦးမောင်မောင်နိုင်)-ဒေါ်ခင်မြင့်သူ၊ (ဦးအောင်သူ)-ဒေါ်စန်းစန်းဝေ၊ ဦးစန်းမြင့်-ဒေါ်မြမြသူ၊ ဦးမျိုးသူ-ဒေါ်ရည်ရည်မွန်၊ ဒေါ်ဝင်းပပသူတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်ကိုးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၆-၉-၂၀၁၈ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ပုသိမ်မြို့ သရေချောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်ခင်မာရီ(ခ)ဒေါ်အမာရီ
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ (ဦးသာထွန်း-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးသိန်း-ဒေါ်သန်းစိန်)တို့၏ချွေးမ၊ ဦးမြင့်ငြိမ်း၏ဇနီး၊ ဒေါ်စန်းမြင့်၊ ဒေါ်အမာနီ၊ ဦးတင်ဝင်း၊ (ဦးမြင့်သိန်း)-ဒေါ်သန်းသန်းဝေ၊ (ဦးဝင်းမြင့်) - ဒေါ်သန်းသန်းအေး၊ (ဦးအောင်နိုင်ဦး)-ဒေါ်နိုင်နိုင်ဦး၊ ဦးလှမြင့်ထွန်း - ဒေါ်မိုးမိုးလှိုင်တို့၏အစ်မ၊ ဒေါ်မင်းမင်းမြတ်၊ ဦးဝင်းထက်အောင်-ဒေါ်တင်တင်ချို၊ ဦးရဲထက်အောင်-ဒေါ်မိုဇာမင်းမောင်တို့၏မိခင်၊ မရွှေဝတီ၏ဘွားဘွားကြီးသည် ၂၉-၉-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ကျိုက္ကဆံအနောက်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၁၉၇၊ အမှတ် ၃ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်စု
**(တရားသူကြီး၊ ငြိမ်း)**
**ဥယျာဉ်ကွင်းကျေးရွာ၊ သံတွဲမြို့**
**အသက်(၇၇)နှစ်**

သံတွဲမြို့နယ်၊ ဥယျာဉ်ကွင်းကျေးရွာနေ (ဦးကျော်ဖေ-ဒေါ်မေလှ)တို့၏သား၊ ဒေါ်ထွေးစိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းအောင်-ဒေါ်ခင်ထွန်းမေ၊ စစ်တွေမြို့နေ ဦးမျိုးဝင်း(ရခိုင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ)-ဒေါ်ယဉ်ယဉ်ငြိမ်းတို့၏ ချစ်လှစွာသောဖခင်၊ မမေမြတ်မွန်၊ မစုမြတ်မွန်၊မအိအိခိုင်၊မောင်အောင်ကောင်းမြတ်တို့၏အဘိုးသည် ၂၉-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ဥယျာဉ်ကွင်းကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁၀-၂၀၁၈ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်မေကြည်
**အငြိမ်းစားငှက်ဖျားရောဂါဆိုင်ရာဆရာဝန်ကြီး**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သီရိရတနာလမ်း/ရိပ်သာ-မိကျောင်းကန်အပိုင်း(၃)၊ အမှတ် ၇နေ ဦးတင်ကြည် (အငြိမ်းစားကုန်သွယ်ရေးမန်နေဂျာ)၏ဇနီး၊ (ဦးကိုကိုဦး)၊ ဦးညီညီမောင်-ဒေါ်စီစီစိုးတို့၏မိခင်၊ မထားအိသော်တာကြည်၊ မသဇင်ဝင်းလဲ့လဲ့တို့၏အဘွားသည် ၂၉-၉-၂၀၁၈ရက်(စနေနေ့) နံနက် ၈း၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုးဝင်း အသက်(၈၁)နှစ်
**စစ်ပြီးခေတ် CENTRAL ကျောင်းသားဟောင်း**
**ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲ(ငြိမ်း)**
**မြန်မာနိုင်ငံဘောလုံးဒိုင်လူကြီးများအဖွဲ့ချုပ်၊ ဒိုင်လူကြီးဟောင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးတောင်ပိုင်းရပ်ကွက်၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ် ၃၄နေ (ဦးစံညွန့်-ဒေါ်အုန်းခင်)တို့၏သား၊ (ဦးလှစံ-ဒေါ်သိန်းမြ)တို့၏သားသမက်၊(ဦးဘသန်း-ဒေါ်လှဦး)တို့၏ညီ/မောင်၊ (ဦးမောင်မြင့်)၊ (ဦးညွန့်တင်) ဒေါ်အေးအေးချို(ခ)ဒေါ်ပြုံး၊ ဦးမျိုးမြင့်(မြန်မာ့စက်မှုဆိပ်ကမ်း၊ MIP)-ဒေါ်ချိုချိုဝင်း၊(ဦးအောင်မြင့်-ဒေါ်ခင်သီတာ)တို့၏အစ်ကို၊ [ဒေါ်ရီရီ (သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြတ်ထွဋ်(မြန်မာ့စက်မှုဆိပ်ကမ်းMIP)-ဒေါ်ခင်မာအေး၊ ဒေါ်နှင်းယုဝင်း(မြန်မာ့စက်မှုဆိပ်ကမ်း၊ MIP)၊ ဦးနေဝင်းထွန်းတို့၏ဖခင်၊ မောင်မြတ်သီဟ Sony International (Singapore)၊ မအိမ့်မြတ်သွယ် [အထက(၃)၊ မင်္ဂလာတောင်ညွန့်၊ ဆဋ္ဌမတန်း)တို့၏အဘိုးသည် ၂၉-၉-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်လတ်(ခ)ဦးရေး (မလက်တိုကျေးရွာ)
**အသက်(၇၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီးနေ(ဦးစံဖေ-ဒေါ်ငွေရင်)တို့၏သား၊ (ဦးဘကြည်-ဒေါ်ကျင်မြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ္ဌ) ရပ်ကွက်၊ ဥဒ္ဒေနာ ၁၀လမ်း၊ အမှတ် ၆၆နေ ဒေါ်တင်တင်ရီ၏ခင်ပွန်း၊ (ဦးကြည်စိန်-ဒေါ်ကြည်ကြည်)၊ (ဦးအောင်အေး-ဒေါ်ဝင်းစိန်)၊ (ဦးစံတင်-ဒေါ်အမာ)၊ (ဦးငွေး-ဒေါ်ထွေးရင်)၊ (ဒေါ်ခင်အေး)တို့၏ညီ/မောင်၊ (ဦးစိုးကျော်ထွန်း)-ဒေါ်ငွေးအောင်တို့၏အစ်ကို၊ ဦးအေးဝင်း(ကျောင်းအုပ်ကြီး၊ ထ-၁၊ တာမွေ)-ဒေါ်မီမီလတ်(မ-၁၈၊ မ/၃)၊ ဦးကိုကိုလတ်(3/O-CSL)-ဒေါ်ကြည်ကြည်လွင်၊ ဦးနိုင်နိုင်လတ်(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သီတာလတ်၊ ဦးညီညီအောင် (Uniteam)-ဒေါ်ဝါဝါလတ်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၉-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်သိန်း အသက်(၇၀)
**(ဈေးကလေး၊ အထက-၂၊ ကြည့်မြင်တိုင်)**

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ တိုက် ၂၆၊ အခန်း ၂၀၄၊ ၁၁လမ်း(ဘီ)နေ(ဦးမောင်ငယ်-ဒေါ်နှင်းလှ)တို့၏သား၊(ဦးအေးတင်-ဒေါ်ထွေး)တို့၏သားသမက်၊ (ဦးရွှေအောင်-ဒေါ်ခင်မြင့်)၊ (ဦးအုန်းကြည်)-ဒေါ်ညိုညိုလွင်၊ (ဦးဝင်းမောင်)-ဒေါ်မြင့်မြင့်ရီတို့၏မောင်/ညီ၊ ဦးလှမြင့်-(ဒေါ်ရင်ရင်သန်း)၊ (ဒေါ်မြနွဲ့)၊ ဦးမျိုးညွန့်-ဒေါ်သန်းသန်း၊ ဦးသက်ထွေးတို့၏ညီ/မောင်/အစ်ကို၊ ဒေါ်ထားထားရီ (လက်/ညွှန်မှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၏ခင်ပွန်း၊ ဦးကျော်သူရ(အကောက်ခွန်)-ဒေါ်အေးအေးအောင်၊ဦးကျော်ဇေယျ(အကောက်ခွန်)-ဒေါ်တင်တင်နွယ်(အကောက်ခွန်)တို့၏ဖခင်၊ မောင်မြတ်စည်သူ၊ မောင်ပိုင်ဟိန်းကျော်၊ မမြတ်သီဂီတို့၏အဘိုးသည် ၂၈-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၉-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းရီ
**အသက်(၇၀)**

ဦးလှမောင်၏သမီး ဒေါ်ခင်သန်းရီသည် ၂၉-၉-၂၀၁၈ရက်တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ် ၂၁၉ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ရက် ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းတင်(ခ)ဒေါ်ကွန်သေး (မုဒုံ-တော်ကူး)
**အသက်(၇၉)နှစ်**

မော်လမြိုင်၊ မုဒုံမြို့နယ်၊ တော်ကူးကျေးရွာနေ (ဦးစိန်-ဒေါ်သိန်းထည်)တို့၏သမီး၊ (ဒေါ်သိန်းကြင်)၊ဒေါ်ကြည်လေး၊(ဒေါ်ဖွားကြည်)တို့၏ညီမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၁၁၃၄နေ (ဦးအုန်းဖေ)၏ဇနီး၊ ဦးထွန်းဦး၊ ဆရာဦးမျိုးအောင်-ဆရာမဒေါ်မိမိခိုင်၊ ဒေါ်မူမူခိုင်၊ ဒေါ်စိုးစိုးခိုင်၊ ဦးအောင်နိုင်ဦး-ဒေါ်ဇာခြည်သိမ့်(Fashion Designer)၊ ဒေါ်မြင့်မြင့်ခိုင်(KHAING-ကွန်ပျူတာ၊ ပုံနှိပ်လုပ်ငန်းစု)တို့၏မိခင်၊ မယဉ်မျိုးသွယ်၊ မပွင့်ရတီမျိုးတို့၏အဘွားသည် ၂၈-၉-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ဇော်ဝင်း (ဖန်းမော်မြို့)
**အသက်(၆၄)နှစ်**

ဖန်းမော်မြို့၊ မင်းကုန်းရပ်နေ (ဦးတင်စော-ဒေါ်ကြင်မြိုင်)တို့၏သား၊ နောင်ခိုရပ်နေ (ဦးသိန်းမောင်)-ဒေါ်စိန်နုတို့၏သားသမက်၊ ဒေါ်ချိုချိုတင်၊ (ဦးဝင်းမြင့်စော)တို့၏ညီ/မောင်၊ ဦးအောင်နိုင်ဝင်း၊ (ဦးအောင်ကျော်မင်း)၊ ဦးအောင်မော်လင်း၊ ဦးအောင်ကျော်သူ၊ (ဦးအောင်ဖြိုးလွင်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၂၀ (ခြောက်လွှာ-အေ)နေ ဒေါ်ပြုံးကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစည်သူသန်း-ဒေါ်ဖွန့်သန္တာဇော်၊ ဦးရဲထွဋ်ဇော်တို့၏ချစ်လှစွာသောဖခင်၊ မောင်ဉာဏ်လင်းထွန်း၊ မောင်ဘုန်းမြတ်စည်သူတို့၏အဘိုးသည် ၂၈-၉-၂၀၁၈ရက်(သောကြာနေ့) ည ၇း၃၆နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၈ ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (သီတာလမ်းနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
## ဦးသိန်းဝင်း
**ခေတ္တ-စင်ကာပူ၊ KTC CIVIL ENGINEERING & CONSTRUCTION PTE LTD**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေလမ်း ၂၀အရှေ့၊ အမှတ် ၂၂နေ ဦးညို-ဒေါ်လှသောင်းတို့၏သား၊ (ဦးကျော်မြင့်-ဒေါ်အုန်းရွှေ)တို့၏သားသမက်၊ (ဦးအုန်းထွန်း)-ဒေါ်ခင်ဝင်းတို့၏ညီ/မောင်၊ ကိုမျိုးထွန်း-မတင်တင်မာ၊ (ကိုကျော်ဝင်းနိုင်)-မကေသီမြင့်၊ ကိုတင်မောင်အေး-မအိခိုင်တို့၏အစ်ကို၊ ဒေါ်မိုးမိုးကျော်၏ချစ်လှစွာသောခင်ပွန်း၊ မောင်မိုးထက်ကျော်၏ဖခင်သည် ၂၈-၉-၂၀၁၈ရက်(သောကြာနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းစိုး
**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**
**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ ၇လမ်းနေ (ဦးရဲညွန့်)-ဒေါ်အေးကြိုင်တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်နေ (ဦးသန်းတင်)-ဒေါ်နော်ဖေလေးလေးတို့၏သားသမက်၊ ဦးကြည်လင်-ဒေါ်အေးညွန့်တို့၏မောင်၊ ကိုအောင်စိုးမိုး-မအေးအေးခိုင်၊ မလေးလေးမြိုင်၊ ကိုစိုးဟိန်း၊ ဦးမိုးဝင်းစိုး(ပြည်တွင်းအခွန်)-မတင်တင်ထွေး၊ ကိုထက်အောင်တို့၏အစ်ကို၊ တိုက် ၁၃၉၊ အခန်း ၀၃၊ ခရေအိမ်ရာနေ မခင်သက်မွန်၏ဖခင်၊ ဒေါ်နော်ကြူကြူခိုင်(လ/ထ ညွှန်မှူး၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)၏ချစ်လှစွာသောခင်ပွန်းသည် ၂၈-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး (၁၀) ကြိမ်မြောက် အာရှ-ပစိဖိတ် နိုင်ငံတကာဥပဒေဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




စက်တင်ဘာ ၂၆ ရက်က (၁၀) ကြိမ်မြောက် အာရှ-ပစိဖိတ် နိုင်ငံတကာဥပဒေဖိုရမ်သို့ တက်ရောက်လာကြသည့် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဥပဒေပညာရှင်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗိုစတုတ်မြို့၌ စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်သည့် (၁၀) ကြိမ်မြောက် အာရှ-ပစိဖိတ် နိုင်ငံတကာဥပဒေဖိုရမ် (10th Asia-Pacific International Legal Forum) သို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် အဆိုပါ အာရှ-ပစိဖိတ် နိုင်ငံတကာဥပဒေဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ၊ အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ဆက်လက်ကျင်းပသည့် ပထမနေ့ ဆွေးနွေးပွဲအစီအစဉ်၌

စာမျက်နှာ ၄ ကော်လံ ၅ ❖

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲ ယနေ့ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၃၀ ရက် (**ယနေ့**) ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်း



ရန်ကုန်နှင့် ဟံသာဝတီအသင်း အမှတ်ပေးပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ- စိုးညွန့်

ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းနှစ်သင်းသည် ဗိုလ်လုပွဲအဆင့်တွင် ပထမဆုံးတွေ့ဆုံခြင်းဖြစ်ပြီး ရှုံးထွက်ပြိုင်ပွဲတွင် အောင်မြင်မှုနှင့် ဝေးကွာနေမှုကို အဆုံးသတ်ရမည်ဖြစ်သည်။ ရှုံးထွက်ပြိုင်ပွဲအစကာလတွင် ဗိုလ်စွဲခဲ့သည့်အသင်းများ တွေ့ဆုံခြင်းဖြစ်ပြီး ချန်ပီယံဆုကို ၂၀၁၀ ပြည့်နှစ်တွင် ဟံသာဝတီအသင်း၊ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်အသင်းက ရယူထားသည်။ ဟံသာဝတီအသင်းသည် ၂၀၁၀ ရာသီတွင် ရှုံးထွက်ချန်ပီယံဆု ရပြီးနောက်ပိုင်း အောင်မြင်မှုနှင့် ဝေးကွာလျက်ရှိပြီး ယခုရာသီတွင် ဒုတိယအကြိမ်မြောက် ချန်ပီယံဆုရယူနိုင်ရန် မျှော်လင့်ချက်ရှိလာခြင်း ဖြစ်သည်။ ရန်ကုန်အသင်းသည် ယခုရာသီတွင် အမှတ်ပေးချန်ပီယံဆု ဆွတ်ခူးထားပြီး ရှုံးထွက်ချန်ပီယံဆု ထပ်မံရယူနိုင်ပါက တစ်ရာသီအတွင်း ဖလားနှစ်လုံးရရှိမည် ဖြစ်သည်။ နှစ်သင်းစလုံးတွင် ဒဏ်ရာပြဿနာကင်းစင်လျက်ရှိပြီး ဟံသာဝတီနောက်ခံလူ ထူးနေအောင် တစ်ဦးတည်းသာ ပွဲပယ်ခံထားရသည်။ ထို့ကြောင့် နှစ်သင်းစလုံး အင်အားအပြည့်ဖြင့် ချန်ပီယံဆုရရေး ကြိုးပမ်းဖွယ်ရှိနေသည်။ ဟံသာဝတီအသင်းတွင် တိုက်စစ်မှူးများဖြစ်သည့် ဂျိုးဇက်နှင့် မတ်ခ်ဆာကီတို့ ခြေစွမ်းပြနေပြီး ရန်ကုန်အသင်းအနေဖြင့် ဟံသာဝတီတိုက်စစ်ကို ထိန်းချုပ်နိုင်မှသာ

စာမျက်နှာ ၁၂ ကော်လံ ၅ ✳

# မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်မှုစတင်ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၂၉**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲနှင့် အောက်တိုဘာလတွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ရန် စက်တင်ဘာ ၂၈ ရက် ညနေပိုင်းမှစ၍ လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၂၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် ရန်ကုန်အသင်းမှ ကစားသမားများမှာမူ အောက်တိုဘာ ၁ ရက်မှ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်ပြီး ထိုင်းလိဂ်၌ သွားရောက်ကစားနေသည့် အောင်သူနှင့် ကောင်းဆက်နိုင်မှာမူ နောက်ကျမှ ပူးပေါင်းနိုင်မည်ဖြစ်ကာ ကျန်ကစားသမားများ လာရောက်လေ့ကျင့်ခဲ့သည်။ မြန်မာ့ လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁ ရက်မှသာ လူစုံနီးပါး လေ့ကျင့်နိုင်မည်ဖြစ်ပြီး အောင်သူမှာမူ အင်ဒိုနီးရှားနှင့် ခြေစမ်းပွဲမတိုင်မီ ရက်ပိုင်းအလိုမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ အောက်တိုဘာ ၁၀ ရက်တွင် အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၃ ရက်တွင် ဘိုလစ်ဗီးယားလက်ရွေးစင်အသင်းနှင့် အိမ်ကွင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကာတာနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်မည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲ ခုနစ်ပွဲ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ◆



မြန်မာ့ လက်ရွေးစင် အသင်း စက်တင်ဘာ ၂၈ ရက်က လေ့ကျင့်မှု ပြုလုပ်နေစဉ်။ ဓာတ်ပုံ- စိုးညွန့်

GRAND HANTHA INTERNATIONAL HOSPITAL

GREEN. GRAND. CARE FOR THE PEOPLE

စင်္ကာပူနိုင်ငံမှ

အရိုး၊ အကြော၊ အဆစ် ခွဲစိတ်အထူးကုဆရာဝန်ကြီး

Dr. Chin Pak Lin

M.B.,B.S (Singapore), MRCSEd, M.Med (Ortho), FRCSEd (Ortho)

(၁၂.၁၀.၂၀၁၈)နှင့် (၁၃.၁၀.၂၀၁၈) နေ့များတွင် နံနက် (၉း၃၀)နာရီမှစ၍

စင်္ကာပူနိုင်ငံမှ

အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ အထွေထွေနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး

Dr. Tan Kai Chah (Dr. K C Tan)

D.P.M.P., MBBS (MAL), FRCS (EDIN), FAMS Surgeon

(၂၇.၁၀.၂၀၁၈) ရက်နေ့ နံနက် (၉း၃၀)နာရီမှစ၍

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် ပြင်ပလူနာများကို တိုင်ပင်ဆွေးနွေး ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284